# ကြေးမုံ The Mirror Daily

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ သောကြာနေ့။ Friday, 4 March 2022 ၁၀၆၆၇


**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည်လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည်လည်းကောင်း ချမ်းသာ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ထိုင်း-မြန်မာနှစ်နိုင်ငံ နယ်စပ်ဒေသတွင် ဘတ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေမှု ဆောင်ရွက်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အမိန့်ကြော်ငြာစာအမှတ် ၅ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၃ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၇ နှင့် ပုဒ်မ ၂၂ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

၂။ ထိုင်း-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုကို တိုးမြှင့်နိုင်ရန်နှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ချောမွေ့စေရန်၊ နှစ်နိုင်ငံငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် လွယ်ကူချောမွေ့စေရန်နှင့် ASEAN Financial Integration ၏ ရည်ရွယ်ချက်များနှင့်အညီ ပြည်တွင်းငွေကြေးသုံးစွဲမှုကို တိုးမြှင့်ရန်တို့အတွက် ရည်ရွယ်၍ ထိုင်း-မြန်မာနှစ်နိုင်ငံ နယ်စပ်ဒေသတွင် ဘတ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေမှုကို ဆောင်ရွက်ခွင့်ပြုလိုက်သည်။

၃။ ဘတ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေမှုကို ဆောင်ရွက်ခွင့်ရသည့်ဘဏ်(Designated Bank)များတွင် နယ်စပ်ကုန်သွယ်မှု ဆောင်ရွက်မည့် သွင်းကုန်တင်သွင်းသူများနှင့် ပို့ကုန်တင်ပို့သူများ၏ ဘတ်စာရင်းဖွင့်လှစ်ခွင့်ပြုသည်။

၄။ သို့ဖြစ်၍ ဆောင်ရွက်ခွင့်ပြုသည့် Designated Bank များသည် ထိုင်း-မြန်မာ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုတွင် ဘတ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေရေးလုပ်ငန်းစဉ်များဆိုင်ရာလမ်းညွှန်ချက် (Guideline) အား လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

သန်းညွန့်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်



ပြည်သူ့အငှားအိမ်ရာစီမံကိန်း(ရန်ကုန်) ပထမအဆင့်ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

# ပြည်သူ့အငှားအိမ်ရာစီမံကိန်း(ရန်ကုန်)တည်ဆောက်မှု ယခုလကုန်ပိုင်းတွင် ၇၂ ရာခိုင်နှုန်းပြီးစီးမည်

ရန်ကုန် မတ် ၃

ပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် ဝင်ငွေနည်းပြည်သူများ နေထိုင်ရေး အဆင်ပြေစေရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ လူဦးရေအများဆုံးနေထိုင်သည့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လေးထောင့်ကန်ကျေးရွာအနီး အမှတ်(၇)လမ်းမကြီးပေါ်၌ ပြည်သူ့အငှားအိမ်ရာစီမံကိန်း(ရန်ကုန်)ကို ဆောင်ရွက်လျက်ရှိရာ ယခုလကုန်ပိုင်းတွင် ပထမအဆင့်ဆောင်ရွက်နေမှု ၇၂ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

**ယနေ့** ဖတ်စရာ



**ဆောင်းသီးနှံ နေကြာဆီနှင့် ကျန်းမာရေး**
ဆောင်းပါး စာမျက်နှာ » ၆

**ယနေ့လူငယ်နှင့် မြန်မာ့ယဉ်ကျေးမှု**
ဆောင်းပါး စာမျက်နှာ » ၁၁

**မညှိုးသော၊ မနွမ်းသော၊ မမွေးသော**
ဆောင်းပါး စာမျက်နှာ » ၁၆

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈၁၉ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၈ ဒသမ ၄၃ ရာခိုင်နှုန်းရှိ**
စာမျက်နှာ » ၁၈

**ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ ပြည်ပသို့ တိုးချဲ့တင်ပို့နိုင်ရေး အတွက် မဟာဗျူဟာ**
ဆောင်းပါး စာမျက်နှာ » ၁၉



ကြေးမုံ

# နိုင်ငံအချုပ်အခြာအာဏာကို အခိုင်အမာရပ်တည်ကာကွယ်

မြန်မာနိုင်ငံအား ဂမ်ဘီယာနိုင်ငံက အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)၌ ၁၉၄၈ ခုနှစ် လူမျိုးတုံးစေမှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံတကာ သဘောတူစာချုပ်အား ကျူးလွန်ဖောက်ဖျက်သည်ဟု စွပ်စွဲချက်ဖြင့် တရားစွဲဆိုထားခြင်းနှင့်ပတ်သက်၍ ICJ တရားရုံးတွင် တရားစီရင်ပိုင်ခွင့်မရှိကြောင်း၊ ဂမ်ဘီယာနိုင်ငံအနေဖြင့်လည်း တရားစွဲဆိုခွင့်မရှိကြောင်း ကနဦးကန့်ကွက်လွှာကို မြန်မာနိုင်ငံက အပြည်ပြည်ဆိုင်ရာတရားရုံးသို့ တင်သွင်းခဲ့ပြီး ကန့်ကွက်လွှာနှင့်ပတ်သက်သည့် ကြားနာမှုကို နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့တွင် ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ ၂၈ ရက်နေ့အထိ ပြုလုပ်ခဲ့သည်။

အဆိုပါကြားနာပွဲသို့ မြန်မာနိုင်ငံမှ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ICJ အနေဖြင့် ဥပဒေကြောင်းအရ ထိုအမှုကို လက်ခံကြားနာစစ်ဆေးခွင့်မရှိကြောင်း လျှောက်လဲရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံကိုယ်စားပြု နိုင်ငံတကာရှေ့နေများကလည်း မြန်မာနိုင်ငံကတင်သွင်းခဲ့သည့် ကနဦးကန့်ကွက်ချက်များနှင့်ပတ်သက်၍ တရားရုံးသို့ ခိုင်မာသောအချက်အလက်များဖြင့် ပြတ်ပြတ်သားသား တင်ပြလျှောက်လဲခဲ့ကြသည်ကို မြင်တွေ့ကြားသိရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ကနဦးကန့်ကွက်ချက်များအား အပြည်ပြည်ဆိုင်ရာတရားရုံး ICJ တွင် တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် ရဲဝံ့ပြတ်သားစွာဆောင်ရွက်ခဲ့ကြသော မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်သူများက ဂုဏ်ယူဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ကနဦးကန့်ကွက်လွှာဆိုင်ရာ ကြားနာပွဲသို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသောအချိန်တွင် အခိုက်အတန့်တွေ့လိုက်ရသောမြင်ကွင်းများမှာ အားတက်စရာဖြစ်သည်။ ရဟန်းရှင်လူပြည်သူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံများအားကိုင်ဆောင်၍ အားတက်သရော ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ကြသည့် မြင်ကွင်းများကို ကြည့်မည်ဆိုလျှင် နိုင်ငံသူ နိုင်ငံသားများက မိမိနိုင်ငံနှင့်မိမိလူမျိုးအပေါ် ထိပါးစော်ကားလာသော၊ ထိခိုက်နစ်နာအောင်ပြုလုပ်လာသော၊ မိမိနိုင်ငံ ပြည်တွင်းရေးကို စွက်ဖက်လာသော တိုင်းတစ်ပါးမှ မည်သူ့ကိုမဆို လက်မခံဆန့်ကျင်သွားမည်ဆိုသည့် မဟုတ်မခံ၊ အထိမခံသည့် မျိုးချစ်စိတ်ဓာတ်ထက်သန်သော မြန်မာတို့၏ အမျိုးသားရေးစိတ်ဓာတ်များကို ထင်ရှားပေါ်လွင်စွာ တွေ့ရမည်ဖြစ်သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့်လည်း ဝေးလံသည့်တိုင်းတစ်ပါးနိုင်ငံသို့ သွားရောက်ရှင်းလင်းခဲ့သည့် ကာလအတွင်း တိုင်းပြည်၏ အချုပ်အခြာအာဏာနှင့် ပြည်သူပြည်သားများ၏ အကျိုးစီးပွားကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ကြိုးပမ်းကာကွယ်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နိုင်ငံတကာက အသိအမှတ်ပြုထားသော ဥပဒေတို့နှင့်အညီ အခြေအမြစ်မရှိ တရားစွဲဆိုခဲ့သည့် ဂမ်ဘီယာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာတရားရုံးတို့အား မြန်မာကိုယ်စားလှယ်အဖွဲ့က အချက်ကျကျ တုံ့ပြန်ရှင်းလင်းချေပခဲ့သည်တို့မှာ နိုင်ငံအတွက် များစွာအားတက်ဖွယ်ရာဖြစ်စေခဲ့သည်။ ထို့အပြင် နိုင်ငံတကာတရားရုံးတွင်ချေပခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် ကိုယ်စားလှယ်အဖွဲ့အား သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည့် မြန်မာတို့၏ အားမာန်များသည် တိုင်းပြည်အတွက် ခွန်အားများဖြစ်စေပါသည်။

အမှန်တကယ်တွင် တရားစွဲနိုင်ခွင့်အခြေအနေများ မရှိမှန်းသိပါသော်လည်း၊ တိုင်းပြည်တစ်ပြည်ကို ပျက်စီးထိခိုက်အောင် လုပ်ဆောင်နိုင်စွမ်းမရှိပါသော်လည်း မြန်မာနိုင်ငံကို နိုင်ငံတကာအလယ်တွင် အရှက်တကွဲဖြစ်အောင်၊ ဂုဏ်သိက္ခာကျအောင် တမင်သက်သက်ပြုလုပ်ခြင်းသာဖြစ်ပေသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခကိုအကြောင်းပြု၍ လူမျိုးတုံးစေမှုဟု မဟုတ်မမှန်စွပ်စွဲချက်များ၊ မမှန်မကန်သတင်းအချက်အလက်များဖြင့် မြန်မာ့အချုပ်အခြာအာဏာထိခိုက်စေအောင် ကြံစည်ဆောင်ရွက်နေကြသည်မှာ ကြာပြီဖြစ်သည်။ ယခုလည်း တရားစွဲဆိုပိုင်ခွင့်မရှိသည်ကို အရှိလုပ်၍ မြန်မာနိုင်ငံနှင့်မြန်မာလူမျိုးတို့၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်ရှိရှိ ဖန်တီးနေသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတွင် မြန်မာနိုင်ငံ ပြိုကွဲပျက်စီးစေရန်အတွက် ပြည်တွင်း၌ မိသားစုအချင်းချင်း သွေးခွဲပေးပြီး ပြည်ပမှဖိအားအမျိုးမျိုးပေးကာ ကြံစည်အားထုတ်လုပ်ကိုင်မှုများကို အစဉ်အဆက်တွေ့မြင်ရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မြန်မာတို့၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့သည် ငုပ်လျှိုးမနေဘဲ၊ ညှိုးမှိန်မနေဘဲ အစဉ်အမြဲတက်ကြွ၍ နိုင်ငံကို ထိပါးလာမှုမှန်သမျှကို တွဲလက်ခိုင်မြဲစွာဖြင့် ကာကွယ်သွားနိုင်မည်ဖြစ်သည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူများ၏ တွဲလက်များနှင့် အားမာန်များ ခိုင်မြဲနေသည်ကို မြင်တွေ့နေပြီဖြစ်ပါကြောင်း။ ။

## (၇၇)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။

၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများဖူလုံရေးလုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသားပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော်တည်ဆောက်ရေး။

## ရထားလုံးကော်ဖီ ထုတ်လုပ်ဖြန့်ဖြူးရေးနှင့် စက်မှုကုန်ထုတ်သမဝါယမအသင်းလီမိတက်က သဘာဝကော်ဖီများထုတ်လုပ်



ပြင်ဦးလွင် မတ် ၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် နောင်လှိုင်ကျေးရွာအုပ်စု မှိုင်းလုံးကျေးရွာရှိ ရထားလုံးကော်ဖီ ထုတ်လုပ်ဖြန့်ဖြူးရေးနှင့် စက်မှုကုန်ထုတ်သမဝါယမအသင်းလီမိတက်မှ သဘာဝကော်ဖီသီးနှံများကို စိုက်ပျိုးပြီး ထွက်ရှိလာသောကော်ဖီစေ့များကို ကြိတ်ခွဲ၍ သန့်ရှင်းပြီး အရသာကောင်းမွန်သော အသင့်သောက်သုံးနိုင်သည့် 3 in 1 ကော်ဖီထုပ်များ တစ်ပိုင်တစ်နိုင် ထုတ်လုပ်လျက်ရှိသည်။ ထို့ပြင် အသင်းမှ သဘာဝကော်ဖီမှုန့်များအပြင် ဟင်းခတ်မှုန့်နှင့် သဘာဝဖြည့်စွက်စာများကိုပါ ထုတ်လုပ်ပြီး ရန်ကုန်၊ ပြင်ဦးလွင်၊ ပုသိမ်၊ မအူပင်နှင့် မြစ်ကြီးနားမြို့များသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃ - ၃-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၁၀၀ | ၁,၆၇၀ | ၁၃,၆၆၇,၀၀၀ |
| MTSH | ၃,၀၀၀ | ၂,၉၀၀ | ၃,၁၀၇ | ၉,၀၁၅,၇၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၁၀၀ | ၇၈၀,၀၀၀ |
| FPB | ၁၉,၀၀၀ | ၁၉,၀၀၀ | ၃၇၅ | ၇,၁၂၅,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၁,၈၀၀ | ၄,၈၆၀,၀၀၀ |
| EFR | ၂,၉၀၀ | ၂,၉၀၀ | ၆ | ၁၇,၄၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၆၅ | ၃၂၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၇၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၇၀.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၈၁.၃၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၄.၅၂၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၄.၇၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၄၃၀ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၉၈.၃ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၀၈.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၃၆.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၇.၃၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း ဒသမအကြိမ် နှစ်ပတ်လည်အထွေထွေမျက်နှာစုံညီအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၃**

ဒသမအကြိမ်မြောက် မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း နှစ်ပတ်လည်အစည်းအဝေးကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် Virtual စနစ်ဖြင့် ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ယနေ့ ကျင်းပသည့် အစည်းအဝေးသည် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်သော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများအသင်း၏ တစ်နှစ်တွင် တစ်ကြိမ်သာ ကျင်းပသော နှစ်ပတ်လည်အစည်းအဝေးဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသည် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ၂၀၀၇ ခုနှစ် ဧပြီ ၅ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းခဲ့ကာ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ နည်းဥပဒေများကိုလည်း ထုတ်ပြန်ထားပြီးဖြစ်ကြောင်း။

**ခွင့်ပြုထားရှိပြီးဖြစ်**

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေနှင့်အညီ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရန်၊ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် အစိတ်အပိုင်းတစ်ရပ်အဖြစ် စနစ်တကျ ပါဝင်ဆောင်ရွက်နိုင်စေရန်၊ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ပုဂ္ဂလိကကဏ္ဍ၏ စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာ အသုံးပြုနိုင်စေရန်၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ တည်ထောင်ဖွင့်လှစ်ခြင်းအားဖြင့် ပြည်သူများက မိမိတို့၏ ကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် စိတ်ကြိုက်ရွေးချယ်ခွင့်ရရှိစေရန်နှင့် ပြည်သူများအတွက် မျှတသောစရိတ်ဖြင့် အရည်အသွေးမြင့်မားသည့် ဝန်ဆောင်မှုပေးနိုင်စေရန်နှင့် တာဝန်ခံမှုရှိစေရန်တို့အတွက် ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အနေဖြင့် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ပြီး ကိုက်ညီမှုရှိသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများကို လိုင်စင်ထုတ်ပေးလျက်ရှိရာ ပုဂ္ဂလိကဆေးရုံ ၂၅၉ ရုံအား လုပ်ငန်းလိုင်စင်များ ခွင့်ပြုထားရှိပြီးဖြစ်ပါကြောင်း။



ကျန်းမာရေးဝန်ကြီးဌာနသည် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ အရည်အသွေးပြည့်ပြီး ပြည်သူများအတွက် မျှတသောစရိတ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရေး စစ်ဆေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသဖြင့် တိုင်းဒေသကြီး/ပြည်နယ် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီအဆင့်ဆင့်အနေဖြင့် အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြဋ္ဌာန်းထားသောဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း မရှိပါက ဥပဒေနှင့်အညီ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ရောဂါ ရှာဖွေရေးလုပ်ငန်း၊ ကာကွယ်ကုသရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ပုဂ္ဂလိကဆေးရုံနှင့် ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းများတွင် ကိုဗစ်-၁၉ Test & Care ၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်းများကိုလည်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များနှင့်အညီ စိစစ် ခွင့်ပြုလျက်ရှိရာ ကိုဗစ်-၁၉ Test & Care အတွက် ပုဂ္ဂလိကဆေးရုံနှင့် ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများ ၃၉ ခုရှိပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ရန် ပုဂ္ဂလိက ဆေးရုံ/ဆေးခန်း ၃၆ ခုကို ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒနှင့်အညီ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအား ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ထောက်ပံ့ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းအနေဖြင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ၏ အရည်အသွေး ထိန်းသိမ်းမြှင့်တင်ခြင်းနှင့် ပြည်သူများအတွက် မျှတသောစရိတ်ဖြင့် အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်ကို ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း အထက်မြန်မာပြည်ဥက္ကဋ္ဌနှင့် အောက်မြန်မာပြည်ဥက္ကဋ္ဌတို့က ၂၀၂၁ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာများကို တင်သွင်းဖတ်ကြားကြပြီး ၂၀၂၂-၂၀၂၄ ခုနှစ် သက်တမ်းအတွက် အသင်း၏အလုပ်အမှုဆောင်၊ ဗဟိုအလုပ်အမှုဆောင်နှင့် ဥက္ကဋ္ဌအသစ်အား ရွေးချယ်တင်မြှောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါအစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူး(ပုဂ္ဂလိက ကျန်းမာရေး)နှင့် မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း (အထက်မြန်မာပြည်၊ အောက်မြန်မာပြည်) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက Virtual စနစ်ဖြင့် တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

**✻ ရှေ့ဖုံးမှ**

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၂)လမ်းနှင့် မြို့ပတ်လမ်းဆုံမှ သရက်ပင်ချောင်း ရွာသွားလမ်းရှိ မြေဧရိယာ ၁၇၁ ဧကပေါ်၌ တည်ဆောက်လျက်ရှိသော ပြည်သူ့အငှားအိမ်ရာ စီမံကိန်း(ရန်ကုန်)ကို နိုင်ငံတော် အစိုးရဘဏ္ဍာငွေဖြင့် အကုန်ကျခံ ဆောင်ရွက်နေခြင်းဖြစ်ပြီး အဆင့်မြင့် နေအိမ်တိုက်ခန်းများအား တိုင်းဒေသကြီး အတွင်းရှိ အိမ်ရာမဝယ်ယူနိုင်သေးသည့် ဝင်ငွေနည်း ပြည်သူများ၊ အငြိမ်းစား ဝန်ထမ်းများ၊ အငြိမ်းစားယူရန် နီးကပ်နေသည့် ဝန်ထမ်းများ၊ ဝင်ငွေနည်းကုမ္ပဏီ ဝန်ထမ်းများ ငှားရမ်းနေထိုင်နိုင်ရေး အဆင်ပြေစေရန် ရည်ရွယ်၍ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်နေခြင်း ဖြစ်သည်။

**၃၁၀၄ ခန်း ပါဝင်မည်ဖြစ်**

အဆိုပါ ပြည်သူ့အငှားအိမ်ရာစီမံကိန်း (ရန်ကုန်)အတွင်းရှိ အဆောက်အအုံများကို မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အသင်းချုပ်(MCEF)နှင့် မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများ အသင်းချုပ် (MLCA)တို့က အဆောက်အအုံ ၉၇ လုံးစီဖြင့် စုစုပေါင်း အဆောက်အအုံ ၁၉၄ လုံးကို တာဝန်ယူဆောက်လုပ်သွားမည်ဖြစ်ပြီး အဆင့်မြင့်နေအိမ် တိုက်ခန်းပေါင်း ၃၁၀၄ ခန်းပါဝင်မည်ဖြစ်ကြောင်း သိရသည်။ နေအိမ်တိုက်ခန်းတစ်ခန်းလျှင် အကျယ်အဝန်း ၆၀၀ စတုရန်းပေရှိသော အဆင့်မြင့် နေအိမ်တိုက်ခန်းပေါင်း ၁၆ ခန်း ပါဝင်သည့် လေးခန်းတွဲ ငါးထပ်အဆောက်အအုံများကို ဆောက်လုပ်သွားမည်ဖြစ်သည်။ အိမ်ရာသာယာရေးအတွက် မြေညီထပ်များကို အများသုံးဧရိယာအဖြစ် သတ်မှတ်ကာ ခြေတံရှည်အလွတ်ထားရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးချုပ် ဦးမျိုးမြင့်ထံမှ သိရသည်။



ပြည်သူ့အငှားအိမ်ရာစီမံကိန်း(ရန်ကုန်) ပထမအဆင့် ဆောင်ရွက်ပြီးစီးနေမှုကို တွေ့ရစဉ်။

**ပြင်ဆင်ဆောင်ရွက်နေ**

“ကားလမ်း၊ ရထားလမ်းနဲ့ နီးပြီး လမ်းပန်းဆက်သွယ်ရေးကောင်းတဲ့မြို့ပတ်လမ်းနဲ့ အမှတ်(၂)လမ်း ဆုံတဲ့နေရာမှာ ပြည်သူ့အငှားအိမ်ရာ စီမံကိန်း(ရန်ကုန်)ကို ဆောင်ရွက်နေတာဖြစ်တာကြောင့် အငှားအိမ်ရာ တည်ဆောက်ပြီးစီးတဲ့အခါမှာလည်း ပြည်သူတွေလျှောက်ထားရမယ့်ပုံစံနဲ့ သတ်မှတ်ပေးမယ့်အငှားလစာအတွက်ကို တာဝန်ရှိသူတွေအနေနဲ့ ပြင်ဆင်ဆောင်ရွက်နေဆဲပဲဖြစ်ပါတယ်။ ပြည်သူ့အိမ်ရာ စနစ်ဆိုတဲ့အလျောက် ဝန်ထမ်းတွေရော ရိုးရိုးပြည်သူတွေအနေနဲ့ ပြည်သူ့အငှားအိမ်ရာ ငှားရမ်းဖို့အတွက်ကို လျှောက်ထားနိုင်ကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းချုပ်အနေနဲ့လည်း အဆောက်အအုံ ၉၇ လုံးကို တာဝန်ယူတည်ဆောက်နေတာမို့ မတ်လကုန်ပိုင်းမှာတော့ အဆောက်အအုံအလုံးအရေအတွက် ၂၀ နှင့် ၃၀ ကြားတည်ဆောက်ပြီးစီးမှာဖြစ်ပါတယ်” ဟု ဦးမျိုးမြင့်က ပြောသည်။

ထို့ပြင် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ အသင်းချုပ် (MCEF)၊ မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းချုပ် (MLCA) နှင့် မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း (MDA)တို့ ပူးပေါင်း၍ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ အဆောက်အအုံ ၂၈ လုံးနှင့် မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း(MDA)မှ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်အနီး ရှင်တော်ကုန်းကျေးရွာ၌ အဆောက်အအုံ ၉၁ လုံးဖြင့် စုစုပေါင်း အဆောက်အအုံ ၁၁၉ လုံးကို တာဝန်ယူ ဆောက်လုပ်သွားမည်ဖြစ်ရာ အဆင့်မြင့် နေအိမ်တိုက်ခန်းပေါင်း ၁၉၀၄ ခန်း ပါဝင်မည်ဖြစ်သောကြောင့် ပြည်သူ့အငှားအိမ်ရာစီမံကိန်း(ရန်ကုန်)ရှိ စုစုပေါင်း အဆောက်အအုံ ၁၉၄ လုံးအတွက် အဆင့်မြင့်နေအိမ်တိုက်ခန်း ၃၁၀၄ ခန်း အပါအဝင် စုစုပေါင်း အဆင့်မြင့်နေအိမ်တိုက်ခန်း ၅၀၀၈ ခန်းကို ဆောက်လုပ်လျက်ရှိကြကြောင်း သိရသည်။

**သတင်း - ပွင့်သစ္စာ**
**ဓာတ်ပုံ - စိုးမြင့်အောင်**

---

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် မတ် ၃**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၇၇၅ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၈၉၀ မိုင်ခန့်၊ သီရိလင်္ကာနိုင်ငံ ထရီကိုမာလီမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၃၀ ခန့်၊ အိန္ဒိယနိုင်ငံ နာဂါပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၃၈၅ မိုင်ခန့်၊ ပူဒူချယ်ရီမြို့၏ တောင်-အရှေ့တောင်ဘက်ရေမိုင် ၄၄၅ မိုင်ခန့်နှင့် ချင်းနိုင်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၄၉၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# တိုင်းပြည်ငြိမ်းချမ်းမှုရှိမှ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်
# တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် ဆွေးနွေးမှုများကို ပြန်လည်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် မတ် ၃**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်နှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့သည် မတ် ၂ ရက်တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသို့ စစ်ဆေးပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် မန္တလေးမြို့ ၆၃ လမ်း၊ သိပ္ပံလမ်းနှင့် ချယ်ရီလမ်းကြားရှိ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးအတွင်း မိုးတွင်းကာလ ရေဝင်ရောက်မှုကို ကာကွယ် ထိန်းသိမ်းရန် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန်လျာထားသည့် အုတ်တံတိုင်းကာရန် ခြင်းလုပ်ငန်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းပြုလုပ်ခြင်းလုပ်ငန်းနှင့် ရုံးအဆောက် အအုံ ထိန်းသိမ်းရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး ပြီး လိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံသည် တိုင်းရင်းသားများ စုပေါင်းနေထိုင်သည့် ပြည်ထောင်စု နိုင်ငံဖြစ်သည်နှင့်အညီ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုရှိမှ တိုးတက်မည်၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုရှိမှ အေးချမ်းမည်ဖြစ်ကြောင်း၊ တိုင်းပြည် ၏ ငြိမ်းချမ်းရေးတည်ဆောက်ရေးတွင် အရေးကြီး ကြောင်း၊ တိုင်းပြည်ငြိမ်းချမ်းမှုရှိမှ ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးခြင်း ပန်းခင်းစီမံချက်သည် အရေးကြီးသဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်(NCA)ဆွေးနွေးမှုများကို ပြန်လည် ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားများနှင့် ပတ်သက်၍ TA/LA ဆရာ ဆရာမများ ပညာရေး ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ခန့်ထားနိုင်ရေး ဆောင်ရွက် လျက်ရှိရာ ယခုတက်ရောက်လာသည့် တိုင်းရင်းသား အဖွဲ့များအနေဖြင့် ဘာသာရပ်သင် ဆရာ ဆရာမများ လိုအပ်ချက်ရှိပါကလည်း သက်ဆိုင်ရာ ညွှန်ကြား ရေးမှူးမှတစ်ဆင့် တင်ပြပေးစေလိုကြောင်း၊ မိမိတို့ နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း တိုင်းရင်း သားများ၏ အခွင့်အရေးများကို ကာကွယ်ပေး ထားပြီးဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများ အချင်းချင်း အငြင်းပွားမှုများဖြစ်ပေါ်လျှင် သက်ဆိုင် ရာ တိုင်းရင်းသားဝန်ကြီးက ညှိနှိုင်းဖြေရှင်းပေးရန် အတွက် တိုင်းရင်းသားရေးရာဝန်ကြီးများအား အာဏာခွဲဝေအပ်နှင်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ တိုင်းရင်းသား အရေးကိစ္စကြီးငယ်ဖြစ်ပေါ်လျှင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးထံ တင်ပြနိုင်ပါ ကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက လိုအပ်သည် များကို ဆွေးနွေးမှာကြားပြီး မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနွံ့က မန္တလေး တိုင်းတွင် တိုင်းရင်းသားစာပေ ယဉ်ကျေးမှုအဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် ရည်ရွယ်ချက်များကို ရှင်းလင်း တင်ပြသည်။

ထို့နောက် တက်ရောက်လာသည့် စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက မိမိတို့အဖွဲ့အလိုက် ဆောင်ရွက်နေသည့် စာပေနှင့် ယဉ်ကျေးမှု ထိန်းသိမ်း စောင့်ရှောက်ရေးနှင့် ဒြပ်ရှိ/ဒြပ်မဲ့ ယဉ်ကျေးမှုအမွေ အနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ် များကို ပြန်လည်ဆွေးနွေးတင်ပြသည်။ ယင်းနောက် စာပေယဉ်ကျေးမှုအဖွဲ့များ၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေ အနှစ်များ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေး လုပ်ငန်းများအတွက် တစ်ဖွဲ့လျှင် ထောက်ပံ့ငွေကျပ် ၄၀၀၀၀၀ စီကို ပြည်ထောင်စုဝန်ကြီးက ပေးအပ်ရာ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက လက်ခံရယူခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအတွက် နေကြာမျိုး ၂၂၂၅ တင်း အခမဲ့ကြိုတင်ဖြန့်ဝေပေးခဲ့ရာ ဆီထွက်နေကြာ ဧက ၅၈၃၀ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့

**ကြို့ပင်ကောက် မတ် ၃**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ မတ် ၂ ရက် မွန်းလွဲပိုင်းက သာယာဝတီမြို့နယ် စစ်ကုန်း(၂) ကျေးရွာရှိ တောင်သူ ဦးမြင့်စိုး၏ ဆင်းရွှေကြာမျိုး နေကြာသီးညှပ်စိုက်ခင်း ၃၀၇ ဧက အောင်မြင် ဖြစ်ထွန်းနေမှုနှင့် သာယာကုန်းကျေးရွာရှိ တောင်သူ ဦးသိန်းထွန်း၏ နေကြာသီးသန့် စိုက်ခင်း ၁၀ ဧကကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

**ဧက ၅၈၃၀ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့**

ပဲခူးတိုင်းဒေသကြီးအတွင်း စားသုံးဆီပိုမို ဖူလုံစွာ ထုတ်လုပ်နိုင်ရေးအတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ အစီအစဉ်ဖြင့် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှစ၍ ပဲစိုက်တောင်သူများထံ နေကြာသီးညှပ်စိုက်ပျိုးနိုင်ရေး နေကြာမျိုး ၂၂၂၅ တင်း အခမဲ့ကြိုတင်ဖြန့်ဝေပေးခဲ့ရာ ယခု ဆီထွက် နေကြာ ဧက ၅၈၃၀ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကြို့ပင်ကောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာန ဆိုင်ရာများ၊ မြို့မိ/မြို့ဖများနှင့်တွေ့ဆုံ၍ မြို့ရေပေးဝေ ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်မီးလင်းရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကြို့ပင်ကောက်မြို့နယ် ကြို့ပင်ဝိုင်းကျေးရွာရှိ မြေသား ၀/၆ ဒသမ ၈၄ ဖာလုံနှင့် ဂဝံလမ်း ၀/၆ ဒသမ ၈၄ ဖာလုံ လမ်းခင်းနေမှုကို လည်းကောင်း၊ မင်းလှမြို့နယ် ညောင်နီကုန်းကျေးရွာ တောင်သူ ဦးမြင့်နိုင်၏ ဟင်းသီးဟင်းရွက်(GAP)စနစ်ဖြင့် ခရမ်းချဉ် ရှစ်ဧက စိုက်ပျိုးအောင်မြင်နေမှုကို လည်းကောင်း၊ သာယာဝတီဘူတာသို့ လည်းကောင်း သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ် သည်များမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ (၂၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး မှာကြားချက်များအား ရေဝတီတိုင်းဒေသကြီး၌ ထပ်ဆင့်ရှင်းလင်း



**ပုသိမ် မတ် ၃**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှ ၁၉ ရက်အထိ ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့သော ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ခရိုင်အဆင့် တာဝန်ရှိသူများ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတာဝန်ရှိသူများ၏ (၂၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်ချက် များအား ထပ်ဆင့်ရှင်းလင်းပွဲကို မတ် ၂ ရက် နံနက် ၉ နာရီက ရေဝတီတိုင်းဒေသကြီး တရာလွှတ်တော် အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ချုပ် ဦးဝင်းမြင့်က “အမှုများကိုကြန့်ကြာမှုမရှိစေဘဲ ဥပဒေနှင့်အညီ မှန်ကန်မြန်ဆန်စွာ စစ်ဆေးပြီးပြတ် ရေး၊ လက်အောက်တရားရုံးများကို စိစစ်ကြပ်မတ်ပြီး မှားယွင်းချွတ်ချော်မှုများကို ပြင်ဆင်တည့်မတ်ပေးရေး၊ သီးသန့်တရားရုံးများဖြင့်စစ်ဆေးနေသည့်အမှုများ ကြန့်ကြာမှုမရှိစေဘဲ မှန်ကန်မြန်ဆန်စွာစစ်ဆေးပြီး ပြတ်ရေး၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ဝန်ထမ်း ကျင့်ဝတ်များဖြင့် တရားစီရင်ရေးကျင့်ဝတ်များကို လေးစားလိုက်နာစောင့်ထိန်းရေးနှင့် ၂၀၂၂ ခုနှစ် တရားစီရင်ရေး မဟာဗျူဟာစီမံကိန်းပဉ္စမနှစ် လုပ်ငန်း အစီအစဉ် အောင်မြင်စေရန်အတွက် ကြိုးပမ်း ဆောင်ရွက်ရေး”စသည့် မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲသို့ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးများ၊ တိုင်းဒေသကြီး တရား လွှတ်တော်၊ ပုသိမ်ခရိုင်နှင့် မြို့နယ်တရားသူကြီးများနှင့် တရားရေးအရာရှိများ စုစုပေါင်း ၂၀ ဦး၊ ကျန်ခရိုင်မြို့နယ် တရားသူကြီးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက် ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်မြို့ရှိ ကိုဗစ်ကုသရေးစင်တာများပြင်ဆင်ထားရှိမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၃**

ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် မတ် ၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ကိုဗစ်-၁၉ ကုသရေးစင်တာများ၏ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ အောင်မြင့်မိုရ်ကုသရေးစင်တာ၌ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ခံက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စင်တာအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက လက်ခံရယူပြီး စင်တာအတွင်း တာဝန်ထမ်းဆောင်နေသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ စင်တာအတွက် လိုအပ်သော ဆေးဝါးများနှင့် အထောက်အကူပြုပစ္စည်းများကို ကြည့်ရှုသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ရိုးမရိပ်သာကုသရေးစင်တာ၊ ရန်ကင်းမြို့နယ်ရှိ ရန်ကင်းစင်တာ၊ မရမ်းကုန်းမြို့နယ်ရှိ အင်းလျားစင်တာတို့တွင် အိပ်ရာ၊ ခြင်ထောင်၊ ခုတင်နှင့် ရေချိုးခန်း၊ အိမ်သာများ၊ တစ်ကိုယ်ရေသုံး ပစ္စည်းများ ပြင်ဆင်ပြီးစီးမှု၊ အောက်ဆီဂျင်ပိုက်လိုင်း သွယ်တန်းတပ်ဆင်ပြီးစီးမှုများနှင့် Oxygen Concentrator များ အရန်သင့်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

■





## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မုံရွာ မတ် ၃**

စစ်ကိုင်းတိုင်း ဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၈/၂၀၂၂) ကို ယနေ့နံနက် ၉ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ဧပြီလအကုန်တွင် ကာကွယ်ဆေးထိုးနှံပေးရမည့် လျာထားချက်အရေအတွက် ပြည့်မီစွာထိုးနှံနိုင်ရေးအတွက် တာဝန်ရှိသူများအားလုံးက ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ Quarantine Center၊ Positive Center များအား လိုအပ်ချက်မရှိအောင် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ စည်းမျဉ်း စည်းကမ်းများကို အသိစိတ်ဓာတ် ကိုယ်စီဖြင့် လိုက်နာ နေထိုင်သွားကြရန် လိုအပ်ကြောင်း၊ ရောဂါပိုးစစ်ဆေးမှုနှင့် ကာကွယ်ဆေးထိုးနှံခြင်းများကို တာဝန်ရှိသူများအနေဖြင့် အရှိန်မြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက နေ့စဉ် ရောဂါပိုးစစ်ဆေးတွေ့ရှိမှု၊ ဆေးရုံတက်ရောက်ကုသမှုနှင့် ဆေးရုံဆင်းမှု၊ သတ်မှတ်လျာထားချက် ပြည့်မီအောင် ကာကွယ်ဆေးထိုးနှံနိုင်မှု အခြေအနေများ၊ အောက်ဆီဂျင်ထုတ်လုပ်သုံးစွဲမှု၊ မြို့ဝင်၊ မြို့ထွက်နေရာများတွင် ကျန်းမာရေးစစ်ဆေးရေးစခန်းများချထား၍ စစ်ဆေးဆောင်ရွက်နေမှု၊ Quarantine Center နှင့် Positive Center ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လုံခြုံရေးဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ပြည်သူများအသိနှင့် သတိရှိရေးအတွက် အသိပညာပေးရေးနှင့်ပတ်သက်၍ အသီးသီး အကြံပြုဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ဟားခါး မတ် ၃**

ချင်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်က ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများပြားလာသည့်အတွက် တစ်ဦးချင်းစီတိုင်း ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် သွားလာနေထိုင်ကြရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ သံသယဖြစ်ပါက သက်ဆိုင်ရာဆေးရုံများသို့ အချိန်နှင့်တစ်ပြေးညီ ပြသရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် ကာကွယ်ဆေးထိုးနှံမှုအခြေအနေများကို ကျေးလက်၊ မြို့ပေါ် ခွဲခြား၍ တင်ပြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်ဦးက ချင်းပြည်နယ်၏ မြို့နယ်အလိုက် အပတ်စဉ်ရောဂါပိုးတွေ့ရှိမှုနှင့် ပိုးတွေ့ရာခိုင်နှုန်းအခြေအနေ၊ RDT ဖြင့် ရောဂါရှာဖွေစစ်ဆေးမှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျောင်းသားကျောင်းသူများ ကာကွယ်ဆေးထိုးနှံမှုနှင့် ဆက်လက်ထိုးနှံမည့်အစီအမံများ၊ ဂန့်ဂေါအထွက်စစ်ဆေးရေးဂိတ်တွင် RDT Test Kit ဖြင့် ကိုဗစ်-၁၉ စစ်ဆေးမှုအခြေအနေ၊ မြို့နယ်ကိုးမြို့နယ်အတွက် ကိုဗစ်-၁၉ ဆေးပစ္စည်း ဝယ်ယူပေးနိုင်ရေး ပြည်နယ်တွင်းလူဦးရေစာရင်းများ ပြန်လည်စိစစ်ဆောင်ရွက်မှုနှင့် စေတနာ့ဝန်ထမ်းများစာရင်း ပြန်လည်စိစစ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေး**

ယင်းနောက် တင်ပြချက်များအပေါ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်းနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး စိုးလွင်မိုးတို့က ဂန့်ဂေါအထွက် ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်ဆောက်လုပ်ခြင်းအတွက် ကုန်ကျစရိတ်တင်ပြရေးကိစ္စ၊ စေတနာ့ဝန်ထမ်းများ ထောက်ပံ့ခြင်းအတွက် ကုန်ကျစရိတ်စာရင်းရှင်းတမ်းများ တင်ပြရေးကိစ္စ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံနိုင်ရေးအတွက် စီမံချက်များ အချိန်မီရေးဆွဲတင်ပြရေးတို့နှင့်ပတ်သက်၍လည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်ဆန်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ မတ်လနှင့် ဧပြီလကုန်အတွင်း ရာနှုန်းပြည့်ထိုးနှံနိုင်ရေး၊ ဆေးထိုးနှံပေးနိုင်မည့် လူဦးရေစာရင်းများ ပြုစုရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စာရင်းကို အခြေခံ၍ဆောင်ရွက်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန စာရင်းများ ပြန်လည်တိုက်ဆိုင်စိစစ်နိုင်ရေး၊ ကာကွယ်ဆေးထိုးစုရပ်များ၊ ကာကွယ်ဆေးထိုးမည့်အစုအဖွဲ့များ ဆောင်ရွက်မည့်အခြေအနေ၊ စေတနာ့ဝန်ထမ်းများဖြင့် ပူးပေါင်းဆောင်ရွက်မည့်အခြေအနေနှင့် အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ထားရှိမှုအခြေအနေများကို အကြံပြုဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ဟိုပုံး မတ် ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တာဝန်ရှိသူများက ယနေ့နံနက် ၁၀ နာရီတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ကျေးလက် လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ဝင်းထွန်း၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးအောင်ရဲထွန်းနှင့် မြတ်သံလွင်ရွှေပြည်သစ်ကုမ္ပဏီမှ တာဝန်ရှိသူများက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၅၀ ဒသမ ၀၁၅ သန်းဖြင့် မြတ်သံလွင်ရွှေပြည်သစ်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် မိုင်ကောင်-ဝမ်စိမ်း-ပါနိမ့်လမ်းမြေသားလမ်း ဖောက်လုပ်ခြင်း ၁/၄ ဒသမ ၇၅ မိုင် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေး ခဲ့ကြသည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဝမ်းစိမ်း ဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်၊ သံဃာတော်များအား အလှူငွေနှင့်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# ဆောင်းသီးနှံ နေကြာဆီနှင့် ကျန်းမာရေး

ပေါက်ပေါက်

### ထူးခြားတဲ့ နေကြာပန်း

နေကြာပင်၏ သိပ္ပံအမည်မှာ Helian thusannus ဖြစ်ပြီး နေကြာစေ့ကို အင်္ဂလိပ်လို Sun Flower Seeds ဟု ခေါ်ပါသည်။ နေကြာပင်၏ ထူးခြားချက်မှာ ရေသောက်မြစ်ရှည်လျားပြီး အမြစ်အုံဖွဲ့စည်းပုံ အလွန်ကောင်းသောကြောင့် ရေငတ်ဒဏ်ကို ခံနိုင်ရည်ရှိသည်။ နေကြာပန်းဟုခေါ်ဆိုသော်လည်း နေကြာပန်းပွင့်လေးများ ပွင့်ရင်းခံပေါ်မှာ စုပြုံတည်နေသော ပန်းခိုင်အုံကြီးဖြစ်ပါသည်။ ၎င်းပန်းအုံကြီးထဲတွင် ပန်းပွင့်နှစ်မျိုးရှိပါသည်။ ဘေးပတ်လည်က အဝါရောင်တောက်တောက် ပွင့်ချပ်များကို Ray Florets ဟုခေါ်၍ အတွင်းဘက်ပိုင်းတွင် ခရုပတ်သဏ္ဍာန်စီတန်းလျက်ရှိသော ပန်းပွင့်ငယ်ကလေးများကို Disc Florets ဟု ခေါ်ပါသည်။ ထိုအပွင့်ငယ်လေးမှာ အဖိုဝတ်မှုန်နှင့် အမဝတ်မှုန် နှစ်မျိုးစီပါရှိသော်လည်း အဖိုဝတ်မှုန်က စော၍ရင့်မှည့်လေ့ရှိပါသည်။ ဖိုမဝတ်မှုန် ရင့်မှည့်ချိန် မတူညီသောကြောင့် ပျားကောင်များ၏ အကူအညီဖြင့် အပင်တစ်ပင်မှ အခြားတစ်ပင်သို့ သဘာဝနည်းအရ ဝတ်မှုန်ကူးပြောင်းလေ့ရှိကြပါသည်။ စီးပွားဖြစ် နေကြာပန်းစိုက်ခင်းများတွင်မူ လူအင်အားဖြင့် ဝတ်မှုန်ကူးယူကြပါသည်။ နေကြာပန်းများ ဝတ်မှုန်ကြွေချိန် ရောက်သည့်အခါ နေကြာရွက်ပေါ်တွင် ဝတ်မှုန်ကိုခံယူ၍ အခြားအပွင့်များ၏ မျက်နှာပြင်ကို အသာအယာ ပွတ်ပေးခြင်းဖြင့် နေကြာတောင်သူများက ဝတ်မှုန်ကူးပေးကြရပါသည်။ ၎င်းလုပ်ငန်းဆောင်တာကို နံနက် ၇ နာရီမှ ၁၁ နာရီအတွင်း လုပ်ဆောင်ပေးရပါသည်။

### စီးပွားဖြစ် နေကြာစိုက်ပျိုးနည်း

စားသုံးဆီမှာ ဆန်ပြီးလျှင် ဒုတိယအရေးပါသော အခြေခံစားကုန်ဖြစ်သည်။ သို့ဖြစ်၍ ဆီဖူလုံရေးသည် အရေးပါလျက်ရှိသည်။ ဆီဖူလုံရန် ဆီထွက်သီးနှံအမျိုးမျိုးကို တိုးချဲ့စိုက်ပျိုးရန် လိုပါသည်။ နေကြာသည် ဆီဖူလုံရေးအတွက် စိုက်ပျိုးသင့်သော ဆီထွက်သီးနှံတစ်မျိုးဖြစ်သည်။ စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာသတင်းအချက်အလက်များအရ စီးပွားဖြစ် နေကြာစိုက်ပျိုးနည်းကို အောက်ပါအတိုင်း အကြံပြုထားသည်ကို တွေ့ရပါသည်။ နေကြာသီးနှံသည် စိုက်ပျိုးထုတ်လုပ်မှုစရိတ် နည်းပါးခြင်း၊ အပျက်အစီးနည်းခြင်း၊ အထွက်နှုန်းနှင့် တစ်ဧကဆီထွက်နှုန်း ကောင်းမွန်ခြင်းတို့ကြောင့် ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် အထောက်အကူပြုနိုင်သည့် သီးနှံဖြစ်ပါသည်။ နေကြာတစ်ဧက တင်း ၃၀ မှ ၅၀ ထိ အထွက်နှုန်းရရှိရန် အောက်ပါနည်းပညာများကို ကျင့်သုံးဆောင်ရွက်ရန် လိုအပ်ပါသည်။



**(၁) အမျိုးအစား**

အထွက်ကောင်းမျိုးများဖြစ်သည့် စပ်မျိုးနေကြာ၊ ရေဆင်းစပ်မျိုး-၁၊ နိုင်ငံတော်မျိုးစေ့ကော်မတီက အတည်ပြုထားသော နိုင်ငံခြားစပ်မျိုးများနှင့် OPV မျိုးဖြစ်သည့် ဆင်းရွှေကြာ- ၂ မျိုးများ အသုံးပြုပါ။ အရည်အသွေးကောင်းမွန်၍ အပင်ပေါက် ၈၀ ရာခိုင်နှုန်းအထက်ရှိသော မျိုးများကို အသုံးပြုရပါမည်။

**(၂) စိုက်စနစ်**

(က) စိုက်ချိန်အနေဖြင့် မှန်ကန်စွာ စိုက်ပျိုးရန် လိုပါသည်။ (မိုးရာသီ – မေ၊ ဇွန် ။ ဆောင်းရာသီ– စက်တင်ဘာ၊ အောက်တိုဘာ)၊ (ခ) မြေအမျိုးအစားအနေဖြင့် မြေသားနက်၍ မွပြီး မြေဆီအာဟာရ ထက်သန်သောမြေနှင့် နုန်းမြေတွင် စိုက်ပါ။ ရေစိမ့်အားကောင်းပြီး ရေမဝပ်သော မြေဖြစ်ရမည်။ မြေချဉ်ငံကိန်း (pH) ၆ ဒသမ သုည မှ ၇ ဒသမ ၅ ဖြစ်ရမည်။ (ဂ) အပင်ဦးရေအနေဖြင့် တန်းကြား နှစ်ပေနှင့် ပင်ကြားကိုးလက်မထား၍ တစ်ကျင်းသုံးစေ့မှ ငါးစေ့ စိုက်ပျိုးရန် (အပင်ဦးရေ ၂၉၀၀၀ ကျော်)၊ (ဃ) သားခွဲခြင်းအနေဖြင့် တစ်ကျင်းတစ်ပင်ချန်၍ ၁၅ ရက်သားအတွင်း အပြီးခွဲဖို့လိုပါသည်။ (င) ရေပေးသွင်းခြင်းအနေဖြင့် အပင်သက်တမ်းတစ်လျှောက် ရေလိုအပ်မှုမရှိစေရန်နှင့် ရေပေးသွင်းနိုင်ပါက အဖူး ၇၅ ရာခိုင်နှုန်းဝင်ချိန်နှင့် ပန်း ၇၅ ရာခိုင်နှုန်းဝင်ချိန်တို့တွင် ရေပေးသွင်းရပါမည်။ ရေပေးသွင်းချိန်တွင် ရေမဝပ်စေရန် အရေးကြီးပါသည်။

**(၃) သွင်းအားစု**

(က) သဘာဝမြေဩဇာအဖြစ် မြေပြင်ချိန်တွင် နွားချေးဆွေး (သို့မဟုတ်) မြေဆွေးကို နွားလှည်း ငါးစီးမှ ၁၀ စီးအထိ ထည့်သွင်းပေးရပါမည်။ (ခ) ဓာတ်မြေဩဇာအဖြစ် မြေပြုပြင်ချိန် တစ်ဧကကို ယူရီးယား ၁၅ ပိဿာ၊ တီစူပါ ၁၅ ပိဿာနှင့် ပိုတက်ရှ် ၁၅ ပိဿာနှင့် အဖူးဝင်ချိန် ယူရီးယား တစ်ဧက ၁၅ ပိဿာနှင့် ပန်းစပွင့်ချိန် ယူရီးယား တစ်ဧက ၁၅ ပိဿာနှုန်း အသုံးပြုရပါမည်။

**(၄) အပင်ကာကွယ်ရေး**

(က) ပေါင်းမြက်များကို အပင်ပေါက်ပြီး ၄၀ ရက်သားအတွင်း နှိမ်နင်းပေးရပါမည်။ (ခ) ပိုးမွှားအန္တရာယ်အတွက် အပင်ငယ်စဉ်တွင် ဖြုတ်ပိုး၊ ရွက်စားပိုး၊ ရွက်ဖောက်ကျိုင်းများ ကျရောက်တတ်သဖြင့် အချိန်မီကာကွယ်ရန် လိုအပ်ပါသည်။ အစေ့အဆန်တည်ချိန်တွင် သီးလုံးဖောက်ပိုးနှင့် ရွက်စုံစား ခူဝါများ ကျရောက်တတ်ပါသည်။ ထိသေပိုးသတ်ဆေး တစ်မျိုးမျိုးကို အသုံးပြုနိုင်ပါသည်။ (ဂ) ရောဂါအနေဖြင့် နေကြာပင်ငယ်များတွင် မှိုရောဂါ ကျရောက်တတ်သဖြင့် မျိုးစေ့ကို မှိုသတ်ဆေး တစ်မျိုးမျိုးနှင့် လူးနယ်စိုက်ပျိုးရပါမည်။ နေကြာရွက်ခြောက်ရောဂါ ဆိုးရွားစွာ ကျရောက်ပါက ပွင့်ဖူးဝင်ချိန်မှစ၍ မှိုသတ်ဆေးဖြင့် ကာကွယ်နှိမ်နင်းဖို့လိုပါသည်။

**(၅) ရိတ်သိမ်းနည်းစနစ်**

နေကြာပွင့် နောက်ကျောဘက် အဝါရောင်သန်းလာချိန် ရိတ်သိမ်းရန်။ ရိတ်သိမ်းပြီး နေကြာပွင့်အား တစ်ပွင့်နှင့်တစ်ပွင့် မထပ်စေဘဲ နှစ်ရက်၊ သုံးရက် နေလှန်း အစေ့ခြွေရပါမည်။ အစေ့တွင်း အစိုဓာတ် (၅ – ၆) ရာခိုင်နှုန်းထိရရှိရန် နှစ်ရက်၊ သုံးရက် နေလှန်း၍ လေလုံအောင် သိုလှောင်ရပါမည်။

### နေကြာစေ့ ထုတ်လုပ်ပုံ

နေကြာပင်များသည် မျိုးစိတ်အများအပြားရှိကြပြီး အသုံးပြုမှုအရ လှော်စားသောနေကြာစေ့နှင့် ဆီကြိတ်သောနေကြာဟူ၍ ကွဲပြားပါသည်။ လှော်စားသောနေကြာမှာ အစေ့ခွံထူ၍ အစေ့အရွယ်ကြီးပါသည်။ ဆီကြိတ်သောနေကြာမှာ အခွံပါးပြီး အစေ့ခွံနှင့် အသားမှာ ကပ်နေပါသည်။ ပန်းပွင့်၏ နောက်ကျောဘက် အဝါရောင်ပြောင်းပြီး အညိုကွက်များဖြစ်ပေါ်နေလျှင် အစေ့များ ရင့်မှည့်လာပြီဖြစ်ပါသည်။ အပွင့်မကြီးလွန်း၊ မသေးလွန်း ပုံသဏ္ဍာန်မှန်ပြီး အစေ့အရောင်တူညီသော ပန်းပွင့်များကို ရွေးချယ်၍ သီးသန့်ရိတ်သိမ်းရပါသည်။ နေကြာပွင့်အုံများကို ဓားဖြင့်ဖြတ်ယူ၍ နေလှန်း၊ တုတ်ဖြင့် ရိုက်ခြွေကြရပါသည်။ နေကြာဆီ ထုတ်ယူရရှိရန်အတွက် အစေ့များကို ခြောက်သွေ့အောင်နေလှန်းပြီးနောက် ဆီကြိတ်ယူရပါသည်။

### နေကြာဆီနှင့်ကျန်းမာရေး

မြန်မာနိုင်ငံတွင် နေကြာစေ့ကို ကြက်သွန်ဖြူဖြင့် လှော်၍စားသုံးလေ့ရှိကြပြီး တချို့နိုင်ငံများတွင် နေကြာစေ့ဖြင့် pan ကိတ်နှင့် ချောကလက်တို့တွင် ဩပနာထည့်၍ စားကြပါသည်။ နေကြာစေ့ဆီကြိတ်၍ ဟင်းချက်စားသုံးသောဓလေ့သည်လည်း ကျန်းမာရေးအတွက် လွန်စွာညီညွတ်မျှတစေပါသည်။

တစ်ခွက်စာပမာဏရှိသော နေကြာစေ့ကို ဆေးသိပ္ပံနည်းအရ ဓာတ်ခွဲစမ်းသပ်ကြည့်ရာ ခွန်အား ၅၈၄ ကယ်လိုရီ၊ ကာဗိုဟိုက်ဒရိတ် ၂၀ ဂရမ်၊ ပရိုတင်း ၂၀ ဒသမ ၇၈ ဂရမ်၊ အဆီဓာတ် ၅၁ ဒသမ ၄၇ ဂရမ်၊ ချေဖျက်လွယ်သော အမျှင်ဓာတ် ၈ ဒသမ ၆ ဂရမ်၊ ဖောလိပ် ၂၂၇ မိုက်ခရိုဂရမ်၊ နီအာစင်း ၈ ဒသမ ၃၃၅ မီလီဂရမ်၊ ပန်တိုသနစ်အက်စစ် ၁ ဒသမ ၁၃ မီလီဂရမ်၊ ပိုင်ရီဒေါက်ဆင်း ၁ ဒသမ ၃၄၅ မီလီ ဂရမ်၊ ရီဗိုဖလာဗင် သုည ဒသမ ၃၅၅ မီလီဂရမ်၊ သီအာမင် ၁ ဒသမ ၄၈ မီလီဂရမ်၊ ဗီတာမင်အေ ၅၀ အိုင်ယူ၊ ဗီတာမင်စီ ၁ ဒသမ ၄ မီလီဂရမ်၊ ဗီတာမင် အီး ၃၅ ဒသမ ၁၇ မီလီဂရမ်၊ ဆိုဒီယမ် ကိုးမီလီဂရမ်၊ ပိုတက်စီယမ် ၆၄၅ မီလီဂရမ်၊ ကယ်လ်စီယမ် ၇၈ မီလီဂရမ်၊ ကော့ပါး ၁ ဒသမ ၈ မီလီဂရမ်၊ သံဓာတ် ၅ ဒသမ ၂၅ မီလီဂရမ်၊ မဂ္ဂနီစီယမ် ၃၂၅ မီလီဂရမ်၊ မဂ္ဂနီးစ် ၁ ဒသမ ၉၅ မီလီဂရမ်၊ ဖော့စဖရက် ၆၆၀ မီလီဂရမ်၊ စီလီနီယမ် ၅၃ မိုက်ခရိုဂရမ်၊ ဇင့် ငါးမီလီဂရမ်၊ ဘီတာကယ်ရိုတင်း ၃၀ မိုက်ခရိုဂရမ်တို့ အသီးသီးပါရှိနေကြပြီး လူကိုဘေးဖြစ်စေတတ်သော ကိုလက်စထရော လုံးဝမပါရှိပေ။

နေကြာစေ့ဆီ စားပွဲတင်ဇွန်းတစ်ဇွန်း စားသုံးခြင်းဖြင့် ရရှိနိုင်သော ကျန်းမာရေးအကျိုးကျေးဇူးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ❁ နေကြာဆီထဲတွင်ပါရှိသော ဗီတာမင်အီးက ဦးရေပြားပေါ်ရှိ သွေးကြောများ လည်ပတ်စီးဆင်းမှုကို ကောင်းစွာ အထောက်အပံ့ဖြစ်စေပြီး ဆံပင်အရှည်မြန်စေနိုင်ပါသည်။
- ❁ နေကြာဆီသည် ဖောလစ်အက်စစ်ကြွယ်ဝသော ဆေးဖက်ဝင်ဆီအမျိုးအစားဖြစ်ပါသည်။ ဖောလစ်အက်စစ် (ခေါ်) ဗီတာမင်ဘီ-၉ က အာရုံကြောစနစ်နှင့် အစ်ရီနယ်ဂလင်းတို့အတွက် မရှိမဖြစ် အာဟာရဓာတ်ဖြစ်ပြီး ခန္ဓာကိုယ်ထဲတွင်

**စာမျက်နှာ ၇ သို့** ❒

“စားသုံးဆီမှာ ဆန်ပြီးလျှင် ဒုတိယအရေးပါသော အခြေခံစားကုန်ဖြစ်သည်။ သို့ဖြစ်၍ ဆီဖူလုံရေးသည် အရေးပါလျက်ရှိသည်။ ဆီဖူလုံရန် ဆီထွက်သီးနှံအမျိုးမျိုးကို တိုးချဲ့စိုက်ပျိုးရန် လိုပါသည်။ နေကြာသည် ဆီဖူလုံရေးအတွက် စိုက်ပျိုးသင့်သော ဆီထွက်သီးနှံတစ်မျိုးဖြစ်သည်။ နေကြာသီးနှံသည် စိုက်ပျိုးထုတ်လုပ်မှုစရိတ် နည်းပါးခြင်း၊ အပျက်အစီးနည်းခြင်း၊ အထွက်နှုန်း နှင့် တစ်ဧက ဆီထွက်နှုန်း ကောင်းမွန်ခြင်းတို့ကြောင့် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် အထောက်အကူပြုနိုင်သည့် သီးနှံဖြစ်”



## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၃**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိစစ်သည် အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ မြို့မဘုန်းတော်ကြီးကျောင်း၊ ဓာတ်စွမ်းဟုန်ဘုန်းတော်ကြီးကျောင်း၊ သဗ္ဗညုဘုန်းတော်ကြီးကျောင်း၊ ပရဟိတဘုန်းတော်ကြီးကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ ပင်မဗုဒ္ဓဝါဒီကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဆုတောင်းပြည့်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ရှိ မြို့ဦးဘုန်းတော်ကြီးကျောင်းတိုက်၊ တောင်ကုတ်မြို့ရှိ မဟာသန္တိသုခဘုန်းတော်ကြီးကျောင်းတိုက်၊ စစ်တွေမြို့ရှိ တွီတဲဘုန်းတော်ကြီးကျောင်းတိုက်၊ မြောက်ဦးမြို့ရှိ မြို့သစ်ပရိယတ္တိစာသင်တိုက်၊ မဟာဝိဇယျာရုံသီဘုန်းတော်ကြီးကျောင်းတိုက်၊ နတ်တောင်ဘုန်းတော်ကြီးကျောင်းတိုက် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ပင်လုံတပ်ဦးပရိယတ္တိစာသင်တိုက်နှင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းအေးငြိမ်းရိပ်သာကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၃**

ပြည်ထဲရေး ဝန်ကြီးဌာန တပ်ဖွဲ့ဝင် ဝန်ထမ်းအရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ စက်ရုံကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ကုမာရာရာမ ကျောင်းတိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ရွှေမောင်းတုန်း ကျောင်းတိုက်သို့လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ အောင်မြေရတနာ ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် မူဆယ်မြို့နယ်ရှိ ဇေတဝန်ကျောင်းတိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ဓာတုဝိဇ္ဇာပရိယတ္တိ၊ ပဋိပတ္တိကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များ အတွက် ဆွမ်းဆန်တော်များကို တိုင်းဒေသကြီး/ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## မနက်ဖြန် နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် မတ် ၃**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင်အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

❒ စာမျက်နှာ ၆ မှ

ဆဲလ်အသစ်များဖြစ်ပေါ်စေရန် အထောက်အကူပြုပါသည်။

- ကိုယ်ဝန်ဆောင်မိခင်နှင့် သန္ဓေသားတို့အတွက် ဖောလစ်ဓာတ် မချို့တဲ့စေရန်နှင့် ကလေးအသေ (သို့မဟုတ်) ပေါင်ချိန်မပြည့်သော ကလေးမွေးဖွားခြင်းတို့မှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် မိခင်လောင်းများက နေကြာဆီစားပေးသင့်ပါသည်။ နေကြာဆီသည် သန္ဓေသားလောင်းအတွက် DNA ထုတ်လုပ်ပေးနိုင်သဖြင့် သန္ဓေသား၏ မျက်နှာ၊ အသည်း၊ နောက်ဘက်ကျောရိုးမကြီးနှင့် ဦးနှောက်တို့ကို ဖွံ့ဖြိုးလာအောင် ကူညီထောက်ပံ့ပေးနိုင်ပါသည်။
- နေကြာဆီထဲတွင်ပါရှိသော lingams ဓာတ်က ကင်ဆာအဖုအကျိတ်များ ကြီးထွားလာမှုကို ကြန့်ကြာနှေးကွေးစေပါသည်။
- ဦးနှောက် မှတ်ဉာဏ်အားကောင်းစေရန်၊ အာရုံကြောများ အားကောင်းစေရန်၊ အနီရောင်ဆဲလ်များ ကောင်းစွာထုတ်လုပ်နိုင်ရန်နှင့် အရေပြားရောဂါ အမျိုးမျိုးတို့အတွက် ဗီတာမင်ဘီ-၆ က မရှိမဖြစ်ပါ။ နေကြာဆီထဲတွင် ဗီတာမင်ဘီ-၆ ကို လုံလောက်စွာ ရရှိနိုင်ပါသည်။ ဦးခေါင်းတစ်ခြမ်းကိုက်ခဲသူများအတွက်လည်း နေကြာဆီစားပေးသင့်ပါသည်။
- ကာဗိုဟိုက်ဒရိတ်ဆိုသည်မှာ လူသားတို့အတွက် မရှိမဖြစ်လိုအပ်နေသော အာဟာရများဖြစ်ကြသည့် အမျှင်ဓာတ်၊ ပရိုတင်းဓာတ်၊ ကျန်းမာသော အဆီဓာတ်များ၊ ဗီတာမင်နှင့် သတ္တုဓာတ်များ အစုအဝေးဖြစ်ပါသည်။ နေကြာဆီမှ ၎င်းကာဗိုဟိုက်ဒရိတ်ကို ရရှိနိုင်ပါသည်။
- နေကြာဆီထဲတွင် သစ်ပင်မှရရှိနိုင်သော သဘာဝအဆီဓာတ် အပြည့်အဝပါရှိနေပြီး ၎င်းအဆီဓာတ်က ကျန်းမာရေးအတွက် လွန်စွာအရေးပါသော မပြည့်ဝဆီ (Unsaturated Fat) ဖြစ်ပါသည်။ ခန္ဓာကိုယ်ကို ဘေးဥပဒ် လုံးဝမဖြစ်စေသော HDL ကိုလက်စထရောများကို ပေးစွမ်းပြီး ခန္ဓာကိုယ်အတွက် ဘေးဖြစ်စေသော LDL ကိုလက်စထရော လျော့ကျစေပါသည်။
- ဦးရေပြားခြောက်သွေ့ ဗောက်ထခြင်းက ခန္ဓာကိုယ်ထဲတွင် ဇင့်(သွပ်)ဓာတ်ချို့တဲ့နေခြင်း လက္ခဏာဖြစ်ပါသည်။ ဇင့်ဓာတ်အားကောင်းစေမည့် နေကြာဆီကို စားပေးခြင်းဖြင့် အရေပြားကို စိုပြည်စေနိုင်ပါသည်။
- အယ်လ်ဇိုင်းမားဖြစ်ခြင်းမှ ကာကွယ်ရန်နှင့် ဦးနှောက်နှင့်ပတ်သက်သော ကင်ဆာရောဂါများမှ ကင်းဝေးစေရန်တို့အတွက် ဖောလစ်အက်စစ် (ခေါ်) ဗီတာမင်ဘီ-၉ ကြွယ်ဝသောနေကြာဆီကို စားပေးသင့်ပါသည်။
- ဗီတာမင်အီးကြွယ်ဝသည့် နေကြာစေ့နှင့် နေကြာဆီတို့သည် ခန္ဓာကိုယ်ထဲရှိ ဆဲလ်များကို ကျန်းမာကြံ့ခိုင်စေပါသည်။ အထူးသဖြင့် အစာအိမ်၊ အူမကြီး၊ အဆုတ်၊ အသည်း၊ သားအိမ်ခေါင်း စသည့် ကင်ဆာဝေဒနာရှင်များအနေဖြင့် ၎င်းဗီတာမင်အီးကြွယ်ဝသည့် နေကြာစေ့လှော်နှင့် နေကြာဆီတို့ကို စားပေးသင့်ပါသည်။
- အနာကြီးရောဂါသည်များအတွက် ဗီတာမင်အီးကြွယ်ဝသော နေကြာဆီက ကောင်းမွန်သော ဓာတ်စာဖြစ်ပါသည်။
- နေကြာဆီတွင်ပါရှိသော ဗီတာမင်အီးဓာတ်က မျက်စိကို အားကောင်းစေပြီး ဗီတာမင်အေဓာတ်က မျက်စိအတွင်းတိမ်ရောဂါ မဖြစ်အောင် ကာကွယ်ပေးနိုင်ပါသည်။
- ကြွက်သားများ ကြီးထွားရန်အတွက် ပရိုတင်းဓာတ် လိုအပ်ပါသည်။ နေကြာဆီစားပေးခြင်းဖြင့် ပရိုတင်းဓာတ်ရရှိစေနိုင်ပါသည်။
- သက်သတ်လွတ် စားသုံးသူများအတွက် အထူးသတိထားရန်မှာ အနီရောင် ခြေလေးချောင်းသားများ ရှောင်ခြင်းကြောင့် ပရိုတင်းအာဟာရ ချို့တဲ့လာနိုင်ပါသည်။ ပရိုတင်းဓာတ်ကြွယ်ဝသော နေကြာဆီကို စားပေးသင့်ပါသည်။
- နေကြာဆီထဲရှိ စီလီနီယမ်သတ္တုဓာတ်က စိတ်တိုစိတ်ဆတ်ခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ စိတ်စောခြင်း၊ စိတ်ဖိစီးမှုများခြင်း စသည့် စိတ်ပိုင်းဆိုင်ရာ အမျိုးမျိုးကို ဖြေလျှော့ပေးနိုင်ပါသည်။
- ဗီတာမင်အီးနှင့် ဗီတာမင်စီတို့ အရင်းအမြစ်စုဝေးရာ နေကြာဆီက ခန္ဓာကိုယ်အတွက် ဆိုးကျိုးပေးနိုင်သော ဖရီးရယ်ဒီကယ်များ၏ ဘေးအန္တရာယ်မှ ကာကွယ်ပေးကာ နှလုံးသွေးကြောပိတ်ဆို့ခြင်းနှင့် နှလုံးရောဂါနှင့် ဆက်နွယ်နေသော လေဖြတ်ခြင်းတို့မှလည်း ကာကွယ်ပေးပါသည်။
- အစာမကြေရောဂါနှင့်ဝမ်းသွားခြင်းတို့အတွက် နေကြာဆီကို စားပွဲတင်ဇွန်းတစ်ဇွန်းခန့် သောက်ပေးပါ။
- နေကြာဆီထဲရှိ ဗီတာမင်အီး၊ စီလီနီယမ်နှင့် ကော့ပါးဓာတ်များက ခန္ဓာကိုယ်အတွက် ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ် ကောင်းကျိုးသက်ရောက်စေသဖြင့် ကင်ဆာဆဲလ်များ ကြီးထွားမှုကို ဟန့်တားကာကွယ်ပေးနိုင်ပါသည်။ အထူးသဖြင့် အူမကြီးကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ အဆုတ်ကင်ဆာ၊ အရေပြားကင်ဆာ၊ ဆီးအိမ်ကင်ဆာ၊ သားအိမ်ကင်ဆာနှင့် ရင်သားကင်ဆာတို့အတွက် နေကြာဆီက ကောင်းကျိုးပြုပါသည်။
- မဂ္ဂနီစီယမ်ကြွယ်ဝသည့် နေကြာဆီကို စားပေးခြင်းဖြင့် အရိုးများကြံ့ခိုင်သန်မာစေပါသည်။
- နေကြာဆီထဲရှိ စွမ်းအားပြည့် ပိုတက်စီယမ်ဓာတ်က သွေးဖိအားကို လျော့ကျစေ၍ သွေးတိုးရောဂါရှိသူများ နေကြာဆီကို ဟင်းချက်စားသင့်ပါသည်။
- ပန်းနာရင်ကျပ်ရှိသူများ၊ အဆစ်အမျက်ရောင်ရမ်းနာရှိသူများ၊ အရိုးပွရောဂါရှိသူများအတွက် နေကြာဆီက ဓာတ်စာဖြစ်ပါသည်။
- ဆီးချို၊ သွေးချိုရောဂါသည်များ နေကြာဆီ စားပေးပါ။
- နေကြာဆီစားသုံးပေးခြင်းဖြင့် အဆုတ်လမ်းကြောင်း ပိတ်ဆို့မှုရောဂါဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်ပါသည်။
- သီအာမင်နှင့် ဇင့်ဓာတ်တို့ပေါကြွယ်ဝသည့် နေကြာဆီကို ဟင်းချက်စားသုံးပေးခြင်းဖြင့် ကိုယ်ခံစွမ်းအား တိုးတက်မြင့်မားလာစေနိုင်ပါသည်။
- အသားအရေ ဝင်းပလိုသူများ၊ ဝက်ခြံပေါက်သူများ၊ ခရမ်းလွန်ရောင်ခြည်ဒဏ်သင့်၍ အရေပြားပျက်စီးသူများ၊ အရွယ်တင် လုပလိုသူများ၊ အသားအရေမစိုမပြည်ခြောက်သွေ့သူများ၊ ဆံပင်ကျွတ်သူများက နေကြာစေ့လှော်စားပါ။ နေကြာဆီဖြင့် ဟင်းချက်စားပါ။ နေကြာဆီလိမ်းပေးနိုင်ပါသည်။
- အရွယ်မတိုင်မီ ဆံပင်ဖြူခြင်းမှ ကင်းဝေးအောင်လည်း နေကြာဆီက ကြိုတင်ကာကွယ်ပေးနိုင်ပါသည်။ ။



# ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၏ (၂၆)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားပြုလုပ်

**နေပြည်တော် မတ် ၃**

ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၏ (၂၆)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ပြုလုပ်ရာ တိုင်းမှူးဗိုလ်ချုပ်စောသန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဆက်လက်ကျင်းပ**

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို စစ်ရေးပြ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။ ထို့နောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အရာရှိ၊ စစ်သည်၊ မိသားစုများအား ဂုဏ်ပြုဆုများ ပေးအပ်ခြင်းကို တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ သင်တန်းအသီးသီးတွင် ဆုရရှိကြသူများ၊ အိမ်ထောင်သည်လိုင်းခန်း သန့်ရှင်းရေးနှင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများတွင် ဆုရရှိကြသူများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မတ် ၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်၁၂ နှစ်နှင့်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



**ထိုးနှံပေး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မတ် ၂ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၁၁၁ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၄၉၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၄၄၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၀၇၄၃ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ဒေသခံပြည်သူ ၃၅၆၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၅၀၁၀ တို့ကို တပ်မတော်ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

**ကာကွယ်ဆေးထိုးနှံပေး**

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ မတ် ၂ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နှင့် ဟိုပန်မြို့တို့၌ ကျောင်းသား ကျောင်းသူ ၃၃၂ ဦးတို့ကို တပ်မတော်ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၃-၃-၂၀၂၂)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antibiotics** | | | | |
| 1 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 2 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| **Anti–inflammatory** | | | | |
| 3 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 4 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 5 | Injection– Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 6 | P.O Favipiravir 400 mg | 2x10 Tablet | 50000 | AA Medical |
| 7 | Injection – Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 8 | Injection Enoxaprim 40 mg | 1 Pre–Filled Syringe | 7000 | Nyi Lay Naing |
| 9 | Injection Enoxaprim 60 mg | 1 Pre–Filled Syringe | 9000 | Nyi Lay Naing |
| **Symptomatic** | | | | |
| 10 | P.O Paracetamol 500 mg | 10x10's tablets/ Box | 1500 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# ဆိပ်ဖြူမြို့နယ်၌ နွေသီးနှံဧက ၅၀၀ အတွက် ရေခေါ်မြောင်းတူး၍ စိုက်ပျိုးရေပေးဝေ

**ဆိပ်ဖြူ မတ် ၃**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြင်ကဝကျေးရွာအုပ်စု အောက်ဆိပ်လျှပ်စစ်မြစ်ရေတင် စီမံကိန်းတွင် နွေသီးနှံ ပဲတီစိမ်း ဧက ၅၀၀ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ဆိပ်ဖြူမြို့နယ် အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ဒေသခံပြည်သူများ ဒေသဝမ်းစာဖူလုံရေး၊ ဒေသခံတောင်သူများ လူမှုအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်း နိုင်ရေးအတွက် ဧရာဝတီမြစ်မှ စိုက်ပျိုးရေယူ၍ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် နိုင်ငံတော်အစိုးရက လျှပ်စစ်မြစ်ရေတင်စီမံကိန်းတစ်ခုအဖြစ် ဆောင်ရွက်ပေးခဲ့ပြီး စီမံကိန်းဧရိယာတွင် နှစ်စဉ် မိုးစပါး၊ ပဲမျိုးစုံ၊ ဆောင်းသီးနှံ၊ နွေသီးနှံများ စိုက်ပျိုးရေပြည့်ဝစွာ ရရှိမှုတို့ကြောင့် တောင်သူများ စိုက်ပျိုးရေးလုပ်ငန်း စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

အောက်ဆိပ်လျှပ်စစ်မြစ်ရေတင် စီမံကိန်းဝန်ထမ်းများနှင့် စိုက်ပျိုးရေပေးဝေရေးကော်မတီ တာဝန်ရှိသူများက နွေသီးနှံ ပဲတီစိမ်း ဧက ၅၀၀ ပြည့်မီစွာ စိုက်ပျိုးရေး၊ နွေသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးရေ ပြည့်ဝစွာ ပေးနိုင်ရေးအတွက် ရေခေါ်မြောင်း၊ ရေပေးမြောင်း လက်တံများ ကောင်းမွန်ရေး၊ စိုက်ပျိုးရေ လေလွင့်မှုမရှိဘဲ စနစ်တကျ သုံးစွဲရေးတို့ကို အမြဲကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နွေသီးနှံ(ပဲတီစိမ်း) စိုက်ပျိုးတောင်သူများအနေဖြင့် စိုက်ပျိုးရေအတွက် ရယူသုံးစွဲရာတွင် နွေတစ်ရာသီစာအတွက် ယခင်စိုက်ပျိုးရာသီ ရေဖိုးဈေးနှုန်းအတိုင်း တစ်ဧကလျှင် ငွေကျပ် ၃၀၀၀ သတ်မှတ်ထားရှိပြီး စိုက်ပျိုးရေ ပြည့်ဝစွာပေးသွားမည်ဖြစ်ကြောင်း အောက်ဆိပ်လျှပ်စစ်မြစ်ရေတင် စီမံကိန်း စိုက်ပျိုးရေပေးဝေရေးကော်မတီမှ ဦးဝင်းဦးက ပြောသည်။

ပဲတီစိမ်း စိုက်ပျိုးရာတွင် မြေအောက်ရေတင်စနစ် အသုံးပြုပြီး စိုက်ပျိုးမည်ဆိုပါက တစ်ရာသီစာအတွက် တစ်ဧကလျှင် ငွေကျပ် ၆၀၀၀၀ ခန့်ရေသွင်းစက်ငှားခ ကုန်ကျမှုရှိကြောင်း သိရသည်။ **စိုးလင်းနိုင်(IPRD)**



အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား ( ၂၀၂၂ ခုနှစ် )

" စဉ်ဆက်မပြတ် တိုးတက်ဖို့ ကျား မ တန်းတူ ညီမျှစို့ "

" Gender equality today for a sustainable tomorrow "

၈-၃-၂၀၂၂ နေပြည်တော်

## နှစ်စဉ်ကျောင်းသား ကျောင်းသူ ၆၀၀ ခန့်မှ ၁၀၀၀ ခန့်ထိ တက်ရောက်ပညာသင်ကြားနိုင်သော အစိုးရစက်မှုလက်မှုသိပ္ပံ(ဘားအံ) တည်ဆောက်လျက်ရှိ

ဘားအံ မတ် ၃

နှစ်စဉ်ကျောင်းသား ကျောင်းသူ ၆၀၀ ခန့်မှ ၁၀၀၀ ခန့်ထိ တက်ရောက်ပညာသင်ကြားနိုင်သော အစိုးရစက်မှုလက်မှုသိပ္ပံ(ဘားအံ)ကို ဘားအံမြို့ တောင်ကလေး တိုးချဲ့မြို့ပြအိမ်ရာစီမံကိန်းအနီးတွင် တည်ဆောက်လျက်ရှိရာ မတ် ၃ ရက် မွန်းလွဲ ၁ နာရီခန့်က ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံ(ဘားအံ)တွင် သီဟမင်းဆွေဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသော (၂၁၇ ပေ x ၃၁၀ ပေ) သံကူကွန်ကရစ်သုံးထပ်ပင်မဆောင် တည်ဆောက်ခြင်းလုပ်ငန်းအား သွားရောက်ကြည့်ရှုစစ်ဆေးရာ အစိုးရနည်းပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းမိုးမိုးကြည်နှင့် တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားကာ တည်ဆောက်ရေးလုပ်ငန်းအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရှားမူလာကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသော (၁၂၅ ပေ x ၈၂ ပေ x ၁၈ ပေ) Steel Structure တစ်ထပ်အလုပ်ရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ထူးမြတ်ဂုဏ်ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသော (၂၁၁ ပေ x ပေ ၇၀) RC နှစ်ထပ် နန်းငုဝါကျောင်းသူအိပ်ဆောင် တည်ဆောက်ခြင်းလုပ်ငန်း၊ နန်းထိုက်ဝင်းကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသော (၇၈ ပေ x ၉၄ ပေ) RCC လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်း၊ ထူးမြတ်လျှံကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသော (၇၈ ပေ x ၉၄ ပေ) RCC လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်း၊ စိုးမိုးသူကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသော (၂၁၁ ပေ x ပေ ၇၀) RCC သုံးထပ် ကျောင်းသားအိပ်ဆောင် တည်ဆောက်ခြင်းလုပ်ငန်း၊ သမိန်ဗရမ်းဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသော (၇၈ ပေ x ၉၄ ပေ) RCC လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ပြည်နယ်(ပြန်/ဆက်)

## ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း (တီတီစီ)၌ သတင်းအမှား၊ အမှန် ခွဲခြားသုံးသပ်နိုင်ရေး ဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၃

ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့ ပူးပေါင်းကျင်းပသော သတင်းမှား၊ သတင်းအမှန် ခွဲခြားသုံးသပ်နိုင်စေရေး အသိပညာပေးဆွေးနွေးပွဲကို မတ် ၃ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း(တီတီစီ)၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ (၁)ဦးမျိုးထွန်း (မောင်စိမ်းနောင်လယ်ဝေး)၊ အတွင်းရေးမှူး ဦးအောင်ပြည့်စုံ (ပြည့်အောင်)နှင့် တွဲဖက်အတွင်းရေးမှူး (၂) ဦးသက်နိုင်ဦးတို့က တက်ရောက်ဆွေးနွေး ဟောပြောကြသည်။

ဟောပြောပွဲတွင် ကျောင်းသား ကျောင်းသူများအနေဖြင့် သတင်းများကို အမှား၊ အမှန် ခွဲခြားသုံးသပ်နိုင်စေရန် သာဓကများ၊ အချက်အလက်များ အပြည့်အစုံဖြင့် ဆွေးနွေးကြပြီး လူမှုကွန်ရက် စာမျက်နှာများတွင် ဖော်ပြလျက်ရှိသော သတင်းများကို နည်းပညာများအသုံးပြု၍ အမှန်၊ အမှား ခွဲခြားသုံးသပ်နိုင်မည့် နည်းလမ်းများ အပြင် ကျောင်းသားလူငယ်များအနေဖြင့် အမိနိုင်ငံတော်ကို ချစ်မြတ်နိုးရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ စာပေဖတ်ရှုလေ့လာမှုပြုကြရေး၊ မိဘဆရာသမားတို့၏ ကွပ်ကဲမှုအနည်းဆုံးဖြင့် အောင်မြင်မှုများရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရမည့် အကြောင်းများကိုလည်း ထည့်သွင်းဆွေးနွေး ဟောပြောကြသည်။

**အမှတ်တရ လက်ဆောင်ပေးအပ်**

ဆက်လက်ပြီး မြန်မာနိုင်ငံ သတင်းမီဒီယာသမိုင်းစာအုပ်များနှင့် အခြားသိမှတ်ဖွယ်ရာ စာအုပ်များကို ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း(တီတီစီ)မှ ကျောင်းအုပ်ဆရာမကြီးထံသို့ အမှတ်တရ လက်ဆောင် ပေးအပ်ပြီးနောက် ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားသို့ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ကြပြီး



မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် သတင်းအမှန်၊ အမှား ခွဲခြားသုံးသပ်နိုင်စေရေး ဟောပြောပွဲများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များပေါ် မူတည်၍ အခြေခံပညာကျောင်းများတွင် ဆက်လက်ပြုလုပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

သတင်းစဉ်

## မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်း မင်္ဂလာကန် လှပစွာတည်ဆောက်ပြီးစီး၊ ပြည်သူများ အနားယူအပန်းဖြေနိုင်တော့မည်

ရန်ကုန် မတ် ၃

မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်းရှိ မင်္ဂလာကန်သည် ပြည်လမ်း အင်းလျားကန်နှင့် ကန်တော်ကြီး သဘာဝဥယျာဉ်များကဲ့သို့ သဘာဝပတ်ဝန်းကျင်အခြေခံကောင်းသော နေရာတစ်ခုအဖြစ် အပန်းဖြေနားနေနိုင်ရန်၊ ပြည်သူများအတွက် စိမ်းလန်းသောဇရိယာတစ်ခု ဖြစ်တည်ပေါ်ပေါက်လာစေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာ ယခုအခါတွင် ကန်ပေါင် စိမ်းလန်းစိုပြည်သာယာလှပရေးနှင့် စက်ဘီးလမ်း၊ စင်္ကြံလမ်း၊ အရှည်ပေ ၁၂၀၀ ခန့် ကွန်ကရစ်လမ်းတို့ကို တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။



မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်း မင်္ဂလာကန်ပေါင် တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

ရန်ကုန်မြို့၏ စီးပွားရေးအရ အရေးပါသော ပြည်လမ်းမကြီးဘေးတွင် တည်ရှိနေခြင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း တည်ရှိမှု၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်နှင့် စွယ်တော် City မြို့တော်၊ ပြည်တွင်းပြည်ပစက်မှုဇုန်များ၊ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်၊ ပတ္တမြားမြို့သစ်နှင့် ထောက်ကြန့်တိုးချဲ့ရပ်ကွက်တို့ ရှိလာခြင်းတို့ကြောင့် မြို့ပြလူနေထိုင်မှုအတွင်း ပြည်သူများ အပန်းဖြေနိုင်သည်။

မင်္ဂလာကန် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ရေပိုလွှဲနှင့် ရေထုတ်မြောင်းအနီး အလျားပေ ၁၂၀၊ အနံ ပေ ၅၀ ရှိသော ရေစုကန်ကိုလည်း တူးဖော်တည်ဆောက်ခြင်းမှာ ပြီးစီးလုနီးဖြစ်ကာ ကန်ပေါင်ပတ်ဝန်းကျင်တစ်လျှောက် စိမ်းလန်းသော မြက်ခင်းများ စိုက်ပျိုးခြင်း၊ ကန်ပေါင်ပေါ်စင်္ကြံလမ်းတစ်လျှောက် အရိပ်ရပင်၊ ပန်းအလှပင်နှင့် အနားယူအပန်းဖြေနိုင်သော သစ်သားထိုင်ခုံများ ထားရှိခြင်း၊ ၅၇ ဒသမ ၅ ဧက ကျယ်ဝန်းသော ကန်ရေပြင် ကြည်လင်စေရေးနှင့် ရေရှည်တည်တံ့စေရန် ရေပိုလွှဲမှထုတ်သော ရေများကို ခရေပင်လမ်း Box Culvert မှတစ်ဆင့် တကူခြံချောင်းအတွင်းသို့ စီးဆင်းသောရေများကို လှိုင်မြစ်အတွင်းသို့ရောက်ရှိရန် ဆောင်ရွက်တည်ဆောက်ထားခြင်းဖြစ်သည်။

ယနေ့ မင်္ဂလာကန် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာသပ်ရပ်ရေးတို့ကို ဆောင်ရွက်ပေးခြင်းဖြင့် မင်္ဂလာဒုံမြို့နယ်အတွင်း ရေစီးရေလာ ပိုမိုကောင်းမွန်ပြီး အများပြည်သူအပန်းဖြေရာ စိမ်းလန်းသောဇရိယာတစ်ခု မကြာမီပေါ်ပေါက်လာတော့မည်ဖြစ်သည်။

သတင်းနှင့်ဓာတ်ပုံ-စောရွှေဂွန်း

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

နေပြည်တော် မတ် ၃

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရှိသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက်ပိုမိုသိရှိစေငြောင်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ရန်ကုန်မြို့ရှိ တက္ကစီအရောင်းအဝယ်ဈေးကွက်၌ ဆီစားသက်သာသော ကားလေးများအပါအဝင် ဂက်စ်ကားများအား ကြိုက်ရောင်း ကြိုက်ဝယ်မှုများ ရှိလာ

ရန်ကုန် မတ် ၃

ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ မြင့်တက်နေမှုကြောင့် ရန်ကုန်မြို့ရှိ တက္ကစီအငှားယာဉ် အရောင်းအဝယ်ဈေးကွက်၌ ဆီစားသက်သာသော အင်ဂျင်ပါဝါ 660 CC နှင့် 1000 CC ကားလေးများအပါအဝင် မော်ဒယ်နိမ့် ဂက်စ်ကားများအား ကြိုက်ရောင်းကြိုက်ဝယ်မှုများရှိလာကြကြောင်း ရန်ကုန်ကားဈေးကွက်အသိုင်းအဝိုင်းမှ သိရသည်။

"ဒီရက်ပိုင်းတွေမှာ ပြည်တွင်းစက်သုံးဆီဈေးနှုန်းတွေက အဆမတန်မြင့်တက်နေတော့ အင်ဂျင်ပါဝါနည်းတဲ့ 660 CC Suzuki အုပ်စုနဲ့ Dihatsu အမျိုးအစားတွေအပါအဝင် အင်ဂျင်ပါဝါသေးတဲ့ တိုယိုတာအမျိုးအစားကားလေးတွေကိုပဲ တော်တော်များများက အဝယ်လိုက်လာကြတယ်။ ဓာတ်ဆီသုံး အင်ဂျင်ပါဝါ 1500 CC၊ 1800 CC၊ ဒီဇယ် 2C နဲ့ 3C ယာဉ်တွေကတော့ ဒီကာလမှာ နည်းနည်းအဝယ်အေးနေပြီး CNG သုံး ကားတွေကျပြန်တော့လည်း အဝယ်လိုက်လာပါတယ်။ ဒါက လက်ရှိလမ်းကြောင်းပေါ်မှာ အသုံးပြုနေကြတဲ့ ကားတွေရဲ့ဈေးကွက်ဖြစ်ပြီး ကားကုမ္ပဏီကြီးတွေ၊ စက်ရုံတွေနဲ့ ကားအရောင်းပြခန်း Show Room တွေက ရောင်းတဲ့ အိမ်စီးအသစ်စက်စက်ကားတွေကတော့ ဒီရက်ပိုင်း အရောင်းအဝယ်အေးနေပါတယ်"ဟု ရန်ကုန်ကားဈေးကွက်အသိုင်းအဝိုင်းရှိ ကားအရောင်းအဝယ်လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။



ခရီးသည်တင်ယာဉ်များ၊ တက္ကစီအငှားယာဉ်များနှင့် ကိုယ်ပိုင်ယာဉ်များ မောင်းနှင်နေသည့် ရန်ကုန်မြို့လယ်ကောင်၏ စည်ကားမှုမြင်ကွင်းကို တွေ့ရစဉ်။

မတ် ၃ ရက် နံနက်ပိုင်းတွင် ပြည်တွင်း စက်သုံးဆီလက်လီဈေးနှုန်းမှာ တစ်လီတာလျှင် ငွေကျပ် ၂၀၀၀ ကျော်အထိ စံချိန်တင်မြင့်တက်ခဲ့ရာ စက်သုံးဆီလက်လီဈေးနှုန်းများ စာရင်းအရ အောက်တိန်း 92 တစ်လီတာလျှင် ၂၀၁၅ ကျပ်၊ အောက်တိန်း 95 တစ်လီတာလျှင် ၂၁၅၅ ကျပ်၊ Diesel တစ်လီတာလျှင် ကျပ် ၂၀၂၀ နှင့် PRIMIUM Diesel တစ်လီတာလျှင် ၂၀၄၅ ကျပ်ရှိကြောင်း သိရပြီး လက်ရှိ ပြည်တွင်းဈေးကွက်အတွင်း၌ စက်သုံးဆီလက်လီဈေးနှုန်းများမှာ ယခင်ကာလ ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက နှစ်ဆမက အဆမတန် ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း သိရသည်။

သတင်း-ပွင့်သစ္စာ၊ဓာတ်ပုံ-စိုးမြင့်အောင်

■

## သုံးစွဲသူနည်းလာသဖြင့် မြို့သစ်မြို့ရှိ ပန်းပဲဖိုလုပ်ငန်းများ ပျောက်ကွယ်လုနီးပါးဖြစ်နေ

မြို့သစ် မတ် ၃

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ရှိ မြန်မာ့ရိုးရာလက်မှုပညာတစ်ခုဖြစ်သည့် ပန်းပဲလုပ်ငန်းမှာ သုံးစွဲသူနည်းပါးလာသဖြင့် လုပ်ငန်းများ ပျောက်ကွယ်လုနီးပါး ဖြစ်နေကြောင်း မြို့သစ်မြို့ရှိ ပန်းပဲလုပ်ငန်း လုပ်ကိုင်သူများထံမှ သိရသည်။

မြို့သစ်မြို့ပေါ်တွင် တစ်ချိန်က ပန်းပဲဖို ခုနစ်ဖိုခန့်ရှိခဲ့ပြီး ဓားနှင့် လယ်ယာသုံးပစ္စည်းများ၊ လက်သမားသုံးပစ္စည်းများကို ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

"မြို့သစ်ဆိုတာ တစ်ချိန်က ပန်းပဲဖို ထွက်ပစ္စည်းတွေဖြစ်တဲ့ ကတ်ကြေးနဲ့ ကိုင်းရမ်းဓားနာမည်ကျော်ခဲ့တဲ့ဒေသ ဖြစ်ပါတယ်။ မြို့သစ်က ထွက်တဲ့ ကတ်ကြေး၊ ကိုင်းရမ်းဓားကို ၁၀ နှစ်လောက် အာမခံတယ်။ ပန်းပဲဖိုတွေကလည်း တစ်လက်ဆိုတစ်လက် ခိုင်ခံ့အောင်ပြုလုပ်ပြီး အာမခံနဲ့ ရောင်းချပေးတယ်။ ယခုနောက်ပိုင်း အာမခံချက်မရှိတဲ့ပစ္စည်းတွေ ဝင်လာတော့ အာမခံနဲ့ ပြုလုပ်ရောင်းချတဲ့ ပစ္စည်းတွေကို သုံးစွဲသူနည်းလာခဲ့ပါတယ်" ဟု ပန်းပဲလုပ်ငန်းလုပ်ကိုင်သူ ဦးမောင်ဦးက ပြောသည်။

ပန်းပဲလုပ်ကိုင်ရာတွင် ကွမ်းညှပ်၊ ကတ်ကြေးလိုင်း၊ တံစဉ်၊ တူရွင်း၊ ပေါက်ပြား၊ ဂေါ်ပြား၊ ဆောက်သွား၊ ရေပေါ်သွား၊ တူ စသည့်လုပ်ငန်းလိုင်း၊ ဓားသီးသန့် လိုင်း၊ လှည်းမြီးချသည့်လုပ်ငန်းလိုင်း ဟူ၍ရှိရာ လယ်ယာသုံးဖြစ်သည့် ထယ်သွား၊ ထွန်သွားများကိုလည်း သီးသန့်ထုတ်လုပ်ကြကြောင်း သိရသည်။

လက်ရှိကာလတွင် ပန်းပဲဖိုများအနေဖြင့် ထင်းမီးသွေးရှားပါးကာ ဈေးကြီးပေးဝယ်ရခြင်း၊ ပန်းပဲဖိုအလုပ်သမားရှားပါးလာခြင်းနှင့် နိုင်ငံရပ်ခြားမှ ဝင်လာသည့် သံထည်ပစ္စည်းများမှာ ဈေးပေါပေါဖြင့် ဝယ်ယူရရှိခြင်းတို့ကြောင့် ပန်းပဲဖိုလုပ်ငန်းများမှာ တဖြည်းဖြည်းပျောက်ကွယ်လုနီးပါးဖြစ်ရကြောင်း မြို့သစ်မြို့နယ်ရှိ ပန်းပဲလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

သန်းဝင်းထွန်း(ပြန်/ဆက်)

## ရေတာရှည်မြို့နယ်တွင် ကုန်ထုတ်လမ်းနှင့် စက်ရေတွင်းများတူးဖော်ပြီးစီးမှု ကွင်းဆင်း စစ်ဆေး



ရေတာရှည် မတ် ၃

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၉၄ ဒသမ ၅ သန်းဖြင့် ဝါးရုံတောကျေးရွာအုပ်စု ကျောက်ကုန်းကုန်ထုတ်လမ်း အရှည် ၂ မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ၊ ရေပြွန်ပါတံတား သုံးစင်း၊ ပိတောက်ခင်ကျေးရွာအုပ်စုသဲကောကျေးရွာ၊ ရွာသစ်ကျေးရွာတို့တွင် ခွင့်ပြုရန်ပုံငွေကျပ် ခြောက်သန်းစီဖြင့် အနက်ပေ ၄၀၀၊ နှစ်လက်မ တွင်းနက်စက်ရေတွင်း တူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဝေထွန်း၊ တောင်ငူခရိုင် ဦးစီးမှူး ဦးသန့်ဇင်မျိုးတို့က ယမန်နေ့မွန်းလွဲပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ညွန့်က လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြခဲ့ပြီး ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

# ယနေ့လူငယ်နှင့် မြန်မာ့ယဉ်ကျေးမှု

ကိုဇော်ဌေး(ယဉ်ကျေးမှု)

အသက်အရွယ်ကန့်သတ်ချက်တို့ ကွဲပြားနေကြပြား အနာဂတ်ခြေလှမ်းတို့ကို ပိုင်ဆိုင်နေသူသည် လူငယ်ပင်ဖြစ်သည်။ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကမူ အသက် (၁၅) နှစ်မှ (၃၅) နှစ်အထိကို လူငယ်ဟု ဆိုသည်။ ပျိုမျစ်နုနယ်သောအရွယ်ရှိသူသည် လူငယ်ပင် ဖြစ်သည်။ ယနေ့လူငယ်ဟူသည် ၂၀၂၂ ခုနှစ်ကာလအတွင်း ပျိုမျစ်နုနယ်သောလူငယ်အားလုံးပါဝင်သည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်ထောင်စုအကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ လူဦးရေ၏ ၄၆ ဒသမ ၅ ရာခိုင်နှုန်းသည် ကလေးသူငယ်များဖြစ်ကြ၍ ယင်းလူငယ်ထုသည် ယနေ့လူငယ်ကဏ္ဍတွင် နိုင်ငံအတွက် အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်နေသည်။ လျစ်လျူရှု၍မရနိုင်သော ထိုစွမ်းအားစုကြီးသည် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းပေးနိုင်သော လူငယ်ထုကြီးဖြစ်လာရန် အရေးကြီးသည်။

### လူငယ်တို့ထံ ကျရောက်လာပြီ

ယဉ်ကျေးမှုတွင် "သိမ်မွေ့ပြေပြစ်သော တတ်သိလိမ္မာမှု၊ တိုးတက်ထွန်းကားသော လူမှုအဆင့်အတန်း၊ အစဉ်အလာအားဖြင့် ထိန်းသိမ်းတည်ရှိလာသော ဓလေ့ထုံးတမ်း" စသည်တို့ပါဝင်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် ကိုယ်ပိုင်ယဉ်ကျေးမှုများ ရှိစမြဲပင်ဖြစ်သည်။ မြန်မာအမျိုးသားတိုင်းရင်းသားများတွင်လည်း မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ စရိုက်လက္ခဏာသည် တသီးတခြား ထင်ရှားခိုင်မာစွာရှိသည်။ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်းတို့သည် ရှေးဘိုးဘေးဘီဘင်တို့က အစဉ်အလာအားဖြင့် ထိန်းသိမ်းတည်ရှိလာသောကြောင့် ယနေ့ထက်တိုင် ခိုင်မြဲတည်ရှိနေခြင်းဖြစ်သည်။ ခိုင်မြဲတည်ရှိနေသည့် မြန်မာ့ယဉ်ကျေးမှုကို ဆက်လက်သယ်ဆောင်ထိန်းသိမ်းရမည့်တာဝန်သည် ယနေ့လူငယ်တို့ထံ ကျရောက်လာပြီ ဖြစ်သည်။

"ထိန်း"ခြင်းသည် ကြည့်ရှုစောင့်ရှောက်ခြင်းပင်ဖြစ်သည်။ အဘိုးက၊ အဘွားက၊ အဖေက၊ အမေက လူငယ်ထံ ယုံကြည်စွာ ပေးအပ်လာ၍ဖြစ်စေ၊ ဆက်ခံရမည့် အစဉ်အလာဖြစ်စေ၊ ဘိုးဘွားတို့၏ ယဉ်ကျေးမှုအမွေကို လက်ခံရရှိလာသည့်လူငယ်သည် ထိန်းသည့်သဘောဖြင့် ကြည့်ရှုစောင့်ရှောက်ရမည်ဖြစ်သည်။ ကြည့်ရှုစောင့်ရှောက်ရုံသာမက မပျောက်မပျက်၊ မထိမရှ၊ မပွန်းမပဲ့အောင်လည်း သိမ်းရတော့မည် ဖြစ်သည်။ "သိမ်း" ခြင်းသည် လုံခြုံအောင်ထားခြင်းပင်ဖြစ်သည်။ သို့ကြောင့် ထိန်းသိမ်းခြင်းသည် လုံခြုံအောင် ကြည့်ရှုစောင့်ရှောက်ခြင်းပင် ဖြစ်တော့သည်။ ယဉ်ကျေးမှုသည် တိုင်းပြည်တည်ရှိလာသော စံနှုန်းသတ်မှတ်ချက်ဖြစ်သည်။ တိုင်းပြည်၏မျက်နှာစာလည်းဖြစ်သည်။ ထိုအရာတို့ ဆက်လက်မြဲမြံစေခြင်းသည် လုံခြုံအောင် ကြည့်ရှုစောင့်ရှောက်ခြင်းပင်ဖြစ်သည်။ တစ်ခါတစ်ရံဝယ် လေးနက်စွာဖြင့် ယဉ်ကျေးမှုကိုပင် ရိုးရာယဉ်ကျေးမှုဟုလည်း တင်စားကြသည်။ ဥပမာဆိုရလျှင် အဘိုးတို့က ပုဆိုး တိုက်ပုံဝတ်ခဲ့သည်။ အဖေကလည်း ပုဆိုး၊ တိုက်ပုံဝတ်ခဲ့သည်။ အဘိုးတို့၊ အဖေတို့ ပုဆိုး၊ တိုက်ပုံဝတ်ခဲ့ခြင်းသည် ရိုးရာဖြစ်သည်။ ပုဆိုး၊ တိုက်ပုံဝတ်ခဲ့ကြခြင်းကို သမိုင်းတွင် ရေးထိုးခဲ့ကြသည်။ ရိုးရာသည်သမိုင်းဖြစ်လာ၍ သမိုင်းသည် ယဉ်ကျေးမှုပင်ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုသည် မြန်မာ့သမိုင်းဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုနှင့် လျော်ညီစွာ ဝတ်စားဆင်ယင်မှုများ၊ နေထိုင်စားသောက်မှုများ၊ ပြုမူဆက်ဆံမှုများ၊ စာပေ၊ ဂီတ၊ သဘင်၊ ပြဇာတ် စသည့် အနုပညာများ၊ ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုများ အစရှိသည့် အကြောင်းအရာများသည် လူငယ်တို့ ထိန်းသိမ်းရမည့်အရာများပင်ဖြစ်သည်။

ယဉ်ကျေးမှုဟုဆိုရာ၌ Culture နှင့် Civilization တို့သည် ရောထွေးသွားပြန်သည်။ လူမှုဗေဒပညာရှင်များကမူ Culture နှင့် Civilization တို့သည် တသီးတခြား စည်းခြားသတ်မှတ်ထားသောအရာများဟု ပြတ်သားစွာ ပြောကြသည်။ Culture သည် အဆုံးသတ်ရလဒ်ဖြစ်ပြီး Civilization သည် ယင်းရလဒ်အတွက် နည်းလမ်းဟုဆိုကြသည်။ ယဉ်ကျေးမှု(Culture) တစ်ခုတည်း၊ ယဉ်ကျေးမှုသက်သက်၌ စံတန်ဖိုးမပါသော်လည်း လူမှုဘဝတိုးတက်မှု (Civilization )ကို အကဲဖြတ်တိုင်းတာရာတွင် ယဉ်ကျေးမှုသည် မရှိမဖြစ် ပါဝင်လာရသည်။ ယဉ်ကျေးမှုသည် မျက်နှာစာ၌ အမြဲနေနေခြင်း မဟုတ်ပါချေ။ ခေတ်မီလူ့အဖွဲ့အစည်းကမူ ရှေ့သို့ ထိုးထွက်တတ်သည့်သဘော ရှိလေသည်။ သို့ကြောင့်ပင် ခေတ်မီလူ့အဖွဲ့အစည်းအတွင်းရှိ လူငယ်တို့နှင့် ယဉ်ကျေးမှုစံနှုန်းများနှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းသောသူများအကြား ပွတ်တိုက်မှုများ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ယဉ်ကျေးသော လူ့အဖွဲ့အစည်းတစ်ရပ်သည် Civilization များ ထွန်းကားခြင်းမဟုတ်ဘဲ Culture ဖွံ့ဖြိုးမှုအားကောင်းရန် တောင်းဆိုခြင်းသာဖြစ်သည်။

> ကူးလူးဆက်နွယ်လာသော ယဉ်ကျေးမှုများအတွင်းမှ မထင်မှတ်သော အကြောင်းအရာများ ပါဝင်လာတတ်သောကြောင့် ယဉ်ကျေးမှုထိန်းသိမ်းခြင်းသည် နိုင်ငံတော်ကို ယဉ်ကျေးမှုခံတပ်ဖြင့် တစ်နည်းတစ်ဖုံ ကာကွယ်နေခြင်းဟု ဂုဏ်ယူစွာပြောနိုင်ပါလိမ့်မည်။ ဖီလာပြုနေသည့် ပြောဆိုဆက်ဆံခြင်းများ၊ ကြမ်းတမ်းရိုင်းစိုင်းခြင်းများ၊ အကြောက်တရားကင်းမဲ့မှုများ၊ တရားဥပဒေကို အလွယ်တကူ ချိုးဖောက်နေခြင်းများသည် စိုးရိမ်စရာကောင်းသည်။ ယဉ်ကျေးမှုဆုတ်ယုတ်သည့် ပြယုဂ်များပင်ဖြစ်ပါသည်။ မြန်မာ့ယဉ်ကျေးမှုက သင်ကြားပြသဆိုဆုံးမမှုများနှင့် အံချော်လျက်ရှိသည်။ အချိန်မီကုစားကြရန် တိုက်တွန်းလို

တောင်းဆိုသင့်သောအရာလည်းဖြစ်သည်။

### ကြီးမားသောအပြောင်းအလဲသုံးခု ဖြစ်ပေါ်

လူ့သမိုင်း၏ဖြစ်ပေါ်တိုးတက်မှုတွင် ကြီးမားသောအပြောင်းအလဲသုံးခု ဖြစ်ပေါ်ခဲ့သည်ဟု ဆိုကြသည်။ ယင်းကို လှိုင်း(wave)ပမာ တင်စားကြသည်။ ပထမလှိုင်းသည် လယ်ယာစိုက်ပျိုးရေး ယဉ်ကျေးမှုဖြစ်ပြီး ဘီစီ ၈၀၀၀ မှ အေဒီ ၁၆၅၀-၁၇၅၀ အထိ နှစ်ပေါင်းတစ်သောင်းခန့်ကြာမြင့်ခဲ့သည်။ ထိုကာလသည် အပြောင်းအလဲနှေးကွေးသည့်လှိုင်းပင်ဖြစ်သည်။ ဒုတိယလှိုင်းမှာ စက်မှုယဉ်ကျေးမှုဖြစ်သည်။ အေဒီ ၁၆၈၀-၁၉၈၀ အထိ နှစ်ပေါင်းသုံးရာခန့် ကြာမြင့်သည်။ ထိုကာလတွင် ပြင်သစ် ရူပဗေဒပညာရှင် ဒင်းနစ်ပစ်ပင်က ရေနွေးငွေ့အင်ဂျင်၊ သောမက်စ်နယူးကိုမင်းက အင်ဂျင်တို့ကို တီထွင်ဖန်တီးနိုင်ခဲ့သည်။ တတိယလှိုင်းကာလကို ၁၉၈၀ ပြည့်နှစ်မှ ယနေ့အထိဟု ဆိုကြသည်။ ထိုလှိုင်းခေတ်ကို အာကာသခေတ်၊ သတင်းခေတ်၊ အီလက်ထရွန်နစ်ခေတ်၊ ကမ္ဘာ့ရွာ၊ စက်မှုလွန်ခေတ်ဟု အမျိုးမျိုးတင်စားခေါ်ဝေါ်ကြသည်။ ကမ္ဘာ့ရွာဟုဆိုသည့်အတိုင်း ကမ္ဘာအနှံ့ဖြစ်စဉ် (Globalization) သည်လည်း သက်ရောက်လာတော့သည်။ ယဉ်ကျေးမှု အထွေထွေ၊ လူမျိုးအများအပြား၊ စရိုက်ပေါင်းစုံကို မြင်ရတွေ့ရလာပြီး မိမိအမျိုးသားယဉ်ကျေးမှုကို စည်းတားထိန်းသိမ်းရာ၌ စိန်ခေါ်မှုများ ရှိလာတော့သည်။ နိုင်ငံတစ်ခုအတွင်းမှာပင် ရောထွေးယှက်နွယ်လာသည့် ဗဟုယဉ်ကျေးမှုများ ဖြစ်ပေါ်လာသည်။ ထိုအခါ ယဉ်ကျေးမှုချင်း ထိပ်တိုက်တွေ့ဆုံခြင်းဖြစ်စေ၊ ပေါင်းစပ်ခြင်းဖြစ်စေ ဖြစ်လာနိုင်သည်။ စိုးရိမ်စရာကောင်းသည်။ ယဉ်ကျေးမှုရှော့ခ် (Culture Shock) ရသွားနိုင်သည်ဟု ဆိုကြသည်။

### ဆိုကရေးတီးပြိုင်ပွဲမျိုးဖြင့် ထိန်းသိမ်း

Globalization ကြောင့်ပင် ယဉ်ကျေးမှုတစ်သားတည်းဖြစ်ခြင်း (Homogenization)၊ ယဉ်ကျေးမှုနှစ်ခြမ်းကွဲခြင်း (Polarization)နှင့် ယဉ်ကျေးမှုမျိုးကွဲခြင်း၊ ပေါင်းစပ်ခြင်း (Hybridization) တို့ ဖြစ်လာနိုင်သည်။ ယဉ်ကျေးမှုတစ်သားတည်းဖြစ်လာခြင်းဆိုသည်မှာ အနောက်တိုင်း သို့မဟုတ် အမေရိကန်ပုံစံအတိုင်း ဖြစ်လာခြင်းကိုဆိုသည်။ ယဉ်ကျေးမှုနှစ်ခြမ်းကွဲခြင်းဆိုသည်မှာ အနောက်တိုင်း Globalization နှင့် ယင်းကို ဆန့်ကျင်သူများအကြား ယဉ်ကျေးမှုအရစစ်ပွဲများဖြစ်ပွားခြင်းပင်ဖြစ်သည်။ ယဉ်ကျေးမှုမျိုးကွဲခြင်း၊ ပေါင်းစပ်ခြင်းတွင် ကွဲပြားခြားနားသော ယဉ်ကျေးမှုများ ပေါင်းစည်းခြင်းပင်ဖြစ်သည်။ စာပေနှင့် အနုပညာနယ်ပယ်တွင် ဖြစ်ပေါ်နိုင်သည်ဟု ဆိုသည်။ နိုင်ငံအချင်းချင်း ယဉ်ကျေးမှုဖလှယ်ရာမှလည်း ပေါ်ပေါက်နိုင်သည်။ Globalization ဖြစ်စဉ်တွင် ယင်းရေစီးကြောင်း အားသန်မှုကို တားဆီး၍ မရနိုင်ချေ။ လုပ်နိုင်သည်မှာ မိမိတို့အတွက် အကျိုးဖြစ်ထွန်းမှုကိုရယူပြီး တစ်ဖက်တွင်လည်း အမျိုးသားယဉ်ကျေးမှုလက္ခဏာများ မပျောက်ပျက်စေရန် ထိန်းသိမ်းခြင်းပင်ဖြစ်သည်။ ဥပမာပြရလျှင် ဆိုကရေးတီး ပြိုင်ပွဲမျိုးဖြင့် လုပ်နိုင်သမျှ ထိန်းသိမ်းခြင်းပင်ဖြစ်သည်။

Globalization အရ ယဉ်ကျေးမှု ဝါးမျိုရန် လွယ်ကူသောနေရာသည် လူငယ်တို့ပင်ဖြစ်သည်။ ထိုအခါ လူငယ်တို့နှင့် ယဉ်ကျေးမှုအကြား ပွတ်တိုက်မှုများ ရှိလာကြသည်။ မြန်မာ့ယဉ်ကျေးမှုနှင့် လူငယ်တို့အကြား၌လည်း စိန်ခေါ်မှုများရှိလာကြသည်။ ထိုစိန်ခေါ်မှုကို ဖြေရှင်းရာတွင် မြန်မာ့ယဉ်ကျေးမှုသမိုင်းကြောင်းသာမက မျိုးချစ်စိတ်ကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ အသစ်အသစ်သော စိန်ခေါ်မှုများ၊ ပြဿနာများသည် ယနေ့လူငယ်တို့၏ ယဉ်ကျေးမှုဆိုင်ရာ အသိဉာဏ်(CQ) ပေါ်၌ အခြေခံမည်ဖြစ်သည်။ Culture Intelligence ဟူသည် လူတစ်ဦးက သူ၏ ယဉ်ကျေးမှုဓလေ့ထုံးစံကို မြတ်နိုးသကဲ့သို့ အခြားသူ၏ ယဉ်ကျေးမှုဓလေ့ထုံးစံကိုလည်း အသိအမှတ်ပြုရန်လိုအပ်ခြင်းဖြစ်သည်။ CQ ကို လူတစ်ဦးချင်း၏ အသိဉာဏ်တိုင်းတာရာအညွှန်းကိန်း (IQ) တိုင်းတာရာ၌ အသုံးပြုသကဲ့သို့ အလားတူ အတိုင်းအတာများဖြင့် တိုင်းတာကြသည်။ CQ ပို၍ မြင့်မားလာသူများသည် CQ နိမ့်ပါးသောသူများထက် လုပ်ငန်းဆိုင်ရာ ကျင့်သုံးမှုများကို ထိရောက်စွာ အသုံးပြုနိုင်သည်။ မည်သည့်ဝန်းကျင်သို့မဆို အောင်မြင်စွာ ဝင်ဆံ့နိုင်စွမ်းရှိသူများဖြစ်သည်။ ယဉ်ကျေးမှုများအကြား စွမ်းဆောင်ရည်ကို ခန့်မှန်းရန်နှင့် တိုင်းတာရန် နည်းလမ်းပေါ်ဝယ် အခြေခံထားသဖြင့် ယနေ့လူငယ်တို့၏ CQ ပေါ်၌ များစွာတည်မှီနေလေသည်။

### လက်ခံဖွယ်နည်းလမ်းတို့ကို လမ်းသစ်ဖောက်ပြ

မြန်မာ့ယဉ်ကျေးမှုသည် မြန်မာတို့၏ အငွေ့အသက်တို့ဖြင့် ထုံမွမ်းထားသော ဒြပ်ရှိ၊ ဒြပ်မဲ့အစုအဝေးတို့ပင် ဖြစ်သည်။ ယဉ်ကျေးခြင်းသည် ကောင်းသောလက္ခဏာပင် ဖြစ်သည်။ ယဉ်ကျေးမှုပပျောက်သည်ဆိုရာ၌ မလိုက်နာခြင်းလည်း ဖြစ်တတ်သည်။ ယဉ်ကျေးမှုကို ကဲကဲလွန်လွန်အားပေးနေခြင်းကြောင့် အမြင်စိမ်းကာ မလိုက်နာလိုတော့ခြင်းလည်း ဖြစ်နိုင်သည်။ ထိန်းသိမ်းပါဟု လူငယ်တို့ကို တွန်းတွန်းတိုက်တိုက် ဆိုနေခြင်းထက် နေ့စဉ်လှုပ်ရှားသွားလာရင်း မိသားစုနှင့် ပတ်ဝန်းကျင် အသိုင်းအဝိုင်းကို ကြည့်မြင်ရင်း ထိန်းသိမ်းရမည်ဟူသောစိတ်တို့ မွေးမြူလာကြခြင်းသည်သာ ပိုမိုခိုင်မြဲသည့် လုပ်ဆောင်ချက်ဖြစ်သည်။ အလိုလိုက် အကြိုက်ဆောင်ထားရင်းနှင့် လိုအပ်ချိန်မှ ထ၍လိုက်နာစေခြင်းသည် လူငယ်တို့ကို ခက်ခဲစေသည်။ ယနေ့လူငယ်တို့သည် မြန်မာနိုင်ငံတွင်မွေး၍ မြန်မာမိဘနှစ်ပါးက ပြုစုပျိုးထောင်လာကြသူများဖြစ်သည်။ အနာဂတ်မျိုးဆက်သစ်များဖြစ်ကြ၍ မိဘ၊ ဆရာတို့က ချစ်ခြင်း၊ စေတနာထားပြီး မေတ္တာသက်ဝင် ကရုဏာစိတ်နှင့် လမ်းပြပေးနေကြခြင်းဖြစ်သည်။ ဆိုရေးရှိက၊ ဆိုအပ်လှ၏၊ ဆိုစများလျား၊ ထားပချေမိ၊ ငါ့ဝန်ရှိခဲ့ဟူသော စကားအတိုင်း ဆိုပြောနေကြခြင်းဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းစေခြင်းအား ရှောင်လွှဲ၍မရသောတာဝန်အဖြစ် အတင်းအကျပ်အပ်နှင်းခြင်းမဟုတ်သည်ကို နားလည်သင့်သည်။ လူငယ်ဘဝကို ဖြတ်သန်းလာကြသူများကလည်း မိမိတို့၏ လူငယ်ဘဝအခြေအနေနှင့် ယနေ့လူငယ်တို့ ဖြတ်သန်းနေကြရသည့် ဘဝအခြေအနေတို့ မတူညီနိုင်ကြောင်း နားလည်ပေးသင့်သည်။ ရင်ဆိုင်ဖြတ်သန်းပုံချင်း မတူညီသောကြောင့် ဖြစ်နိုင်ခြေနည်းသည့် ချဉ်းကပ်ပုံ၊ ချဉ်းကပ်နည်းထက် လက်ခံဖွယ်နည်းလမ်းတို့ကို လမ်းသစ်ဖောက်ပြခြင်းသည်သာ သင့်မည်ထင်ပါသည်။

ယနေ့ လူငယ်တို့အနေဖြင့် မြန်မာ့ယဉ်ကျေးမှုကို နားလည်လက်ခံနိုင်စွမ်းနှင့် အနာဂတ် နိုင်ငံတော်အပေါ်ထားရှိသည့်သဘောထားသည် မြန်မာ့ယဉ်ကျေးမှု ကျယ်ပြန့်ခိုင်မာမှုအတွက် အညွှန်းတစ်ရပ်ပင် ဖြစ်သည်။ ယဉ်ကျေးမှုနိမ့်ပါးလာခြင်းသည် လူငယ်တို့၏ အနာဂတ်ခြေလှမ်းအပေါ် သက်ရောက်စေသည်။ အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသည့် ဖွံ့ဖြိုးမှုရေစီးကြောင်းဝယ် လူငယ်တို့၏ ကောင်းမွန်တည်ကြည်သော စိတ်ခန္ဓာဖြင့် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းကြပါဟု တိုက်တွန်းလိုပါသည်။ ကူးလူးဆက်နွယ်လာသော ယဉ်ကျေးမှုများအတွင်းမှ မထင်မှတ်သော အကြောင်းအရာများ ပါဝင်လာတတ်သောကြောင့် ယဉ်ကျေးမှုထိန်းသိမ်းခြင်းသည် နိုင်ငံတော်ကို ယဉ်ကျေးမှုခံတပ်ဖြင့် တစ်နည်းတစ်ဖုံ ကာကွယ်နေခြင်းဟု ဂုဏ်ယူစွာ ပြောနိုင်ပါလိမ့်မည်။ ဖီလာပြုနေသည့် ပြောဆိုဆက်ဆံခြင်းများ၊ ကြမ်းတမ်းရိုင်းစိုင်းခြင်းများ၊ အကြောက်တရားကင်းမဲ့မှုများ၊ တရားဥပဒေကို အလွယ်တကူ ချိုးဖောက်နေခြင်းများသည် စိုးရိမ်စရာကောင်းသည်။ ယဉ်ကျေးမှုဆုတ်ယုတ်သည့် ပြယုဂ်များပင်ဖြစ်ပါသည်။ မြန်မာ့ယဉ်ကျေးမှုက သင်ကြားပြသဆိုဆုံးမမှုများနှင့် အံချော်လျက်ရှိသည်။ အချိန်မီကုစားကြရန် တိုက်တွန်းလိုပါသည်။ လူငယ်တို့အနေဖြင့် မြန်မာ့ယဉ်ကျေးမှုကို ပိုမိုလေးစားတန်ဖိုးထားနိုင်ရန်အတွက် ယဉ်ကျေးမှုဆိုင်ရာ အသိဉာဏ် (CQ) မြင့်မားစွာဖြင့် ကိုယ်ခံအားကောင်းမွန်ကြရန် ကြိုးစားသင့်ပါကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။




## ရုရှားနိုင်ငံ ဘယ်လ်ဂိုရော့စ်ဒေသမှ စားသောက်ကုန် တန် ၃၀ ကျော်ကို ယူကရိန်းနိုင်ငံသားများအား ထောက်ပံ့

**မော်စကို မတ် ၃**

ရုရှားတပ်ဖွဲ့ဝင်များသည် ရုရှားနိုင်ငံ ဘယ်လ်ဂိုရော့စ်ဒေသမှ စားသောက်ကုန်တန် ၃၀ ကျော်ကို ရုရှား-ယူကရိန်းနယ်စပ်ရှိ ယူကရိန်းနိုင်ငံ ခါကစ်ဒေသခံများအား ပေးအပ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ထို့ပြင် ဘယ်လ်ဂိုရော့စ်ဒေသအနီးရှိ ယူကရိန်းနယ်မြေများဖြစ်သော ဇော်ချန်နှင့် ကော်စက်လိုပန်ဒေသများသို့လည်း ရုရှားတပ်ဖွဲ့ဝင်များက လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပေးအပ်သော ကုန်ပစ္စည်းများတွင် စည်သွတ်ဘူးများ၊ အသား၊ ငါးနှင့် သောက်ရေသန့်ဘူးများပါဝင်ကြောင်းသိရသည်။ အဆိုပါထောက်ပံ့ရေးပစ္စည်းများကို ရုရှားတပ်ဖွဲ့ဝင်များက သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် အမျိုးသမီးများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုးကား-တက်စ်သတင်းအေဂျင်စီ**
**ဘာသာပြန်-စိုးသူရ**

## ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၅၀၀၀၀ ရှိလာ

**ရီယိုဒီဂျနေးရိုး မတ် ၃**

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သော တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၇၀ ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၆၅၀၀၀၀ အထိ မြင့်တက်လာပြီဖြစ်ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၀၉၉၅ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၂၈၈၄၂၆၀ အထိ မြင့်တက်လာပြီဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ပြည်သူတစ်သိန်းလျှင် သေဆုံးသူ ၃၀၉ ဦးရှိကြောင်းနှင့် ရောဂါကူးစက်ခံရသူ ၁၃၇၂၅ ဦးရှိကြောင်း စစ်တမ်းများအရ သိရသည်။

ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူအရေအတွက်သည် အမေရိကန်နိုင်ငံပြီးနောက် ဒုတိယအများဆုံးနိုင်ငံဖြစ်သည်။

နိုင်ငံအတွင်း ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို အရှိန်မြှင့် ဦးစားပေးလုပ်ဆောင်လျက်ရှိရာ လွန်ခဲ့သော နှစ်ဝက်ကာလတွင် ရောဂါကူးစက်မှုနှုန်းနှင့် သေဆုံးမှုနှုန်းများကို လျှော့ချနိုင်ခဲ့သည်။ သို့သော် ဗီဇပြောင်းဗိုင်းရပ်စ် အိုမီခရွန်ကူးစက်မှုသည် နိုင်ငံအတွင်း ဆက်လက်ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



## ရုရှား-ယူကရိန်းစစ်ပွဲကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း မြင့်တက်နိုင်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတိပေး

**ဂျီနီဗာ မတ် ၃**

ရုရှား-ယူကရိန်းပဋိပက္ခသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းကို ပိုမိုမြင့်မားစေနိုင်ပြီး ကူးစက်မြန်ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူဦးရေကိုလည်း မြင့်တက်စေဖွယ်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယနေ့သတိပေးလိုက်သည်။

ယူကရိန်းနိုင်ငံအတွင်း လူသားချင်းစာနာမှုဆိုင်ရာ အရေးပေါ်အခြေအနေ တစ်နေ့တခြားမြင့်တက်လာခြင်းနှင့်ပတ်သက်၍ မိမိတို့ လွန်စွာစိုးရိမ်မိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ဂါဘရီယီဆက်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထည့်သွင်းပြောကြားသည်။

ယူကရိန်းနိုင်ငံသည် ရုရှားနိုင်ငံနှင့် လက်ရှိပဋိပက္ခမတိုင်မီက နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့သည်။ ယူကရိန်းနိုင်ငံတွင် ပဋိပက္ခ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ ရောဂါစမ်းသပ်စစ်ဆေးမှုနှုန်း လျော့ကျလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေ သိသိသာသာမြင့်တက်လာခဲ့ကြောင်း၊ ထို့ပြင် ကာကွယ်ဆေးရရှိမှုနှုန်းလျော့ကျမှုကြောင့်လည်း ကူးစက်မြန်ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအန္တရာယ် မြင့်တက်လာခဲ့ကြောင်း၊ အလားတူ အောက်ဆီဂျင်ပြတ်လပ်မှုသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသောလူနာများအား ကုသပေးနိုင်မှုစွမ်းဆောင်ရည်ကို ထိခိုက်နိုင်ကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ပြောကြားချက်အရ မတ် ၂ ရက်အထိ ယူကရိန်းပြည်သူ ၈၇၀၀၀၀ သည် နိုင်ငံကို စွန့်ခွာခဲ့ကြောင်း သိရသည်။ ယင်းကဲ့သို့ လူအစုလိုက်အပြုံလိုက်ထွက်ပြေးတိမ်းရှောင်မှုကြောင့် ရောဂါကူးစက်မှုနှုန်းကို ပိုမိုများပြားစေနိုင်ပြီး ၎င်းတို့ခိုလှုံရာအိမ်နီးချင်းနိုင်ငံများတွင် ကျန်းမာရေးစနစ်ဆိုင်ရာဖိအားကိုလည်း များပြားစေနိုင်ဖွယ်ရှိကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အလားတူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကျန်းမာရေးဆိုင်ရာ အရေးပေါ်အစီအစဉ်၏ အမှုဆောင်ညွှန်ကြားရေးမှူး မိုက်ခ်ရိုင်ယန်ကလည်း ရုရှား-ယူကရိန်းပဋိပက္ခကြောင့် လူအစုလိုက်အပြုံလိုက် ပြောင်းရွှေ့ခြင်းသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုနှုန်းကို မြင့်မားစေရုံသာမက ကူးစက်မြန်ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကိုလည်း မြင့်တက်စေဖွယ်ရှိကြောင်း ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

■

## ယူကရိန်း စစ်ဘေးရှောင် ဒုက္ခသည် ၈၇၀၀၀၀ ကျော်ရှိပြီ

**ကိဗ် မတ် ၃**

ရုရှား-ယူကရိန်း ပဋိပက္ခဖြစ်ပွားမှုကြောင့် ယူကရိန်းနိုင်ငံမှ အိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းသွားသည့် စစ်ဘေးရှောင်ဒုက္ခသည် ၈၇၀၀၀၀ ကျော် ရှိလာပြီဖြစ်ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ယနေ့ ပြောကြားသည်။

ယင်းတို့အနက် ၄၅၀၀၀၀ သည် ပိုလန်နိုင်ငံအတွင်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ပိုလန်နိုင်ငံမြို့တော် ဝါဆောရှိ ဘူတာရုံတစ်ခု၌ ခရီးဆောင်လက်ဆွဲသေတ္တာများ ကိုင်ဆောင်ထားသည့် စစ်ဘေးရှောင် ယူကရိန်းနိုင်ငံသားများနှင့် ပြည့်နှက်လျက်ရှိကြောင်းနှင့် အဆိုပါ ဒုက္ခသည်များသည် ပိုလန်နိုင်ငံမှ အခြားသောနိုင်ငံများသို့ သွားရောက်ဖွယ်ရှိကြောင်း သိရသည်။



ပိုလန်အစိုးရက ယူကရိန်းဒုက္ခသည်များအား မီးရထားများနှင့် ဘတ်စ်ကားများကို အခမဲ့စီးနင်းခွင့်ပြုထားသည်။

ဘူတာရုံပြင်ပတွင်လည်း အဆိုပါ ဒုက္ခသည်များအား သောက်သုံးရေ၊ တစ်ခါသုံးစက္ကူများနှင့် အဝတ်အစားများကို စေတနာ့ဝန်ထမ်းများက လိုက်လံဝေငှပေးလျက်ရှိသည်။ အလားတူ ဘတ်စ်ကားဂိတ်များတွင်လည်း ဒုက္ခသည်များအား စွပ်ပြုတ်များ ကျွေးမွေးလျက်ရှိကြောင်း သိရသည်။

ကလေးငယ်နှစ်ဦးအား လက်တွဲလျှောက်လာသည့် အသက် ၆၃ နှစ်အရွယ် အဘွားအိုတစ်ဦးက ၎င်း၏နေအိမ် ဖျက်ဆီးခံလိုက်ရကြောင်းနှင့် သူ၏သားသည် ပြည်တွင်းကာကွယ်ရေးအဖွဲ့သို့ ဝင်ရောက်သွားခဲ့ပြီ ဖြစ်ကြောင်း ပြောသည်။

အိုးအိမ်မဲ့ ယူကရိန်းနိုင်ငံသားများအား အထောက်အပံ့များပေးရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ခုကျင်းပရန် ဥရောပသမဂ္ဂက အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

ယူကရိန်း ဒုက္ခသည်များအား ၎င်းတို့၏ နိုင်ငံများ၌ ရက် ၉၀ ကျော် နေထိုင်ခွင့်ပြုပြီး အလုပ်လုပ်ကိုင်ခွင့်နှင့် ပညာဆည်းပူးလေ့လာခွင့်များ ပေးရန် စသည့် ကိစ္စရပ်များကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ဆွေးနွေးကြမည်ဖြစ်သည်။

လက်ရှိတွင် ဥရောပသမဂ္ဂနိုင်ငံများသို့ ယူကရိန်းဒုက္ခသည် ၆၅၀၀၀၀ ကျော် ရောက်ရှိနေကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

❖

# ရုရှား-ယူကရိန်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ မကြာမီစတင်မည်



ဖေဖော်ဝါရီ ၂၈ ရက်က ရုရှား-ယူကရိန်းငြိမ်းချမ်းရေးဆွေးနွေးသူများ ပထမအကြိမ် ဆွေးနွေးစဉ်။

**ကိဗ် မတ် ၃**

ရုရှား-ယူကရိန်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ မကြာမီ စတင်တော့မည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ရုရှားတပ်ဖွဲ့ဝင်များက ယူကရိန်းနိုင်ငံအပေါ် စစ်ဆင်ရေးဆင်နွှဲမှုကြောင့် နှစ်နိုင်ငံတပ်ဖွဲ့ဝင် ရာပေါင်းများစွာ သေဆုံးခဲ့ရသည်။

ယင်းသို့ စစ်ဆင်ရေးဆင်နွှဲမှုသည် စိတ်ပျက်ဖွယ်ကောင်းပြီး ပဋိပက္ခအခြေအနေကို ချေဖျက်ရန် ရုရှားတာဝန်ရှိသူများက နည်းလမ်းများရှာဖွေနေကြောင်း အမေရိကန်ထိပ်တန်းတာဝန်ရှိသူများက ဆိုသည်။

ဒုတိယအကြိမ် နှစ်နိုင်ငံငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပရန် ဘီလာရုစ်နှင့် ပိုလန်နိုင်ငံနယ်စပ်ဒေသသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ရုရှားစေ့စပ်ညှိနှိုင်းရေးသမားများက ဆိုသည်။ အလားတူ ယူကရိန်းငြိမ်းချမ်းရေးဖော်ဆောင်သူများကလည်း ဆွေးနွေးပွဲကျင်းပမည့်နေရာသို့ ထွက်ခွာလာပြီဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၈ ရက်တွင် ကျင်းပခဲ့သည့် နှစ်နိုင်ငံ ပထမအကြိမ် ဆွေးနွေးပွဲသည် နှစ်ဖက်သဘောတူညီမှုမရရှိဘဲ ပြီးဆုံးသွားခဲ့သည်။

သံတမန်နည်းလမ်းအရ ဆွေးနွေးညှိနှိုင်းမှုများကို ကြိုဆိုပါကြောင်းနှင့် အဆင်သင့်ဖြစ်လျက်ရှိပါကြောင်း ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး ဒိုင်ထရိုကူလီဘာက ဆိုသည်။

သို့သော် ရုရှားနိုင်ငံ၏ တစ်ဖက်သတ်တောင်းဆိုချက်ကို လက်ခံရန် အဆင်သင့်မဖြစ်သေးကြောင်း ကူလီဘာက ဆက်လက်ပြောသည်။

ရုရှားအစိုးရသည် စစ်ဆင်ရေးမဆင်နွှဲမီကာလက တောင်းဆိုခဲ့သည့်အတိုင်း လက်ရှိတွင်လည်းသဘောထားမပြောင်းလဲဘဲရှိနေသေးကြောင်း ကူလီဘာက ဆိုသည်။

ရုရှားသမ္မတ ပူတင်က ယူကရိန်းအစိုးရအား စစ်မက်ဖြစ်ပွားမှုကို ရှောင်ရှားရန်နှင့် နေတိုးအဖွဲ့သို့ မဝင်ရောက်ရန် တောင်းဆိုထားကြောင်း သိရသည်။


နှစ်နိုင်ငံအရေးကြောင့် အနည်းဆုံး ယူကရိန်းအရပ်သား ၂၂၇ ဦး သေဆုံးသွားပြီဖြစ်ကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးအေဂျင်စီက ဆိုသည်။ သို့သော် လက်ရှိတွင် ယူကရိန်းအရပ်သားများအပါအဝင် တပ်ဖွဲ့ဝင် ၂၀၀၀ ကျော် သေဆုံးသွားပြီဖြစ်ကြောင်း ယူကရိန်းအာဏာပိုင်များက ပြောသည်။

အလားတူ ရုရှားတပ်ဖွဲ့ဝင် ၄၉၈ ဦးသေဆုံးသွားကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ပထမဆုံးအကြိမ် ထုတ်ပြန်သည့် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# တရုတ်နိုင်ငံက ကမ္ဘာ့နိုင်ငံများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂ ဒသမ ၁ ဘီလီယံ ထောက်ပံ့ပေးပြီးဖြစ်



**ပေကျင်း မတ် ၃**

တရုတ်နိုင်ငံက နိုင်ငံပေါင်း ၁၂၀ ကျော်နှင့် နိုင်ငံတကာအဖွဲ့အစည်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၂ ဒသမ ၁ ဘီလီယံ ထောက်ပံ့ပေးပြီးဖြစ်ကြောင်း (၁၃)ကြိမ်မြောက် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံညီလာခံ၏ ပဉ္စမအကြိမ် အမျိုးသားကော်မတီ၏ ပြောရေးဆိုခွင့်ရှိသူ ဂွမ်ဝေမင်က ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဆေးဘက်ကျွမ်းကျင်ပညာရှင်အဖွဲ့ ၃၇ ဖွဲ့အား နိုင်ငံ ၃၄ နိုင်ငံသို့ စေလွှတ်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအတွက် အထောက်အကူဖြစ်စေသည့် နှာခေါင်းစည်းများ၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံများ၊ အသက်ရှူအထောက်အကူပြုကိရိယာများနှင့် ရောဂါစစ်ဆေးရေးကိရိယာများကို နိုင်ငံပေါင်း ၁၅၀ နှင့် နိုင်ငံတကာအဖွဲ့အစည်း ၁၃ ခုသို့ ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း ဂွမ်ဝေမင်က ဆက်လက်ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ကမ္ဘောဒီးယားနိုင်ငံ မော်တော်ယာဉ်နှင့် လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းမူကြမ်းများ ရေးဆွဲပြီးစီး

**ဖနောင်ပင် မတ် ၃**

ကမ္ဘောဒီးယားနိုင်ငံ၌ မော်တော်ယာဉ်ကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လုပ်ငန်းမူကြမ်းများရေးဆွဲပြီးစီးခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကောင်စီက ယမန်နေ့တွင် ပြောကြားသည်။

ယင်းလုပ်ငန်းမူကြမ်းများနှင့်ပတ်သက်၍ အစိုးရထံမှ ခွင့်ပြုချက်မတောင်းခံမီ သက်ဆိုင်ရာကဏ္ဍများမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ယမန်နေ့က ဆွေးနွေးခဲ့ပြီး ၎င်းတို့၏ အကြံပြုချက်များတောင်းခံခဲ့ကြောင်း အဆိုပါကောင်စီက ပြောကြားသည်။

ယခုကဲ့သို့ မော်တော်ယာဉ်နှင့် လျှပ်စစ်ကဏ္ဍများတွင် လုပ်ငန်းမူကြမ်းများရေးဆွဲနိုင်ခဲ့ခြင်းအားဖြင့် ကမ္ဘောဒီးယားနိုင်ငံအတွက် ထူးခြားသော အကျိုးကျေးဇူးများရရှိခဲ့ကြောင်း ကမ္ဘောဒီးယားဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဆုက်ချန်ဒါဆိုဖာက ပြောသည်။ ယင်းလုပ်ငန်းကဏ္ဍများသည် လာမည့် ငါးနှစ်အတွင်း ကန်ဒေါ်လာနှစ်ဘီလီယံအထိ ပို့ကုန်ဝင်ငွေ ရှာဖွေပေးနိုင်မည်ဖြစ်ပြီး အလုပ်အကိုင်ပေါင်း ၂၂၀၀၀ ကျော် ဖန်တီးပေးနိုင်မည်ဖြစ်ကာ ကမ္ဘောဒီးယားနိုင်ငံရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

မော်တော်ယာဉ်နှင့် လျှပ်စစ်ကဏ္ဍများသည် ကမ္ဘောဒီးယားနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျဆင်းခဲ့ရသော နိုင်ငံစီးပွားရေးမြှင့်တင်ရာတွင် အထောက်အကူပြုမည်ဖြစ်သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၅၀၀ ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ မတ် ၃**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၅၀၀ ထပ်မံတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ရောဂါကူးစက်ခံရသူပေါင်း ၃၄၉၆၀၉၀ အထိ မြင့်တက်လာကြောင်း မလေးရှား ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

အဆိုပါ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၄၂၈ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၂၇၀၇၂ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

အလားတူ ရောဂါကူးစက်မှုကြောင့် ၁၁၅ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၂၉၄၂ ဦးအထိ ရှိလာပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း လူနာ ၂၇၅၅၇ ဦးသည် ရောဂါမှ ပြန်လည် သက်သာလာသည့်အတွက် ဆေးရုံမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၃၁၆၉၆၆၉ ဦးရှိလာပြီဖြစ်သည်။

ထို့ပြင် လက်ရှိပိုးတွေ့ဆဲလူနာ ၂၉၃၄၇၉ ဦးရှိသည့်အနက် ၃၆၀ သည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး ၁၉၄ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ယနေ့ တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၉၇၅၃၄ လုံးခန့် ထိုးနှံပေးခဲ့သည်။ နိုင်ငံလူဦးရေ၏ ၈၂ ဒသမ ၉ ရာခိုင်နှုန်းသည် ကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ပြီး ၇၈ ဒသမ ၉ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်သည်။ ထို့ပြင် ၄၅ ဒသမ ၄ ရာခိုင်နှုန်းသည် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**



# နျူကလီးယားအရေးညှိနှိုင်းရန် အိုင်အေအီးအေ အကြီးအကဲ တီဟီရန်မြို့သို့ သွားရောက်မည်

**တီဟီရန် မတ် ၃**

အီရန်နျူကလီးယားအရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ကျန်ရှိနေသေးသော ကိစ္စရပ်များအား သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ထပ်မံညှိနှိုင်းဆွေးနွေးရန်အတွက် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီအကြီးအကဲ ရက်ဖယ်လ်ဂရော့ဆီသည် မတ် ၅ ရက်တွင် တီဟီရန်မြို့သို့ သွားရောက်မည်ဖြစ်ကြောင်း အိုင်နာသတင်းအေဂျင်စီက ယနေ့ ပြောကြားသည်။

တီဟီရန်မြို့သို့ သွားရောက်ရခြင်း၏ ရည်ရွယ်ချက်မှာ အီရန်နျူကလီးယားအစီအစဉ်အတွက် လိုအပ်ချက်များကို ညှိနှိုင်းရန်နှင့် အီရန်နှင့် အိုင်အေအီးအေအကြား ကိစ္စရပ်များကို ဆွေးနွေးရန်ဖြစ်ကြောင်း သိရသည်။

အီရန်နျူကလီးယားအရေးဆိုင်ရာ လက်ရှိဆွေးနွေးပွဲတွင် အီရန်နှင့် အနောက်အုပ်စုနိုင်ငံများသည် ၂၀၁၅ ခုနှစ်တွင် ရရှိခဲ့သော နျူကလီးယားသဘောတူညီချက် ပြန်လည်အသက်ဝင်လာစေရန် ဆွေးနွေးလျက်ရှိသည်။ အမေရိကန်သည် ယင်းသဘောတူညီချက်မှ ၂၀၁၈ ခုနှစ်တွင် နုတ်ထွက်ခဲ့ပြီးနောက် အီရန်အား ပိတ်ဆို့မှုများချမှတ်ခဲ့ရာ အီရန်ကလည်း ၎င်း၏ နျူကလီးယားထုတ်လုပ်ရေးကို ပြန်လည်ဆောင်ရွက်ခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၄၄၀၉၂၅၉၉၂ ဦး |
| သေဆုံးသူ | ၅၉၉၅၁၀၆ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၃၇၃၇၉၆၇၆၉ ဦး |

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မွန်ပြည်နယ် သထုံမြို့နယ်၌ အမှတ်(၉၀)အစုန်ရထားအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်

နေပြည်တော် မတ် ၃

မွန်ပြည်နယ် သထုံမြို့နယ်၌ အမှတ်(၉၀)အစုန်ရထားအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂ ရက် နံနက် ၁၀ နာရီခန့်တွင် မွန်ပြည်နယ် သထုံမြို့နယ် နန်းခဲရပ်ကွက်ရှိ သထုံဘူတာ၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မော်လမြိုင်မှ ရန်ကုန်သို့ စက်ခေါင်းမောင်း ဦးမင်းလွင်၊ ရထားထိန်း ဦးမြင့်အောင်၊ တွဲထိန်း ဦးသန်းဇော်ဦးတို့ မောင်းနှင်လာသည့် လူစီးတွဲ ၁၂ တွဲ၊ မိုင်းခံတွဲ တစ်တွဲ၊ ဂတ်တွဲ တစ်တွဲပါ ခရီးသည် ၃၅၀ ခန့်လိုက်ပါလာသည့် စက်ခေါင်းအမှတ် DF 1228 အမှတ် (၉၀)အစုန်ရထားသည် ရထားလမ်းမိုင်တိုင် အမှတ် ၁၃၈ မိုင် ၂ ဖာလုံနှင့် ၃ ဖာလုံကြား သထုံဘူတာနှင့် ခြောက်ဖာလုံခန့်အကွာ အလံချိုးသည့်နေရာအရောက်တွင် ရထားတွဲအမှတ် BDFEZ–12205 ဒုတိယတွဲ (ပထမတန်း) အောက်မှ လက်လုပ်အသံမိုင်းတစ်လုံး ပေါက်ကွဲခဲ့သဖြင့် ပေါက်ကွဲမှုကြောင့် ကွန်ကရစ်ဇလီဖားတုံးတစ်တုံး လေးလက်မပတ်လည်ခန့် ပျက်စီးခဲ့ပြီး သံလမ်းထိန်းကလစ်တစ်ကွင်း အနည်းငယ်ကွေးသွားခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်စေရန် အတွက် ရထားအား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





**❖ ကျောဖုံးမှ**

ထိုကဲ့သို့ လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက် ၄ နာရီခွဲခန့်တွင် မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ် ဝင်းကံကျေးရွာဟောင်း၏ မြောက်ဘက် မီတာ ၃၀ ခန့်အကွာရှိ ကျုံမကူးချောင်း သံကူကွန်ကရစ်တံတားအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတား၏မြောက်ဘက် ကမ်းကပ်ခုံအောက် အရှည် ပေ ၅၀ တစ်ကန့် ကျိုးကျပျက်စီးခဲ့ကြောင်း သိရသည်။

**ဖော်ထုတ်ဖမ်းဆီး**

ထိုသို့ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်စေရန်နှင့် အပြစ်မဲ့ပြည်သူများကို ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ ကျုံမကူးချောင်း သံကူကွန်ကရစ်တံတားအား မိုင်းထောင်ဖောက်ခွဲခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ကျိုက်ထိုမြို့နယ်ရှိ ကျုံမကူးချောင်း သံကူကွန်ကရစ်တံတား ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။**

# မညှိုးသော၊ မနွမ်းသော၊ မမွေးသော

မြင့်ထွေး(ဟိုတယ် / ခရီး)



လွိုင်မွေတောင်စခန်းမြို့လေး၌ ဇန်နဝါရီ ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပသည့် ချယ်ရီပန်းပွဲတော်တွင် တိုင်းရင်းသားရိုးရာအကဖြင့် ဖျော်ဖြေစဉ်။

**တောင်စခန်းမြို့**

ကျိုင်းတုံ၊ လွိုင်မွေတောင်စခန်းမြို့လေးတွင် ပထမဆုံးအကြိမ် ကျင်းပပြုလုပ်သော ချယ်ရီပန်းပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ မမျှော်လင့်စွာရောက်ဖြစ်ခဲ့သည်။ လွိုင်မွေတောင်စခန်းမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ၅၅၄၂ ပေ အမြင့်တွင်တည်ရှိပြီး တစ်နှစ်ပတ်လုံး ရာသီဥတုအေးမြသဖြင့် ကိုလိုနီခေတ်ကာလက အင်္ဂလိပ်အာဏာပိုင်များ ရုံးစိုက်ရာမြို့ဖြစ်ခဲ့သည်။ ၁၉၁၈ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ ရုံးစိုက်ခဲ့သည်ဟု သိရှိရပြီး မြို့ပေါ်တွင် ကိုလိုနီခေတ်လက်ရာများဖြစ်သော နှစ်တစ်ရာစံအိမ် (Governor House)၊ Catholic Church၊ စာတိုက်ဟောင်း စသည့် လေ့လာလည်ပတ်စရာ အဆောက်အအုံအများအပြား ကျန်ရှိနေသည့်အတွက် ကျိုင်းတုံနှင့် လွိုင်မွေဒေသ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။

လွိုင်မွေတောင်စခန်းမြို့လေးတွင် အင်္ဂလိပ်လက်ထက်မှစ၍ စိုက်ပျိုးခဲ့သော သက်တမ်းရင့် ချယ်ရီပင်များကို လွိုင်မွေကန်ပတ်လည်တွင် လည်းကောင်း၊ လွိုင်မွေမြို့အနှံ့အပြားတွင်လည်းကောင်း ယခုထိတိုင် များစွာရှင်သန်ပွင့်လန်းလျက်ရှိသည်ကို တွေ့ရသည်။ အချို့သက်တမ်းရင့် ချယ်ရီပင်များမှာ သေဆုံးကုန်ကြသော်လည်း လွိုင်မွေမြို့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော တပ်မတော်သားများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများက အရှည်ကိုမြော်တွေး၍ ထပ်မံစိုက်ပျိုးခဲ့သော ချယ်ရီပင်များကြောင့် လွိုင်မွေမြို့တစ်မြို့လုံးမှာ ချယ်ရီပင်များဖြင့် လွှမ်းခြုံအုပ်ဆိုင်းလျက်ရှိသည်။ အထူးသဖြင့် လွိုင်မွေရေကန်ကို ဖြတ်၍ တည်ဆောက်ထားသော သစ်သားတံတားကြောင့် ပိုမိုသက်ဝင်လှပလျက်ရှိသည်။

ချယ်ရီမှာ အချိုပင် (Prunus Avium) နှင့် အခါးပင် (Prunus Emarginata) ဟူ၍ နှစ်မျိုးနှစ်စားရှိရာ မြန်မာပြည်အထက်ပိုင်းတွင် အချိုပင်အမျိုးအစားကို တွေ့ရပါသည်။ ချယ်ရီသီးအမှည့်များကို စားသုံးနိုင်ပြီး သနပ်၊ ချဉ်ရည်၊ ယို၊ ဝိုင် ပြုလုပ်ကြသည်။ ချယ်ရီအသားကို လူ့အသုံးအဆောင်ပစ္စည်းများပြုလုပ်ကာ နှစ်သက်စွာတန်ဖိုးထားသုံးစွဲကြသည်။ ချယ်ရီတုတ်ကောက်မှာ နာမည်ကြီးသကဲ့သို့ ချယ်ရီဝိုင်မှာလည်း နာမည်ကြီးလှသည်။

ဂျပန်နိုင်ငံတွင် ချယ်ရီပန်းများပွင့်သော နွေဦးပေါက်အချိန်၌ ချယ်ရီပန်းပွဲတော်နှင့်အတူ ပျော်ပွဲရွှင်ပွဲများ ကျင်းပပြုလုပ်ကြသည်။ ဂျပန်နိုင်ငံ၏ ဓလေ့ထုံးတမ်းစဉ်လာဖြင့် ကျင်းပသောပွဲတော်ဖြစ်သော်လည်း နိုင်ငံတကာမှ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်ကြသဖြင့် အဆိုပါပွဲတော်သို့ ဂျပန်ပြည်တွင်းခရီးသွားများအပြင် နိုင်ငံတကာ ခရီးသွားဧည့်သည်များလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုလာရောက်လည်ပတ်လျက်ရှိသည်။

**ချယ်ရီပန်းပွဲတော်**

မြန်မာနိုင်ငံတွင်လည်း အေးမြသော ဇန်နဝါရီလတွင် ချယ်ရီပန်းများ တစ်ပင်နှင့်တစ်ပင် အပြိုင်အဆိုင် အပွင့်စုံအောင် ပွင့်ကြသည်။ ရှမ်းပြည်နယ် တာဝန်ခံ၊ ပြည်နယ်ညွှန်ကြားရေးမှူးနှင့် ကျိုင်းတုံမြို့ ဦးစီးရုံးခွဲ တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးတို့၏ တင်ပြဆောင်ရွက်မှု၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ပံ့ပိုးပေးမှုဖြင့် ချယ်ရီပင်များ အစီအရီပေါက်ရောက်ကာ အစွမ်းကုန်ပွင့်လန်းနေသော လွိုင်မွေတောင်စခန်းမြို့လေးတွင် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့မှ ၁၀ ရက်နေ့အထိ ချယ်ရီပန်းပွဲတော်ကို ငါးရက်တာ ကျင်းပခဲ့သည်။

ချယ်ရီပန်းပွဲတော်သို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တပ်နယ်မှူး၊ တိုင်းရင်းသားမျိုးနွယ်စုခေါင်းဆောင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ ဖွင့်ပွဲအခမ်းအနားတွင် လွိုင်မွေဒေသခံ၊ လားဟူ၊ ဝ၊ အာခါ၊ ရှမ်းတိုင်းရင်းသားများက ရိုးရာအကများဖြင့် ဖျော်ဖြေကြသည်။ ဒေသထွက်ကုန်အရောင်းဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချသဖြင့် အလွန်စည်ကားခဲ့သည်သာမက ဒေသအတွင်း လူသိများလာခဲ့ပြီး လွိုင်မွေမြို့လေးသို့ ရပ်ဝေး၊ ရပ်နီးမှ လာရောက်လည်ပတ်ခဲ့ကြသောကြောင့် ကိုဗစ်ကာလ နှစ်နှစ်ခန့် ခြောက်သွေ့နေခဲ့သော ရှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံဒေသတွင် ပြည်တွင်းခရီးသွားလာမှုများ စည်ကားခဲ့သည့်အပြင် ကျိုင်းတုံမြို့ရှိ ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ပြည့်လျှံသည်အထိ ဖြစ်ခဲ့သည်။

လွိုင်မွေတောင်စခန်းမြို့ ချယ်ရီပန်းပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အာခါတိုင်းရင်းသားဝတ်စုံကို သေသပ်စွာ ဝတ်ဆင်ထားပြီး ဆံပင်များ၊ မျက်ခုံးမွေးများ၊ ပါးသိုင်းမွေးများ၊ မုတ်ဆိတ်မွေးများ အားလုံးဖြူဆွတ်ရှည်လျားစွာ ကျဆင်းနေသည့် ထူးခြားသော အာခါလူမျိုးတစ်ဦးနှင့် ဆုံတွေ့ခဲ့ရသည်။ သူ့ကိုတွေ့စတွင် တွေ့ဖူးသလိုလို၊ ခင်မင်ရင်းနှီးခဲ့ဖူးသလိုလို ရှိသဖြင့် မည်သည့်နေရာ၊ မည်သည့်အချိန်၊ မည်မျှအထိ ထိတွေ့ရင်းနှီးခဲ့ဖူးသည်ကို အမြန်ပြန်လည်စဉ်းစားသော်လည်း အဖြေကမထွက်။

မိမိအနေဖြင့် ကျိုင်းတုံ၊ လွိုင်မွေတောင်စခန်းမြို့ကို လေးကြိမ်ရောက်ဖူးခဲ့သော်လည်း နီးစပ်မှုမရှိ၍သည် ဒေသတွင် ဆုံတွေ့ရင်းနှီးခဲ့ဖူးခြင်း မရှိသည်က သေချာသည်။ စဉ်းစားသည်။ မည်သို့မျှစဉ်းစား၍မရ။ ပြည်နယ်တာဝန်ခံက မိတ်ဆက်ပေးမှ သူငယ်ချင်းစာရေးဆရာဝင်းနိုင်သောင်း၏ ဇာတ်ကောင်ဖြစ်နေကြောင်း သိရှိလိုက်ရသလို လွန်ခဲ့သော ၁၉၈၃ ခုနှစ်က ပြင်ဦးလွင် ချယ်ရီမြေတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း နေရာကွဲ၍ သင်တန်းတက်ခဲ့ကြကာ တစ်သွေးတည်း တစ်သားတည်းဖြစ်ခဲ့ကြသည်ကို ပြန်လည်သိရှိရမိသည့်အခါ တစ်ခဏချင်း မိတ်ဆွေရင်းချာလို ဖြစ်သွားသည်။

သူလည်း သူ့လမ်းကြောင်းနှင့်သူ ကိုယ်လည်း ကိုယ့်လမ်းကြောင်းနှင့်ကိုယ် ဦးတည်ရာတူ၊ ရည်ရွယ်ချက်တူ၊ ရည်မှန်းရာ ပန်းတိုင်တူသွားခဲ့ကြရင်း နှစ်ပေါင်းများစွာ ဝေးကွာသွားကြသော်လည်း အမြင့်ပေ ၅၀၀၀ ကျော် လွိုင်မွေတောင်စခန်းမြို့လေးတွင် မမျှော်လင့်စွာ ပြန်လည်ဆုံတွေ့ချိန်၌ သူ၏အတိတ်ခရီးလမ်းတစ်လျှောက် အခက်အခဲပေါင်းများစွာ ဖြတ်ကျော်လာမှုများ ပြန်ပြောင်းပြောပြမှုကို ဂရုတစိုက်နားထောင်ဖြစ်ခဲ့သည်။

**ဇာလွန်**

ကျွန်တော့်မိတ်ဆွေ အမည်က ဇာလွန် (Zalang) ဖြစ်သည်။ ဇာလွန်အမည်မှာ အာခါလူမျိုးအမည်ဖြစ်ပြီး မြန်မာအမည်မှာ မင်းညိုဖြစ်သည်။ ဇာလွန်ကို ကျိုင်းတုံခရိုင် လွိုင်မွေကျေးရွာအုပ်စု နောင်လျှံကျေးရွာတွင် မွေးဖွားခဲ့သည်။ မွေးဖွားရာဇာတိ၏ ချို့တဲ့နွမ်းပါးမှုများအကြားမှ အခြေခံပညာအထက်တန်း အောင်မြင်အောင် ကြိုးစားရင်း အထက်တန်းအောင်မြင်သည့်အချိန်တွင် နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်သို့ဝင်ရောက်တာဝန်ထမ်းဆောင်ရန် ၁၉၈၃ ခုနှစ်တွင် ပြင်ဦးလွင်၌ စစ်သင်တန်းတက်ရောက်ခဲ့ပြီး သင်တန်းဆင်းသည့်အချိန်တွင် တပ်အသီးသီး ဒေသအမျိုးမျိုးသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ကာ တိုက်ပွဲများစွာကို စွန့်လွှတ်စွန့်စားစွာ ပါဝင်ဆင်နွှဲခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ကရင်ပြည်နယ် စစ်ဆင်ရေး၌ ရန်သူ့မိုင်းကြောင့် နိုင်ငံအတွက်ခြေတစ်ဖက် ပေးဆပ်ခဲ့ရပြီး ၁၉၉၀ ပြည့်နှစ်တွင် ပို့ဆောင်ဆက်သွယ်ရေး ဦးစီးဌာန ကျိုင်းတုံခရိုင် ဦးစီးမှူးအဖြစ် ပြောင်းလဲတာဝန်ပေးအပ်ခံခဲ့ရသည်။ ကျိုင်းတုံဦးစီးမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ် လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့သော ဦးခွန်ဆာတို့၏ လူအင်အား ၃၀၀၀၀ အတွက် လိုအပ်သော စားနပ်ရိက္ခာများ ပေးပို့ဆောင်ရွက်ရေးကို အန္တရာယ်အမျိုးမျိုးကြားမှ အောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့သည်။ အထူးသဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်း လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေး၊ ငြိမ်းချမ်းရေးအထူးဒေသများအတွက် လိုအပ်သောရိက္ခာများ ပို့ဆောင်ပေးရင်း နယ်မြေဖွံ့ဖြိုးရေးများကိုလည်း အခက်အခဲများကြားမှ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရင်း အဖွဲ့အစည်း နှစ်ခု နားလည်မှုလွဲမှားမှုကြောင့် ကြားညှပ်ကာ ၁၉၉၃ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနသို့ ပြောင်းရွှေ့ခဲ့ပြီး ကျိုင်းတုံခရိုင်မှူးအဖြစ် ပြောင်းလဲတာဝန်ထမ်းဆောင်ခဲ့ရသည်။ ထိုသို့ ထမ်းဆောင်ရာတွင်လည်း ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ နိုင်ငံသားစိစစ်ရေးကတ်များ မရရှိသေးသည့် တိုင်းရင်းသားများကို စိစစ်ရေးကတ်များ ပြုလုပ်ပေးနိုင်ခဲ့သလို ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးများအပြင် အသင်းအဖွဲ့များ၏ အရေးအရာကိစ္စများ၊ အာခါတိုင်းရင်းသားလူမျိုးစုများ၏ ကိစ္စရပ်များကို ဦးစီးဦးဆောင် ပြုလုပ်ပေးနိုင်ခဲ့သည်။

**စွန့်လွှတ်မှု**

ဇာလွန်က တိုင်းပြည်အတွက် ခြေတစ်ဖက် စွန့်လွှတ်ခဲ့ရသော်လည်း ကျန်သည့်ခြေတစ်ဖက်ဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတစ်ခွင်အနှံ့ ဒေသဖွံ့ဖြိုးရေးအတွက် ပေးဆပ်ခဲ့သည်များကို အားပါးတရ ပြန်ပြောင်းပြောပြသည်။ အတိတ်ခရီးအကြောင်း ပြောပြနေသော သူ၏မျက်ဝန်းများက တောက်ပသွားလိုက်၊ အဝေးတစ်နေရာကို ငေးမောကြည့်ရင်း ရီဝေသွားလိုက်ဖြစ်မှုကိုလည်း သတိထားမိသည်။ ဇာလွန်သည် တိုင်းရင်းသားတစ်ဦးပီပီ ဖြူစင်ရိုးသားသောစိတ်၊ ကူညီရိုင်းပင်းစိတ်၊ ရိုးရိုးကျင့် မြင့်မြင့်ကြံသောစိတ်၊ ဒေသဖွံ့ဖြိုးလိုစိတ်များဖြင့် အနစ်နာခံ ဆောင်ရွက်ခဲ့သော်လည်း ဓလေ့ထုံးတမ်း စဉ်လာကိုမသိသော အကြီးအကဲတစ်ဦး၏ ဆူပူမှုအပေါ် တိုင်းရင်းသားတစ်ဦးပီပီ အရှိကို အရှိအတိုင်း မဟုတ်မခံစိတ်ဖြင့် ပြန်လည်ပြောဆိုကာ ၁၉၉၈ ခုနှစ်တွင် အလုပ်မှ နုတ်ထွက်ခွင့်တင်ပြီး နိုင်ငံ့ဝန်ထမ်းဘဝကို စွန့်လွှတ်ကျောခိုင်းခဲ့သည်။ အလုပ်မှ နုတ်ထွက်ပြီးနောက် ဇာလွန်က ဒေသဖွံ့ဖြိုးရေး၊ မျိုးနွယ်စုများ၏ လူနေမှုဘဝ မြင့်မားရေးကို ဇောက်ချလုပ်ကိုင်ခဲ့သည်။

၁၉၇၅ ခုနှစ်အထိ ဒေသအတွင်း မိရိုးဖလာစိုက်ပျိုးခဲ့သော ဘိန်းသီးနှံနေရာတွင် ဘိန်းအစားထိုးစိုက်ပျိုးရေးကို ထူးထူးခြားခြား စည်းရုံးဆောင်ရွက်ခဲ့သည်။ အာခါလူမျိုးများနေထိုင်ရာ လွိုင်မွေဒေသသည် မြေဆီကောင်းမွန်မှုကြောင့် လက်ဖက်ကို နည်းလမ်းမျိုးစုံနှင့် စိုက်ပျိုးချင်လာအောင် အာခါလူမျိုးများကို စည်းရုံးပြီး မျိုးကောင်းမျိုးသန့်များပေးဝေကာ စိုက်ပျိုးစေခဲ့သဖြင့် ယခုအခါ အာခါဒေသထွက်လက်ဖက်မှာ ပထမတန်းစား အောင်မြင်သော ထုတ်ကုန်တစ်ခုအဖြစ် ရောက်ရှိလာသည်။ အာခါလူမျိုးများအနေဖြင့် ယခင်ကစိုက်ပျိုးခဲ့သော ဘိန်းအစား အဓိကစိုက်ပျိုးရေးအဖြစ် လက်ဖက်ကို စိုက်ပျိုးလျက်ရှိပြီး လက်ဖက်ဈေးမကောင်းချိန်တွင် ကော်ဖီကို ဒုတိယဦးစားပေးသီးနှံအဖြစ် စိုက်ပျိုးလာကြသည်။ ယခုအခါ ဇာလွန်သည် လွိုင်မွေဒေသတွင် လက်ဖက်အပင်ပေါင်း ၆၀၀၀၀ ကျော်ကို စိုက်ပျိုးပြသနိုင်ခဲ့ပြီး အာခါလူမျိုးများကိုလည်း လက်ဖက်စိုက်ပျိုးအောင် စည်းရုံးဆောင်ရွက်နိုင်ခဲ့သည့်အပြင် နွားနောက်မွေးမြူရေးကိုလည်း မိုင်းယန်းဒေသတွင် မွေးမြူရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**ဒေသအကျိုး**

ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ရှမ်း၊ အာခါ၊ လားဟူလူမျိုးစုများစွာ စုပေါင်းနေထိုင်ကြသော်လည်း ယခင်က လူမျိုးစုတစ်စုနှင့်တစ်စု အမြင်ကွဲကာ အထင်မြင်သေးမှုများရှိခဲ့ကြသည်။ ဇာလွန်အလုပ်မှထွက်ပြီးနောက် လူမျိုးစုခေါင်းဆောင်များနှင့် ဆွေးနွေးတိုင်ပင်ပြီး စည်းရုံးဆောင်ရွက်မှုကြောင့် လူမျိုးစု တစ်စုနှင့်တစ်စုအကြား မသင့်မြတ်မှု၊ စိတ်ဝမ်းကွဲပြားမှု၊ အထင်မြင်သေးမှုများ ပပျောက်ကာ ချစ်ခင်စည်းလုံးစွာ ပေါင်းစည်း၍ ဒေသဖွံ့ဖြိုးရေးများကို လူမျိုးစုခေါင်းဆောင်များ၏

စာမျက်နှာ ၁၇ သို့ ☆

☆ စာမျက်နှာ ၁၆ မှ

ဦးဆောင်မှုအောက်တွင် လိုက်ပါဆောင်ရွက်လာကြသည်။ ရိုးရာစဉ်လာ မပျက် မျိုးနွယ်စုပွဲတော်များကို အပြန်အလှန် ကူးလူးဆက်သွယ် ပူးပေါင်းပါဝင် ဆောင်ရွက်လာကြသည်။

ဇာလွန်အနေဖြင့် တရုတ်၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ လာအိုတို့တွင် ကွဲပြားစွာနေထိုင်ကြသော အာခါလူမျိုး၏ လူမျိုးတူ၊ဘာသာတူ၊စကားတူသော်လည်းစာပေ မတူမှုများကို တစ်ခုတည်းသော စာပေဖြစ်အောင် ၂၀၀၇ ခုနှစ်မှစ၍ ကြိုးပမ်းခဲ့ရာ ၂၀၀၈ ခုနှစ်တွင် နိုင်ငံကွဲပြားစွာနေထိုင်ကြသော်လည်း အာခါလူမျိုးတို့၏ တူညီမှုရှိသော တစ်ခုတည်းသော အာခါစာပေကို ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အာခါလူမျိုးတို့သည် အာခါဘာသာတရား (အာခါဇန်) ကို ကိုးကွယ်ကြသည်။ အခါဘာသာတရားတွင် ခေတ်နှင့် လိုက်လျောညီထွေမှုမရှိသော ဓလေ့ထုံးတမ်းစဉ်လာ၊ ဝိနည်း၊ ကျင့်ထုံးများ လွဲမှားစွာ ဆောင်ရွက်နေသော အချက်များကို ဇာလွန်က စည်းရုံးပြင်ဆင်ပေးနိုင်ခဲ့သည်။ အာခါလူမျိုးစုတွင် အမြွှာပူးမွေးလျှင်ဖြစ်စေ၊ ကိုယ်လက်အင်္ဂါချို့ယွင်း (ပို/ လို) မွေးလာလျှင်ဖြစ်စေ၊ အဆိုပါကလေးငယ်များကို မကောင်းဆိုးဝါးများအဖြစ် သတ်မှတ်ကာ သတ်ပစ်လေ့ရှိကြသည်။ တစ်ခုလပ်၊ မုဆိုးမများအပေါ်နှင့် ကလေးမရှိသော မိဘများအပေါ် ပြုကျင့်သော မတရားမှုများ၊ တိရစ္ဆာန်များနှင့် လုပ်ကိုင်စားသောက်မှု ပတ်သက်သော မတရားမှုများမှာ ၂၁ ရာစုအထိ ရှိနေဆဲဖြစ်ပြီး နိုင်ငံတော်အစိုးရ၏အမိန့်၊ အာဏာနှင့်ပင် ပြင်ဆင်ပြောင်းလဲရန် မဖြစ်နိုင်ခဲ့။ ဆောင်ရွက်၍လည်း မရခဲ့ချေ။

ဇာလွန်အနေဖြင့် ကတ်သလစ်နွယ်ဝင်မိသားစုမှ မွေးဖွားခဲ့သော်လည်း အာခါဇန်၏ လွဲမှားသော အယူဝါဒများကို ပြင်ဆင်နိုင်ရန်အတွက် အာခါဇန်၊ အာခါဘာသာတရားသို့ ၂၀၀၇ ခုနှစ်မှစ၍ ဝင်ရောက်ခဲ့သည်။ ခေတ်နှင့်လိုက်လျောညီထွေမှုမရှိသော အယူမှား အပြုအမူများ၊ ကျင့်ထုံးအမှားများကို စာတမ်းပြုစုပြီး ၂၀၀၉ ခုနှစ်တွင် တရုတ်၊ မြန်မာ၊ ထိုင်း၊ လာအို၊ ဗီယက်နမ် ငါးနိုင်ငံမှ အာခါလူမျိုးစု ခေါင်းဆောင်များကို ဖိတ်ခေါ်၍ လူ့ဝန်းကျင်နှင့် လိုက်လျောညီထွေမှုမရှိသော အချက်အလက်များကို ရှင်းလင်းချပြပြုပြင်ခဲ့သည်။ ထို့အပြင် အခြားသော နှစ်ခြင်း၊ ကတ်သလစ်ဘာသာဝင်များကိုလည်း စည်းရုံးဆောင်ရွက်နိုင်ခဲ့သည်။

ယခုအခါ အနယ်နယ်အရပ်ရပ်မှအာခါလူမျိုးများ၏ မိဘမဲ့၊ မိကွဲ၊ ဘကွဲ၊ ဆင်းရဲချို့တဲ့သော ကလေးငယ် ၉၀ ကို ကျိုင်းတုံမြို့တွင် “အမေ့ရင်ခွင်” အမည်နှင့် ကျွေးမွေး စောင့်ရှောက်ထားသည်။ ပါတီနိုင်ငံရေးများ ပေါ်ပေါက်လာသည့် အချိန်တွင် အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို ထူထောင်ပြီး ပါတီ၏ ဦးဆောင်နေရာတွင် ဆောင်ရွက်ပေးလျက်ရှိသည်။

လွိုင်မွေဒေသရှိ ချယ်ရီပန်းများကြောင့် ပြည်တွင်း ပြည်ပခရီးသွားလုပ်ငန်းများ ကောင်းမွန်ကာ ဒေသနေ အာခါလူမျိုးများအပေါ် ဆင့်ပွားအကျိုးသက်ရောက်ခံစားရရှိသည်ကို ဇာလွန် သိရှိနားလည်လာ၍ ချယ်ရီကော်မတီကို ဖွဲ့စည်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ရွာတိုင်းရွာတိုင်းတွင် ချယ်ရီများ စိုက်ပျိုးရန်၊ ချယ်ရီများကို ပြုစုထိန်းသိမ်းရန် အစီအစဉ်များချလျက်ရှိသည်။ အေးမြသော လွိုင်မွေတောင်စခန်းမြို့တွင် ချယ်ရီပန်းပွဲတော်ကို ပထမဆုံးအကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ဝန်ကြီးချုပ်နှင့်တကွ ပြည်နယ်အစိုးရအဖွဲ့ဝင်များကို အေးချမ်းသာယာလှပသော လွိုင်မွေဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးရန် ဒေသလူမျိုးစု ခေါင်းဆောင်တစ်ဦး အနေဖြင့် ဇာလွန် အားရပါးရပြောခွင့်ရခဲ့သည်။

**အခါရိုးရာပွဲတော်**

အခါလူမျိုးတို့တွင် ရိုးရာပွဲတော် ၁၂ မျိုးခန့်ရှိသော်လည်း ထူးခြားထင်ရှားသည့် အာခါဒန်းစီးပွဲတော်၊ ခါးထောင်းပွဲတော်၊ ကြက်ဥနီပွဲတော်များကို နှစ်စဉ်ကျင်းပပြီး ခရီးသွားများ၊ သတင်းမီဒီယာများကို ဖိတ်ခေါ်၍ ထိုးဖောက်မြင့်တင်ကြော်ငြာရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။ ဒန်းစီးပွဲတော်ကျင်းပခြင်းဖြင့် ကွယ်လွန်သွားကြပြီးဖြစ်သော ဘိုးဘေးများက မိမိတို့အပေါ် လာရောက်စောင့်ရှောက်ပေးရန် ဆုတောင်းကြသလို စောင့်ရှောက်ကြသည်ဟုလည်း ယုံကြည်ကြသည်။ ခါးထောင်းပွဲတော်မှာ နှစ်သစ်ကူးပွဲတော်ဖြစ်သည်။ တစ်နှစ်တာရရှိသော ဆန်ရေစပါးများ အဟောင်းမှ အသစ်ပြောင်းခြင်း အထိမ်းအမှတ်အဖြစ် ပျော်ရွှင်စွာကောက်သစ်စားပွဲဆင်နွှဲကြခြင်းဖြစ်သည်။ ကြက်ဥနီပွဲတော်ဖြစ်သည့် သင်္ကြန်ကာလတွင် အသက်အရွယ်ကြီးသူများကို ကန်တော့ကြသည်။

ဤသို့ ချစ်ခင်နှစ်သက်ဖွယ်ကောင်းသော အာခါရိုးရာပွဲတော်များမှာ ကမ္ဘာလှည့်ခရီးသည်များကို အလွန်ဆွဲဆောင်မှုရှိကြောင်း သိရှိနားလည်သော ဇာလွန်အနေဖြင့် ၎င်း၏ လူမျိုးစုများကို ကမ္ဘာအထိ ထင်ရှားကျော်ကြားအောင် ယုံကြည်စွာ ကြိုးစားမြှင့်တင်လျက်ရှိသည်။

ခေတ်နှင့် အဆက်မပြတ်သော လူတစ်ဦးဖြစ်သည်နှင့်အညီ နိုင်ငံတကာနှင့် ထိတွေ့နေသော ဇာလွန်အနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့မှု၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပြည်နယ်တာဝန်ခံညွှန်ကြားရေးမှူး၏ ကူညီပံ့ပိုးမှု ကျိုင်းတုံ၊ ဟိုတယ် / ခရီးတာဝန်ခံ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျိုင်းတုံမြို့၏ တောင်ဘက် မိုင် ၂၀ ခန့်အကွာ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၅၀၀၀ ကျော်ရှိ တောင်စောင်းတွင် အာခါတိုင်းရင်းသားများ နေထိုင်ရာ ဟိုကျင်းရွာ လေးရွာကို အခြေပြု၍ ဟိုကျင်းလူထုအခြေပြု ခရီးသွားလုပ်ငန်းကို ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

**ဟိုကျင်းလူထုအခြေပြု**

ဟိုကျင်း လူထုအခြေပြုခရီးသွားလုပ်ငန်းကို ရိုးရာသစ်သားအိပ်ဆောင်လေးလုံး၊ ရွှံ့အိပ်ဆောင်တစ်လုံးဖြင့် ဧည့်သည် ၁၀ ဦး တည်းခိုနိုင်ရန် ဇာလွန်က ပြင်ဆင်ဆောင်ရွက်ထားသည်။ ထို့အပြင် အာခါရိုးရာပြတိုက်ကိုလည်း ဖွင့်လှစ်ထားရာ ပြတိုက်တွင် အာခါလူမျိုးများ နေ့စဉ်အသုံးပြုနေသည့် အသုံးအဆောင်များကို တစုတစည်းတည်း လေ့လာနိုင်သကဲ့သို့ အာခါလူမျိုးတို့၏ စာပေကိုလည်း လေ့လာနိုင်ရန် ပြင်ဆင်ထားသည်။ စွဲမက်ဖွယ်ကောင်းသော အာခါရိုးရာ အစားအစာများကိုလည်း သုံးဆောင်နိုင်ရန် စီစဉ်ထားသည်။ အကြိုက်ဆုံးအစီအစဉ်မှာ ပေ ၅၀၀၀ ကျော်မှ ပေ ၂၀၀၀ ကျော် ကျိုင်းတုံမြို့သို့ အပေါ်မှစီး၍ ကြည့်နိုင်သော ရှုခင်းဖြစ်သည်။ သို့အတွက် ယခင်က နေ့ချင်းပြန် လည်ပတ်ရသည့် အခြေအနေမှ ဟိုကျင်း CBT တွင် ညအိပ်၍ ဟိုကျင်းကျေးရွာများသို့ အချိန်ပေးလေ့လာလည်ပတ်နိုင်ကြမည်ဖြစ်သည်။

ကျိုင်းတုံမြို့မှ တာချီလိတ်မြို့သို့ သွားရောက်သော ပြည်ထောင်စုလမ်းမကြီးအတိုင်း ၄၅ မိနစ်ခန့် မော်တော်ကားဖြင့် မောင်းနှင်လျှင် ပန်ကွဲကျေးရွာသို့ ရောက်ရှိသည်။ ပန်ကွဲကျေးရွာ၏ ယာဘက်တွင် ဗုဒ္ဓဥယျာဉ်ရှိပြီး ဗုဒ္ဓဥယျာဉ်မှ ၁၅ မိနစ်ခန့် မောင်းနှင်လျှင် ဟိုကျင်းကျေးရွာ (၁) (၂) (၃) (၄) သို့ ရောက်ရှိမည်ဖြစ်သည်။

ဟိုကျင်းကျေးရွာ အမှတ် (၄) မှာ အာခါတိုင်းရင်းသားများ မူလစုစည်းနေထိုင်ခဲ့သည့်ရွာဖြစ်ပြီး ရွာတည်ထောင်ခဲ့သည့် သက်တမ်းမှာ နှစ်ပေါင်း ၁၀၀ ကျော်ခန့်ရှိပြီဖြစ်သည်။ နေထိုင်သည့် လူဦးရေများပြားလာခြင်း၊ တောင်ယာလုပ်ကိုင်မှု၊ စိုက်ပျိုးရေးခြံများတိုးချဲ့လုပ်ကိုင်မှုများကြောင့် ကျေးရွာအမှတ် (၄) အနီးတွင် ကျေးရွာအမှတ် (၁) (၂) (၃) ကို တိုးချဲ့တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။

ဟိုကျင်းကျေးရွာအမှတ် (၄) တွင် အိမ်ခြေ ၇၀ ခန့် အာခါတိုင်းရင်းသား ၃၅၀ ခန့် ဖြင့်လည်းကောင်း၊ ကျေးရွာအမှတ် (၁) တွင် အိမ်ခြေ ၅၁ လုံးခန့် လူဦးရေ ၃၀၀ ခန့်ဖြင့် လည်းကောင်း၊ ကျေးရွာအမှတ် (၂) တွင် အိမ်ခြေ ၁၇ လုံးခန့် လူဦးရေ ၈၀ ခန့်ဖြင့် လည်းကောင်း၊ ကျေးရွာအမှတ် (၃) တွင် အိမ်ခြေ ၃၇ လုံးခန့် လူဦးရေ ၂၀၀ ခန့် ဖြင့် လည်းကောင်း တစည်းတလုံးတည်း ချစ်ခင်စွာ ပေါင်းစုနေထိုင်လျက်ရှိသည်။

သက်တမ်းရှည်လျားသော အခါတိုင်းရင်းသားကျေးရွာများ ဖြစ်ခြင်းကြောင့် သက်တမ်းရင့် ရိုးရာနေအိမ်များ၊ ရှေးကျသော ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ယုံကြည်ကိုးကွယ်မှုများ၊ မိရိုးဖလာ စိုက်ပျိုးရေးလုပ်ငန်းများ၊ နေ့စဉ်လူနေမှုဘဝ နေထိုင်မှုပုံစံများ၊ အသုံးအဆောင်ပစ္စည်းများမှာ စုံလင်လှသဖြင့် ကျိုင်းတုံဒေသသို့ လာရောက်လည်ပတ်သော ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များမှာ Trekking ခရီးစဉ်တစ်ခုအနေဖြင့် လည်ပတ်လျက်ရှိသည်။ ကိုဗစ်ရောဂါ မတိုင်မီကာလက တစ်လလျှင် ဧည့်သည် ၂၀၀ မှ ၃၀၀ အထိ လာရောက်လည်ပတ်ခဲ့ကြသည်။

ဟိုကျင်းကျေးရွာများတွင် ခရီးသွားများအပေါ် အထူးဆွဲဆောင်နိုင်သည့် Activities များမှာ အာခါရိုးရာဝတ်စားဆင်ယင်မှု၊ ရိုးရာအိမ်များ၊ လူမှုဘဝ နေထိုင်မှုပုံစံများ၊ တောင်ယာလုပ်ကိုင်မှုပုံစံများ၊ အာခါရိုးရာအရက်ချက်လုပ်ငန်းများ၊ ရိုးရာယဉ်ကျေးမှုပွဲတော်နှင့် ထုံးတမ်းစဉ်လာပွဲတော်များ၊ စပါး၊ လက်ဖက်၊ ကော်ဖီ၊ ပင်စိမ်းစိုက်ခင်းများဖြင့် စုံလင်စွာရှိနေသည်။

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံဒေသသည် တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် ပထဝီမြေမျက်နှာသွင်ပြင် ထိစပ်လျက်ရှိပြီး အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၅) ပါ အဓိကစီးပွားရေးစင်္ကြံဖြစ်သည့် အနောက်စီးပွားရေးစင်္ကြံ(တမူး– ကလေး– မုံရွာ– ပခုက္ကူ – မိတ္ထီလာ – တောင်ကြီး – လွိုင်လင် – ကျိုင်းတုံ – မိုင်းလား– ကျိုင်းတုံ–တာချီလိတ်) ခရီးလမ်းကြောင်း၏ အဓိကဆုံမှတ်နေရာတွင် တည်ရှိသည်။ ကျိုင်းတုံကိုဗဟိုပြု၍ မဟာမြတ်မုနိဘုရားကြီး၊ စွမ်ခမ်းစေတီတော်၊ ရှေးဟောင်းဝပ်အင်းဘုန်းကြီးကျောင်း၊ ကမ္ဘာအေးစေတီနှင့် ကိုရင်လေးကျောင်း၊ ယန်းလောဘုန်းကြီးကျောင်း၊ ဗုဒ္ဓဥယျာဉ်၊ ကျိုင်းတုံရေတံခွန်၊ ဟိုကျင်းအာခါကျေးရွာ၊ ဟိုလန်း အားခီးရွာ၊ မြရွှေရည်ရေပူစမ်း၊ အာကာသရီဆော့ စားသောက်ဆိုင်၊ နောင်တုံကန်နှင့် စားသောက်ဆိုင်တန်းများ၊ လွယ်ပီးကော်လာ တောင်တန်းရှုခင်း၊ ထပ်စွမ်မော့တိမ်ပင်လယ် စသည့် လေ့လာလည်ပတ်အပန်းဖြေစားသောက်နိုင်သည့်အရင်းအမြစ်များ ရှိနေခြင်းကြောင့် ခရီးသွားလုပ်ငန်းအပါအဝင် ဆက်စပ်စီးပွားရေးလုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်လာမည့် ဒေသတစ်ခုဖြစ်သည်။

**မညှိုးသော၊ မနွမ်းသော၊ မမွေးသော**

သာယာလှပသော လွိုင်မွေတောင်စခန်းမြို့လေးနှင့် အာခါလူမျိုးတို့၏ လူနေမှုဘဝများကို ထိတွေ့ခံစားလေ့လာနိုင်ရန် ဇာလွန်က ဖိတ်ခေါ်လျက်ရှိသည်။ အမြင့်ပေ ၅၀၀၀ ကျော်ရှိ ဟိုကျင်းကျေးရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းအား ဦးစီးဦးဆောင်ပြုလုပ်နေသော ဇာလွန်ဆိုသည့် အခါလူမျိုးစုခေါင်းဆောင်က ဟိုကျင်းလူထုအခြေပြု ခရီးသွား ဧည့်ရိပ်သာလေးအဝင်ဆိုင်းဘုတ်ရှေ့တွင် နွေးထွေးစွာ ကမ်းလင့်စောင့်ကြိုနေမည်ဖြစ်သည်။

**ချယ်ရီ**

လှပသောချယ်ရီပန်းလေးများမှာသစ္စာရှိစွာ နှစ်စဉ် ဇန်နဝါရီလတိုင်း သူတို့၏ ပန်းနုရောင်အသွေးအလှများဖြင့် လွိုင်မွေဒေသကို အလှဆင်ကြသည်။ ချယ်ရီပန်းကလေးများမှာ သွေ့ခြောက်သွားသည် အထိ လှပဆဲဖြစ်၍ ညှိုးနွမ်းခြောက်သွေ့သွားသည်ဟု မထင်ရလောက်အောင်လှပသည်။ နောင်အရှည်သဖြင့်လည်း ဆက်လက် လှပပွင့်လန်းကြဦးမည်ဖြစ်ပြီး ဒေသကို အလှဆင်နေကြဦးမည်ဖြစ်သည်။

**ဇာလွန်**

မွေးပျံ့သော သတင်းမကျော်စောသော်လည်း နိုင်ငံတော်အတွက် ခြေတစ်ဖက်စွန့်လွှတ်ခဲ့သော ဇာလွန်မှာ ဒေသဖွံ့ဖြိုးရေးအတွက် အမြင့်ပေ ၅၀၀၀ ကျော်တွင် ကျန်ရှိသည့် ခြေတစ်ဖက်တည်းဖြင့် တောင်စဉ်တောင်တန်း၊ လှေကားထစ်များအပေါ် နေ့စဉ်အတက်အဆင်းပြုလုပ်ပြီး မိမိလူမျိုးနှင့် ဒေသအကျိုးအတွက် မဆုတ်မနစ်သော အားစိုက်ထုတ်မှုများဖြင့် သူ၏နောက်ဆုံးအချိန်အထိ ကြိုးပမ်းဆောင်ရွက်နေဦးမည့်သူဖြစ်သည်။ ချယ်ရီပန်းလိုပင် ညှိုးနွမ်းခြောက်သွေ့သွားသည်ဟု မထင်မှတ်ရလောက်အောင် ဒေသအတွက် အမြဲလှပနေမည့်သူဖြစ်သည်။

ချယ်ရီ၊ ဇာလွန်၊ လွိုင်မွေတောင်စခန်းမြို့ ဟိုကျင်းလူထုအခြေပြုခရီးသွားလုပ်ငန်းတို့သည်ကား မညှိုး၊ မနွမ်း၊ မမွေးသော်လည်း ဒေသအတွက် အမြဲလှပနေပါဦးမည်။ လွိုင်မွေတောင်ကြောပေါ်ရောက်သည်နှင့် အာခါဝတ်စုံကို သေသပ်စွာဝတ်ဆင်ထားပြီး ရှည်လျားသော ငွေရောင်ဆံပင်၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေးနှင့် ပုဂ္ဂိုလ်ကို တွေ့လျှင်ဖြင့် ဇာလွန်ဟုသာ ခေါ်လိုက်ပါ။ ရွှင်လန်းဝမ်းသာသည့် အပြုံးများဖြင့် နွေးထွေးစွာကြိုဆိုပါလိမ့်မည်။ ။

“လွိုင်မွေဒေသရှိ ချယ်ရီပန်းများကြောင့် ပြည်တွင်း ပြည်ပခရီးသွားလုပ်ငန်းများ ကောင်းမွန်ကာ ဒေသနေ အာခါလူမျိုးများအပေါ် ဆင့်ပွားအကျိုးသက်ရောက်ခံစားရရှိသည်ကို ဇာလွန် သိရှိနားလည်လာ၍ ချယ်ရီကော်မတီကို ဖွဲ့စည်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ရွာတိုင်းရွာတိုင်းတွင် ချယ်ရီများစိုက်ပျိုးရန်၊ ချယ်ရီများကို ပြုစုထိန်းသိမ်းရန် အစီအစဉ်များချလျက်ရှိသည်။ အေးမြသော လွိုင်မွေတောင်စခန်းမြို့တွင် ချယ်ရီပန်းပွဲတော်ကို ပထမဆုံးအကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ဝန်ကြီးချုပ်နှင့်တကွ ပြည်နယ်အစိုးရအဖွဲ့ဝင်များကို အေးချမ်းသာယာလှပသော လွိုင်မွေဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးရန် ဒေသလူမျိုးစုခေါင်းဆောင်တစ်ဦးအနေဖြင့် ဇာလွန် အားရပါးရပြောခွင့်ရခဲ့”

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈၁၉ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၈ ဒသမ ၄၃ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၁,၅၇၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၈၁၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၈.၄၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၁၈၇,၃၃၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၅၉၃,၉၅၈) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၄၀၇) ဦးဖြစ်သဖြင့် ယနေ့အထိစုစုပေါင်း (၅၄၁,၆၄၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၄) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၇၉) ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွှယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၃-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၃၇၇) ခု | (၃၅၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင်GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၃) ခု | (၉) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၉၀) ခု | (၂၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၇) ခု | (၈) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၈၈၂) ခု | (၁၆၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၈၃၄) ခု | (၃၀၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၂၁၈) ခု | (၉၄၅) ဦး |
| စုစုပေါင်း | (၂၁,၅၇၁) ခု | (၁,၈၁၉) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၀၇၇၀၆၀၄ | ၅၃၉၄၅၇၈၉ | ၉၇၉၇၂၅ |
| ၂။ | အိန္ဒိယ | ၄၂၉၄၅၁၆၀ | ၄၂၃၅၃၆၂၀ | ၅၁၄၄၁၉ |
| ၃။ | ဘရာဇီး | ၂၈၈၄၂၁၆၀ | ၂၆၆၀၈၀၁၀ | ၆၅၀၀၅၂ |
| ၄။ | ပြင်သစ် | ၂၂၈၄၀၃၀၆ | ၂၁၂၃၃၅၁၆ | ၁၃၈၇၆၂ |
| ၅။ | ဗြိတိန် | ၁၉၀၂၉၃၂၁ | ၁၇၅၃၇၂၁၄ | ၁၆၁၇၀၄ |
| ၆။ | ရုရှား | ၁၆၆၈၅၈၅၀ | ၁၄၁၀၂၆၈၄ | ၃၅၄၀၁၁ |
| ၇။ | ဂျာမနီ | ၁၅၁၇၃၁၇၀ | ၁၁၆၉၆၆၀၀ | ၁၂၃၉၇၆ |
| ၈။ | တူရကီ | ၁၄၂၀၆၁၂၁ | ၁၃၅၀၅၉၉၇ | ၉၄၈၃၇ |
| ၉။ | အီတလီ | ၁၂၈၆၇၉၁၈ | ၁၁၆၅၁၀၉၄ | ၁၅၅၂၁၄ |
| ၁၀။ | စပိန် | ၁၁၀၅၄၈၈၈ | ၉၇၃၉၉၅၅ | ၁၀၀၀၃၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၅၆၆၇၃၅၅ | ၄၉၈၆၃၉၁ | ၁၄၉၂၆၈ |
| ၂။ | ဗီယက်နမ် | ၃၇၀၉၄၈၁ | ၂၅၁၆၇၈၅ | ၄၀၄၅၂ |
| ၃။ | ဖိလစ်ပိုင် | ၃၆၆၄၉၀၅ | ၃၅၅၇၉၀၉ | ၅၆၅၃၈ |
| ၄။ | မလေးရှား | ၃၄၉၆၀၉၀ | ၃၁၆၉၆၆၉ | ၃၂၉၄၂ |
| ၅။ | ထိုင်း | ၂၉၅၈၁၆၂ | ၂၇၁၁၆၇၈ | ၂၃၀၇၃ |
| ၆။ | စင်ကာပူ | ၇၆၇၆၆၃ | ၇၀၁၁၇၀ | ၁၀၄၀ |
| ၇။ | မြန်မာ | ၅၉၃၉၅၈ | ၅၄၁၆၄၈ | ၁၉၃၇၉ |
| ၈။ | လာအို | ၁၄၃၄၈၆ | ၁၄၁၀၉၆ | ၆၂၆ |
| ၉။ | ကမ္ဘောဒီးယား | ၁၃၁၃၇၂ | ၁၂၅၀၂၉ | ၃၀၃၃ |
| ၁၀။ | ဘရူနိုင်း | ၇၆၅၃၄ | ၄၀၇၈၂ | ၁၃၅ |

## ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မတ် ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများမှ နှာခေါင်းစည်း ရှစ်တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့်အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် မတ် ၃**

အကောက်ခွန်ဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးပစ္စည်းများကို လေကြောင်း၊ ရေကြောင်း၊ ဆိပ်ကမ်းအသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကုမ္ပဏီတစ်ခုမှ Movfor Capsule အခု ၁၀၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ နှာခေါင်းစည်း အခု ၂၀၂၄၀၀၀၊ ဆေးဝါးမျိုးစုံ ၃၉ မျိုး စုစုပေါင်း ၁၁၄၆၀၀ ဒသမ ၁၇ ကီလိုဂရမ်တို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ ပြည်ပသို့ တိုးချဲ့တင်ပို့နိုင်ရေးအတွက် မဟာဗျူဟာ

မြန်မာနိုင်ငံတွင် အမျိုးသားပို့ကုန်မဟာဗျူဟာတစ်ရပ်ကို ၂၀၁၂ ခုနှစ်တွင် ရေးဆွဲပြီး ပထမအကြိမ် ငါးနှစ်မဟာဗျူဟာကို ၂၀၁၅ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ အကောင်အထည်ဖော်ခဲ့ပါသည်။ အဆိုပါ မဟာဗျူဟာတွင် ဦးစားပေးကဏ္ဍများအဖြစ် ကဏ္ဍ ၁၁ ခုကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ပါသည်။ ယခုနောက်ပိုင်းတွင် ဒုတိယမြောက်မဟာဗျူဟာ ငါးနှစ်အစီအစဉ်ကို အကောင်အထည်ဖော်ရန် စတင်ဆောင်ရွက်လျက်ရှိသည်ကို ဝမ်းမြောက်ဖွယ် သိရှိရပါသည်။ မြန်မာနိုင်ငံတွင် အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy–NES) ကို ကဏ္ဍကြီးများ ခွဲခြားပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(မျိုးသူ၊ ကုန်သွယ်မြှင့်)

### အမျိုးသားပို့ကုန် မဟာဗျူဟာ

အမျိုးသားပို့ကုန်မဟာဗျူဟာကို လက်ရှိ ဒုတိယအကြိမ်အဖြစ် အကောင်အထည်ဖော်ထုတ်ခဲ့ရာတွင် အောက်ပါအတိုင်း ကဏ္ဍကြီးများ ခွဲခြား၍ ဆောင်ရွက်လျက်ရှိပါသည်–

- ဆန်စပါးနှင့် ဆန်ထွက်ပစ္စည်းကဏ္ဍ
- ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ
- ရော်ဘာလုပ်ငန်းကဏ္ဍ
- အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ
- ရေထွက်ကုန်ပစ္စည်းလုပ်ငန်းကဏ္ဍ
- စက်မှုနှင့် လျှပ်စစ်ပစ္စည်းကဏ္ဍ
- သစ်တောထွက်ပစ္စည်းကဏ္ဍ
- စားသောက်ကုန် ပြုပြင်ထုတ်လုပ်ခြင်း ကဏ္ဍ
- သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍ
- ကျောက်မျက်နှင့် လက်ဝတ်ရတနာ ကဏ္ဍ
- လက်မှုအနုပညာပစ္စည်းကဏ္ဍ
- ခရီးသွားလုပ်ငန်းကဏ္ဍ
- ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုကဏ္ဍ
- အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ
- ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုကဏ္ဍ
- ကုန်သွယ်မှု သတင်းအချက်အလက် ဝန်ဆောင်မှုကဏ္ဍ
- တီထွင်ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင် ဆောင်ရွက်ခြင်းကဏ္ဍ

### လုပ်ငန်းတာဝန်များ

အဆိုပါ ကဏ္ဍကြီး ၁၈ ခုကို ယခု ငါးနှစ် အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ဦးစားပေးကဏ္ဍများအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကဏ္ဍအလိုက် ကြုံတွေ့နေရသော ဈေးကွက်ဆိုင်ရာ အခက်အခဲများနှင့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများအား ပူးပေါင်းဖန်တီး ဆောင်ရွက်ရန်ကိုလည်းကောင်း၊ ကဏ္ဍအလိုက် ပို့ကုန်မြှင့်တင်နိုင်ရေး ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကောင်းမွန်လာစေရန်အတွက် လည်းကောင်း၊ မူဝါဒများ ချမှတ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားနိုင်ရန်အတွက်လည်းကောင်း၊ အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်း၍ နိုင်ငံ၏ စီးပွားရေးကဏ္ဍအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားရန်အတွက် လည်းကောင်း ရည်ရွယ်၍ အမျိုးသားပို့ကုန် မဟာဗျူဟာတွင် အသီးသီးတာဝန်ယူဆောင်ရွက်ကြမည် ဖြစ်ပါသည်။

### ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ

အထက်တွင်ဖော်ပြထားသော ဦးစားပေးကဏ္ဍကြီး ၁၈ ခုတွင် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍသည် ဆန်စပါးနှင့်ဆန်ထွက်ပစ္စည်းကဏ္ဍပြီးလျှင် ဒုတိယနေရာမှ ပါဝင်နေသည်ကို တွေ့နိုင်ပါသည်။ အမျိုးသားပို့ကုန် မဟာဗျူဟာတွင် အပိုင်းသုံးပိုင်းကို အခြေခံပြီး ဦးစားပေးကဏ္ဍကြီးတိုင်းကို ရေးဆွဲထားခြင်းဖြစ်ပါသည်။ အဆိုပါ အပိုင်းသုံးပိုင်းမှာ ကုန်ထုတ်လုပ်မှုအပိုင်း၊ ဈေးကွက်ဖော်ဆောင်ရေးနှင့် ဈေးကွက်ထိုးဖောက်ရေးအပိုင်းနှင့် ထိုအပိုင်းနှစ်ပိုင်းကို ချိတ်ဆက်ပေးထားသည့် စီးပွားရေးဝန်းကျင်ကောင်းများ ပေါ်ပေါက်ရေးအပိုင်းတို့ဖြစ်ကြပါသည်။ ယခု ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍအတွက် ပို့ကုန်မဟာဗျူဟာတွင်လည်း အပိုင်း(၁) တွင် သီးနှံကဏ္ဍ ထုတ်လုပ်မှုနှင့်ကုန်ထုတ်လုပ်နိုင်စွမ်းကို တိုးမြှင့်သွားရန် ဦးတည်ဆောင်ရွက်မည်ဖြစ်ပါသည်။ အပိုင်း(၂)တွင် ထုတ်ကုန်အမျိုးအစားစုံလင်စွာ ထုတ်လုပ်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ခြင်းကို ကူညီပံ့ပိုးပေးနိုင်သည့် လုပ်သာကိုင်သာရှိသော စီးပွားရေး ပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို ဖော်ဆောင်ရန် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အပိုင်း(၃)တွင် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ၏ ပို့ကုန်များ စဉ်ဆက်မပြတ် တိုးတက်တင်ပို့နိုင်ရန်နှင့် တစ်ကမ္ဘာလုံးသို့ ရောက်ရှိတင်ပို့နိုင်ရန် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။



### ထုတ်လုပ်မှုနှင့် ကုန်ထုတ်လုပ်နိုင်သော စွမ်းရည်တိုးမြှင့်ရေး

မဟာဗျူဟာတစ်ရပ်ကို ချမှတ်ရာတွင် လုပ်ငန်းဆောင်ရွက်မည့် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်သဖြင့် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ၏ ထုတ်လုပ်မှုနှင့် ထုတ်လုပ်နိုင်စွမ်းတိုးမြှင့်နိုင်ရန်အတွက် ရိတ်သိမ်းချိန်လွန်နှင့် စက်မှုလယ်ယာအပါအဝင် လယ်ယာစိုက်ပျိုးရေး နည်းပညာများအား လက်ခံကျင့်သုံးမှု အားပေးရန် ရည်မှန်းချက် ချမှတ်ထားပါသည်။ အမှန်မှာ စိုက်ပျိုးထုတ်လုပ်မှုနှင့် ရိတ်သိမ်းချိန်လွန်အပိုင်းတို့တွင် လယ်ယာကဏ္ဍဆိုင်ရာ စက်မှုအပိုင်းကို အောင်မြင်အောင် ဆောင်ရွက်နိုင်မှသာ ကုန်ထုတ်လုပ်မှုနှင့် ထုတ်လုပ်မှုစွမ်းရည်တိုးမြှင့်လာမည် ဖြစ်ပါသည်။ Production and Productivity တို့ တိုးတက်လာမှသာတစ်ဧက အထွက်နှုန်းများနှင့် အထွက်စုစုပေါင်းများ တိုးတက်လာမည်ဖြစ်ပါသည်။ အရည်အသွေးပိုင်းတွင်လည်း လိုအပ်သော အရည်အသွေးများကို ထုတ်လုပ်နိုင်စွမ်း တိုးတက်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသားပို့ကုန် မဟာဗျူဟာ၏ အခြေခံကိုကြည့်လျှင် ပို့ကုန်တိုးတက်ခြင်းဖြင့် နိုင်ငံခြားငွေ ဝင်ငွေတိုးတက်လာပြီး နိုင်ငံဖွံ့ဖြိုးလာရန် ရည်ရွယ်ခြင်းဖြစ်သည်။ ထိုသို့ ပို့ကုန်ပမာဏ တိုးတက်လာစေရန်မှာ ပို့ကုန်ဖြစ်လာမည့် စိုက်ပျိုးထုတ်လုပ်မှုအပိုင်းနှင့် ကုန်ချောထုတ်လုပ်မှုအပိုင်းတို့တွင် ထုတ်လုပ်မှုနှင့် ကုန်ထုတ်လုပ်နိုင်စွမ်းရည် မြင့်မားရန်မှာ အခြေခံလိုအပ်ချက်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ဤအချက်ကို ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍမှ ပို့ကုန်တိုးမြှင့်စေရန် ချမှတ်သည့် မဟာဗျူဟာ၏ အပိုင်း(၁)၊ အဆင့်(၁)တွင် ပထမဆုံးသော ရည်ရွယ်ချက်အဖြစ် ချမှတ်ဆောင်ရွက်သွားရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

> **“အမျိုးသားပို့ကုန် မဟာဗျူဟာ၏ အခြေခံကိုကြည့်လျှင် ပို့ကုန်တိုးတက်ခြင်းဖြင့် နိုင်ငံခြားငွေ ဝင်ငွေတိုးတက်လာပြီး နိုင်ငံဖွံ့ဖြိုးလာရန် ရည်ရွယ်ခြင်းဖြစ်သည်။ ထိုသို့ ပို့ကုန်ပမာဏ တိုးတက်လာစေရန်မှာ ပို့ကုန်ဖြစ်လာမည့် စိုက်ပျိုးထုတ်လုပ်မှုအပိုင်းနှင့် ကုန်ချောထုတ်လုပ်မှုအပိုင်း တို့တွင် ထုတ်လုပ်မှုနှင့် ကုန်ထုတ်လုပ်နိုင်စွမ်းရည် မြင့်မားရန်မှာ အခြေခံလိုအပ်ချက်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ဤအချက်ကို ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍမှ ပို့ကုန်တိုးမြှင့်စေရန် ချမှတ်သည့် မဟာဗျူဟာ၏ အပိုင်း(၁)၊ အဆင့်(၁)တွင် ပထမဆုံးသော ရည်ရွယ်ချက်အဖြစ် ချမှတ်ဆောင်ရွက်သွားရန် ရည်ရွယ်ခြင်းဖြစ်”**

ဒုတိယအဆင့်အနေဖြင့် သီးနှံများ၏ တန်ဖိုးမြှင့်ကွင်းဆက်တွင် ပါဝင်ပတ်သက်သည့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သူများ အားလုံး၏ နည်းပညာဆိုင်ရာ အသိပညာပိုင်းကို မြှင့်တင်ရန် ရည်ရွယ်ထားပါသည်။ ဤအပိုင်းတွင် လူသားအရင်းအမြစ်၏ အသိပညာပိုင်း၊ နည်းပညာပိုင်းကို မြှင့်တင်သွားရန် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။ မည်သည့်ကဏ္ဍတွင်မဆို အခြေခံအကျဆုံးမှာ လူသားပင်ဖြစ်ပြီး လူသားအရင်းအမြစ်၏ နည်းပညာပိုင်းနှင့် အသိပညာပိုင်းတွင် တိုးတက်လာမှသာလျှင် တစ်ဦးချင်း၏ ကုန်ထုတ်လုပ်နိုင်စွမ်းရည်သည် တိုးတက်လာမည် ဖြစ်ပါသည်။ သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ကုန်ချောထုတ်လုပ်မှုအပိုင်းများတွင် နည်းပညာသည် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေးတွင် သမားရိုးကျ ရိုးရာနည်းလမ်းများမှ ကျော်လွန်၍ Good Agricultural Practice–GAP နည်းစနစ်များဖြင့် စိုက်ပျိုးရေး၊ ရိတ်သိမ်းရာတွင်လည်း နည်းပညာမြင့်မားသော စက်ကိရိယာများဖြင့် ရိတ်သိမ်းခြွေလှေ့နိုင်ရန်အတွက် စက်များကို ကျွမ်းကျင်စွာ ကိုင်တွယ်မောင်းနှင်နိုင်သည့် ကျွမ်းကျင်သူများ အများအပြား ပေါ်ပေါက်လာစေရေး၊ ကုန်ချောထုတ်လုပ်ရာတွင်လည်း စက်ရုံများတွင် Good Manufacturing Practice–GMP နည်းစနစ်များဖြင့် စက်လည်ပတ်ထုတ်လုပ်နိုင်ရေး၊ စားသောက်ကုန်များ ထုတ်လုပ်ရာတွင် Hazard Analysis and Critical Control Point–HACCP နည်းစနစ်များဖြင့် အစားအသောက်၏ ဘေးကင်းလုံခြုံရေးအပိုင်းကို မြှင့်တင်ရေးတို့ကို ရည်ရွယ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အပိုင်းသုံးတွင် ပိုးမွှားနှင့် ရောဂါဒဏ်ခံနိုင်ရည်ရှိပြီး အထွက်နှုန်းမြင့်သော သီးနှံအမျိုးအစားများ ရရှိနိုင်မှုကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ဖြစ်ပါသည်။ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးတွင် အခြေခံအားဖြင့် သွင်းအားစုအပိုင်းတွင် မျိုးနှင့်မြေဩဇာ၊ ပိုးသတ်ဆေး စသောအခြေခံများမှ မျိုးပိုင်းဆိုင်ရာတွင် အာမခံချက်တစ်ခုရရှိတိုးတက်အောင် ဆောင်ရွက်သွားရန် ရည်ရွယ်ထားခြင်း ဖြစ်ပါသည်။

### လုပ်သာကိုင်သာရှိသော စီးပွားရေးပတ်ဝန်းကျင်တစ်ရပ် ဖော်ဆောင်ရန်

ဒုတိယ မဟာဗျူဟာရည်မှန်းချက်အဖြစ် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍတွင် “ထုတ်ကုန်အမျိုးအစားစုံလင်စွာ ထုတ်လုပ်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းကို ကူညီပံ့ပိုးနိုင်သော လုပ်သာကိုင်သာရှိသည့် စီးပွားရေးပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို ဖော်ဆောင်ရန်” ဟု ချမှတ်ထားပါသည်။ အဆိုပါ ရည်မှန်းချက်ကို ဖော်ဆောင်ရန်အတွက် နည်းဗျူဟာအပိုင်းတွင် နိုင်ငံတကာကျင့်စဉ်များနှင့်အညီ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများအတွက် အရည်အသွေးမူဘောင်တစ်ရပ်ကို ချမှတ်ရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ဟူ၍ ရည်မှန်းချက် ချမှတ်ထားပါသည်။ ဤအပိုင်းတွင် Business Environment ဟူသော စီးပွားရေးပတ်ဝန်းကျင်ဆိုသည့် ထုတ်လုပ်သည့် ကုန်စည်များ ဈေးကွက်အတွင်း ထိုးဖောက်ဝင်ရောက်ရာတွင် လွယ်ကူမြန်ဆန်ရေး၊ အထောက်အကူပြုရေးသည် အလွန်အရေးပါသဖြင့် အဆိုပါ စီးပွားရေးပတ်ဝန်းကျင်ကောင်းကို

စာမျက်နှာ ၂၀ သို့ ☆

# ပုပ္ပားဒေသတွင် သီဟိုဠ်ပင်များ ဖူးပွင့်နှုန်းကောင်းမွန်ပြီး အစေ့ရောင်းချချိန် ဈေးကောင်းရရှိရန် သီဟိုဠ်သရက်စိုက်တောင်သူများမျှော်လင့်

ညောင်ဦး မတ် ၃

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ပတ်ဝန်းကျင်ဒေသထွက် သီဟိုဠ်သရက်ပင်များ အဖူးအပွင့်ပွင့်ချိန် အပွင့်များ လှိုင်လှိုင်ပွင့်နေကြပြီး သီဟိုဠ်စေ့ရောင်းချချိန် လွန်ခဲ့သည့်နှစ်များကဲ့သို့ ဈေးနှုန်းမကောင်းမည်ကို စိုးရိမ်နေကြကြောင်း လျှော်တောကျေးရွာ သီဟိုဠ်သရက်စိုက်တောင်သူ ဦးမောင်ညိုက ပြောကြားသည်။

ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်မကြီးပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် ဆင်ဆင်းကျေးရွာ၊ နဂါးလည်ကျေးရွာ၊ ဆည်ကျေးရွာ၊ စီးမကျေးရွာနှင့် လျှော်တောကျေးရွာများသည် သီဟိုဠ်သရက်အမြောက်အမြား စိုက်ပျိုးကြသည့်ကျေးရွာများဖြစ်ကြသည်။ ယခင်နှစ်များက သီဟိုဠ်သရက်စေ့ပေါ်ချိန် တစ်တင်းလျှင် ကျပ်ငါးသောင်းမှ ခြောက်သောင်းအထိ ရောင်းချခဲ့ရသော်လည်း ယခုနှစ် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားချိန်တွင် သီဟိုဠ်သရက်စေ့ ဈေးနှုန်း တစ်သောင်းရှစ်ရာကျပ်မှ နှစ်သောင်းကျပ်သာရောင်းချရကြောင်း သိရသည်။



သီဟိုဠ်သရက်သည် နှစ်ရှည်ပင်အမျိုးအစားသရက်ဖြစ်ပြီး စတင်စိုက်ပျိုးချိန်မှ ၁၀ နှစ်အတွင်း အသီးသီးနှုန်းကောင်းမွန်ကာ အပင်သက်တမ်း ၁၀ နှစ်ကျော်လျှင် အသီးသီးနှုန်း လျော့ကျလာသလို မသီးသည့်နှစ်များရှိလာသည်။ ယခုနှစ်တွင် ဈေးကွက်အနေအထားများ ပျက်လာခြင်းကြောင့် သီဟိုဠ်သရက်ပင်များနေရာတွင် အခြားဈေးကွက်ကိုက်မည့် သီးပင်များ အစားထိုးစိုက်ပျိုးမှု များလာကြောင်း လျှော်တောကျေးရွာမှ ဦးအောင်ဝင်း က ပြောကြားသည်။ သီဟိုဠ်သရက်ပင်များသည် ပြာသိုလ၊ တပို့တွဲလတို့တွင် အပွင့်စတင်ပွင့်ကြပြီး ကဆုန်လ၊ နယုန်လတို့တွင် ရင့်မှည့်ကြောင်း သိရသည်။

**ကိုထိန်**



# ယခင်နှစ်များထက် မုန်ညင်းထုပ်ဈေးကောင်းသဖြင့် စိုက်ပျိုးတောင်သူများ အဆင်ပြေ

ကောလင်း မတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်နှင့် ဝန်းသိုမြို့နယ်အတွင်း ဒေါင်းမြူးချောင်းနံဘေးရှိ ကျေးရွာများမှ တောင်သူများသည် မုန်ညင်းထုပ်ကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ယခင်နှစ်များထက် ဈေးကောင်းသဖြင့် စိုက်ပျိုးတောင်သူများ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

"မုန်ညင်းထုပ်ကို နှစ်တိုင်း သုည ဒသမ ၅၀ ဧက စိုက်ပျိုးပါတယ်။ စိုက်ပျိုးခဲ့တာကတော့ နှစ် ၂၀ ကျော်ရှိခဲ့ပါပြီ။ အရင်နှစ်တွေက မုန်ညင်းထုပ် တစ်ပိဿာ ကျပ် ၂၅၀ သာ ရောင်းချခဲ့ရပြီး အခုနှစ်မှာတော့ တစ်ပိဿာ ကျပ် ၅၀၀ နဲ့ စိုက်ခင်းထဲအထိ လာရောက်ဝယ်ယူကြပါတယ်" ဟု အုပ်ဖိုကျေးရွာမှ မုန်ညင်းထုပ်စိုက်ပျိုးသူ ဦးအောင်ဝင်းက ပြောသည်။

မုန်ညင်းထုပ် သုည ဒသမ ၅၀ ဧကကို အပင်ရေ ၅၀၀၀ ကျော်ဝင်ပြီး မြေအနေအထား၊ ပြုစုမှုပေါ်မူတည်၍ မုန်ညင်းထုပ်တစ်ပင် ၈၀ ကျပ်သားမှ တစ်ပိဿာကျော်အထိရှိပြီး ပိဿာချိန် ၃၅၀၀ မှ ၄၀၀၀ ကျော်အထိ ထွက်ရှိကြောင်း၊ စုစုပေါင်းကုန်ကျစရိတ် တစ်သိန်းခန့်သာရှိကြောင်း ၎င်းက ပြောပြသည်။

ဒေါင်းမြူးချောင်းနံဘေးရှိ ကျေးလက်နေပြည်သူများသည် သီးနှံများစိုက်ပျိုးရာတွင် မိသားစုဝင်ငွေတိုးပွားရေးအတွက် ဈေးကွက်ကောင်းသောသီးနှံများနှင့် နေ့စဉ်ဝင်ငွေတိုးပွားသည့် ဟင်းသီးဟင်းရွက်သီးနှံမျိုးစုံကို ရွေးချယ်စိုက်ပျိုးလုပ်ကိုင်လာကြကြောင်း၊ သီးနှံစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် မတ် ၃

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

○ ပြည်တွင်းမှ

ရောဂါဖြစ်ပွားနေတာကြောင့် ပြပွဲကို ကိုဗစ်-၁၉ စည်းကမ်းနဲ့အညီ ပြုလုပ်ပြသပါတယ်။ ကိုဗစ်-၁၉ စည်းကမ်းနဲ့အညီ လာရောက်လေ့လာဝယ်ယူအားပေးသူတွေကို ကျန်းမာရေးစစ်ဆေးတယ်။ ကိုယ်အပူချိန်တိုင်းတယ်။ နှာခေါင်းစည်းမပါရင် တပ်ခိုင်းပါတယ်။ ခုလိုခက်ခဲတဲ့ကာလမှာ မဖြစ်မနေထုတ်လုပ်ရောင်းဝယ်နေကြတဲ့ကြားကာလမှာ တချို့ထုတ်ကုန်တွေက နိုင်ငံတကာဈေးကွက်ထိသွားလို့ ရတာတွေရှိပါတယ်။ အဲဒီလိုမျိုးထုတ်ကုန်တွေရှိတဲ့အတွက် ပံ့ပိုးကူညီပေးဖို့ဆောင်ရွက်တာပါ။ အဓိကအနေနဲ့ကတော့ ဈေးကွက်ချိတ်ဆက်ပေးဖို့ပါ။ ပြပွဲကို လာရောက်လေ့လာသူတွေနဲ့ စည်ကားနေပါတယ်" ဟု ၎င်းကရှင်းပြသည်။

### ပြသရောင်းချ

အဆိုပါ တိုင်းရင်းသားထုတ်ကုန်မြှင့်တင်ပြပွဲတွင် အဓိကအနေဖြင့် SME ထုတ်ကုန်များနှင့် မြန်မာထုတ်ကုန်စစ်စစ်များပါရှိသည့်အပြင် တိုင်းရင်းသားဒေသအစုံမှ ထုတ်ကုန်များဖြစ်သည့် ပယင်းအမည်ခံထုတ်ကုန်များ၊ ကချင်ပြည်နယ်မှ ကျောက်စိမ်းရတနာများ၊ ကချင်ရိုးရာအဝတ်အထည်များ၊ ပြင်ဦးလွင်ဒေသထွက် ကော်ဖီထုတ်ကုန်များ၊ ကြယ်ပဲထုတ်ကုန်များ၊ ကျန်းမာရေးအထောက်အကူပြုဆေးဝါးများ၊ ပျားရည်ကိုတန်ဖိုးမြှင့်ထုတ်လုပ်ထားသည့် ထုတ်ကုန်များ၊ ရဲယိုဖျော်ရည်များ၊ လျှော်ဖြူကထုတ်သည့် တန်ဖိုးမြှင့်ထုတ်ကုန်ဖြစ်သော အသင့်သောက်ဖျော်ရည်များ၊ လျှော်ဖြူနှင့်တွဲထုတ်သည့် မန်ကျည်းယိုများ၊ ပြင်ဦးလွင်မြို့ အခြေစိုက် မက္ကဒေးမီးယားထုတ်ကုန်များ၊ မက်မန်းဝိုင်များ၊ နေကြာဆီများ၊ မကွေးတိုင်းဒေသကြီးကိုယ်စားပြု တိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့က GAP သီးနှံများဖြစ်သည့် နှမ်းနက်မျိုး၊ မြေပဲနှင့် ပဲတီစိမ်းမျိုးကောင်းမျိုးသန့်များကို လာရောက်ပြသရောင်းချခြင်းနှင့် ဈေးကွက်ချိတ်ဆက်မှုရရှိစေရန် ဆောင်ရွက်ခြင်းများ၊ သဘာဝထန်းလျက်ကို အခြေခံထုတ်လုပ်ထားသည့် ဩဂဲနစ်အရည်အသွေး ထန်းအရက်နှင့် ဆန်အရက်များကို ကော့တေးပုံစံ ရောစပ်ဖျော်နည်းများကို လက်တွေ့ပြသခြင်းများစသဖြင့် ဒေသစုံမှ ထုတ်ကုန်များကို ပြသပေးလျက်ရှိကြောင်း သိရသည်။



**မင်းထက်အောင်(မန်းကိုယ်ပွား)**

☆ စာမျက်နှာ ၁၉ မှ

ဖော်ဆောင်ရာတွင် ဗျူဟာကျသော မူဝါဒများ ပေါ်ပေါက်လာရေး၊ တန်ဖိုးထပ်တိုးမှုနှင့် ထုတ်ကုန်အမျိုးအစားစုံလင်မှုများ တိုးတက်လာရေး၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ တိုးတက်လာစေရေးအတွက် လှုံ့ဆော်ရေး စသောအချက်များကို လုပ်ငန်းစီမံချက်များချမှတ်၍ အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။

### ပို့ကုန်များ စဉ်ဆက်မပြတ် တိုးတက်တင်ပို့ရန်နှင့် ကမ္ဘာအနှံ့ ရောက်ရှိတင်ပို့နိုင်ရန်

ပဲမျိုးစုံနှင့်ဆီထွက်သီးနှံကဏ္ဍ မဟာဗျူဟာရည်မှန်းချက်အပိုင်းသုံးအဖြစ် "ပို့ကုန်များ စဉ်ဆက်မပြတ် တိုးတက်တင်ပို့နိုင်ရန်နှင့် ကမ္ဘာအနှံ့ရောက်ရှိတင်ပို့နိုင်ရန်" ဟူသော ရည်မှန်းချက်ကို အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။ နည်းဗျူဟာပိုင်းအနေဖြင့် စနစ်တကျ စီစဉ်ဖွဲ့စည်းထားသော ပြည်ပပို့ကုန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြှင့်တင်နိုင်ရေးအားထုတ်မှုများကို သေချာစွာ လုပ်ဆောင်ရေး၊ ဈေးကွက်ရောင်းဝယ်ဖောက်ကားမှုဆိုင်ရာ သတင်းအချက်အလက်စီမံခန့်ခွဲမှုကို တိုးတက်ကောင်းမွန်စေရေးနှင့် အသင်းအဖွဲ့၏ စွမ်းဆောင်ရည်ကို ခိုင်မာအားကောင်းစေရန်နှင့် ၎င်း၏ လုပ်ဆောင်မှုအတိုင်းအတာနယ်ပယ်ကို တိုးချဲ့ရေးဆိုသည့် နည်းဗျူဟာများ ချမှတ်အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။

### အထွေထွေ

ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကို ပို့ကုန်အဖြစ် တိုးတက်တင်ပို့နိုင်ရန်မှာ မြန်မာနိုင်ငံအတွက် အထူးလိုအပ်သော ကိစ္စတစ်ရပ်ဖြစ်ပါသည်။ ပဲမျိုးစုံကို နှစ်စဉ် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် တင်ပို့လျက်ရှိပြီး ဆီထွက်သီးနှံများဖြစ်သော နှမ်း၊ မြေပဲ စသောဆီထွက်သီးနှံများကိုလည်း ပြည်ပသို့ တင်ပို့လျက်ရှိပါသည်။ ထိုသို့သော သီးနှံများသည် ပုပ်သိုးပျက်စီးရန် လွယ်ကူခြင်းမရှိဘဲ ရေရှည်သိုလှောင်နိုင်သော သီးနှံများဖြစ်သဖြင့် နိုင်ငံအသီးသီးအတွက် ရိက္ခာအဖြစ် ထားရှိနိုင်ပါသည်။ ကိုဗစ် – ၁၉ ကပ်ရောဂါကဲ့သို့ ရောဂါများ ဖြစ်ပွားသည့် အတွေ့အကြုံအရ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးလူးသွားလာမှု၊ ကုန်သွယ်မှုတို့ကို ဆင်ခြင်နေရသည့် ကာလမျိုးတွင် လွန်စွာအရေးပါသည်ကို တွေ့ရှိလာရပါသည်။ ထို့ကြောင့် ပုပ်သိုးပျက်စီးလွယ်ခြင်းမရှိသည့် သီးနှံများကို ပိုမိုထုတ်လုပ်ရေး၊ ပိုမိုတင်ပို့နိုင်ရေးသည် များစွာအရေးပါပြီး ပို့ကုန်တိုးမြှင့်ရေးအတွက် အလိုက်သင့်ကောင်းစွာ ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများအား ကုန်ကြမ်းနှင့် ကုန်ချောများအဖြစ် တိုးတက်ထုတ်လုပ်တင်ပို့ရန်အတွက် ယခုဖော်ပြသော မဟာဗျူဟာသည် အလွန်အရေးကြီးသောနေရာတွင် ရှိနေပြီး အောင်မြင်စွာဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# ချယ်လ်ဆီးအသင်းကို ရောင်းချဖို့ စီစဉ်နေပြီဖြစ်တဲ့ အသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်



ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်ဟာ ချယ်လ်ဆီးအသင်းကို ရောင်းချဖို့စီစဉ်နေပြီး အဲဒီလိုရောင်းချဖို့ စီစဉ်ခဲ့တဲ့ ဆုံးဖြတ်ချက်ကို ခက်ခက်ခဲခဲချမှတ်ခဲ့တာဖြစ်တယ်လို့လည်း အေဘရာမိုဗစ်ချ်က ချယ်လ်ဆီးအသင်းဝက်ဘ်ဆိုက်မှာ ထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်ပြီး ပြောကြားခဲ့ပါတယ်။

ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံအား စစ်ဆင်ရေးဆင်နွှဲမှုများ ပြုလုပ်ပြီးနောက် ရုရှားဘီလျံနာတွေကို ဥရောပသမဂ္ဂက ပိတ်ဆို့မှုများ ပြုလုပ်ခဲ့တာကြောင့် ရုရှားနိုင်ငံသားဖြစ်တဲ့ အေဘရာမိုဗစ်ချ်က ချယ်လ်ဆီးအသင်းကို ရောင်းချဖို့စီစဉ်လာခဲ့တာဖြစ်ပြီး ချယ်လ်ဆီးအသင်းကို ပေါင်စတာလင် သုံးဘီလီယံနဲ့ ရောင်းချသွားမယ်လို့ ဈေးနှုန်းသတ်မှတ်ထားတာ ဖြစ်ပါတယ်။

အေဘရာမိုဗစ်ချ်ဟာ ၂၀၀၃ ခုနှစ်အတွင်းက ချယ်လ်ဆီးအသင်းကို ပေါင်သန်း ၁၄၀ နဲ့ ဝယ်ယူခဲ့တာဖြစ်ပြီး ချယ်လ်ဆီးအသင်းပိုင်ရှင်ဘဝမှာ ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်၊ ပရီမီယာလိဂ်ဖလား နှစ်ကြိမ်၊ အက်ဖ်အေဖလားငါးကြိမ်၊ ယူရိုပါလိဂ်ဖလားနှစ်ကြိမ်နဲ့ လိဂ်ဖလားသုံးကြိမ်တို့ကို ရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

အေဘရာမိုဗစ်ချ်ဟာ ချယ်လ်ဆီးအသင်းနဲ့အတူ ၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်းက ယူအီးအက်ဖ်အေစူပါဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီး ဖေဖော်ဝါရီလအတွင်းကလည်း ကမ္ဘာ့ကလပ်အသင်းများဖလားကို ပထမဆုံးအကြိမ် ရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

အေဘရာမိုဗစ်ချ်ဟာ ချယ်လ်ဆီးအသင်းပိုင်ရှင်ဘဝမှာ နည်းပြအပြောင်းအလဲ ၁၃ ဦးအထိပြုလုပ်ခဲ့ပြီး အပြောင်းအရွှေ့ဈေးကွက်အတွင်းမှာလည်း ပေါင် နှစ်ဘီလီယံကျော် သုံးစွဲခဲ့သူဖြစ်ပါတယ်။ ဥရောပသမဂ္ဂက ပိတ်ဆို့မှုတွေပြုလုပ်ခဲ့တဲ့ ရုရှားဘီလျံနာတွေထဲမှာ အဲဗာတန်အသင်းနဲ့ စီးပွားရေးဆိုင်ရာချိတ်ဆက်မှုတွေရှိနေတဲ့ အလီရှာယူစမာနော့ဗ်လည်း ပါဝင်နေတယ်လို့ သိရပါတယ်။

# မီနာမီနိုရဲ့ သွင်းဂိုးနှစ်ဂိုးနဲ့ နော့ဝှစ်ချ်ကို အနိုင်ရပြီး အက်ဖ်အေဖလားကွာတားဖိုင်နယ်တက်ခဲ့တဲ့ လီဗာပူး



လီဗာပူးအသင်းနဲ့ နော့ဝှစ်ချ်အသင်းတို့ဟာ အက်ဖ်အေဖလား ၁၆ သင်းအဆင့်ပွဲစဉ်အဖြစ် မတ် ၂ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက နော့ဝှစ်ချ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ လီဗာပူးအသင်းဟာ ပထမပိုင်းပွဲကစားချိန် ၂၇ မိနစ်နဲ့ ၃၉ မိနစ်တို့မှာ သွင်းယူခဲ့တဲ့ ဂျပန်ကြယ်ပွင့် ကစားသမား မီနာမီနိုရဲ့ သွင်းဂိုးနှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး နော့ဝှစ်ချ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ဒုတိယပိုင်းပွဲကစားချိန် ၇၆ မိနစ်မှာ လူကက်စ်ရပ်က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

လီဗာပူးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူပေးခဲ့တဲ့ မီနာမီနိုဟာ အခုနှစ်ဘောလုံးရာသီမှာ လီဗာပူးအသင်းနဲ့အတူ ကာရာဘောင်ဖလားပွဲစဉ်ငါးပွဲမှာ သွင်းဂိုးလေးဂိုးအထိ သွင်းယူနိုင်ခဲ့တာဖြစ်ပြီး ကာရာဘောင်ဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်မှာတော့ လီဗာပူးအသင်းနဲ့အတူ ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိဘဲ လွဲချော်ခဲ့ရတာ ဖြစ်ပါတယ်။

မီနာမီနိုဟာ အခုပွဲစဉ်မှာ သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် အခုနှစ် ဘောလုံးရာသီအတွင်း လီဗာပူးအသင်းအတွက် သွင်းဂိုး ကိုးဂိုးအထိသွင်းယူနိုင်ခဲ့ပြီလည်းဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ အခုပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် အခုနှစ်ဘောလုံးရာသီအတွင်း နော့ဝှစ်ချ်အသင်းကို လေးကြိမ်အထိ နိုင်ပွဲရရှိခဲ့တာဖြစ်ပြီး ပရီမီယာလိဂ်မှာ အိမ်ကွင်း၊ အဝေးကွင်းနှစ်ပွဲ၊ ကာရာဘောင်ဖလား ပြိုင်ပွဲ တတိယအဆင့်မှာတစ်ပွဲနဲ့ အခုအက်ဖ်အေဖလားပြိုင်ပွဲမှာ တစ်ပွဲအနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။



# ဗြိတိန်နိုင်ငံရဲ့ ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ တိုင်ဆန်ဖူရီ အနားယူတော့မည်

ဗြိတိန်နိုင်ငံရဲ့ ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံတစ်ဦးဖြစ်တဲ့ တိုင်ဆန်ဖူရီဟာ ဧပြီလအတွင်းမှာ တစ်နိုင်ငံတည်းသား ဒီလီယန်ဝိုက်နဲ့ ဒဗလျူဘီစီ ချန်ပီယံခါးပတ်လုပွဲ ယှဉ်ပြိုင်ထိုးသတ်မှာဖြစ်ပြီး အဲဒီပြိုင်ပွဲပြီးချိန်မှာ လက်ဝှေ့သမားဘဝကနေ အနားယူတော့မှာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

လက်ဝှေ့သမားဘဝသမိုင်းမှာ ရှုံးပွဲမရှိစံချိန်တင်ထားနိုင်ခဲ့တဲ့ အသက် ၃၃ နှစ်အရွယ်ရှိ ဗြိတိန်လက်ဝှေ့သမား တိုင်ဆန်ဖူရီဟာ ပရော်ဖက်ရှင်နယ်လက်ဝှေ့ပြိုင်ပွဲ ၃၂ ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာမှာ ၃၁ ပွဲအထိ နိုင်ပွဲရရှိခဲ့ကာ တစ်ပွဲသရေရလဒ်ထွက်ခဲ့တာ ဖြစ်ပါတယ်။

သရေရလဒ်တစ်ပွဲ ထွက်ပေါ်ခဲ့တာကတော့ အမေရိကန်လက်ဝှေ့သမား ဒီအွန်တေးဝိုင်ဒါနဲ့ ပထမဆုံးအကြိမ်ထိုးသတ်ခဲ့တဲ့ ပွဲစဉ်ဖြစ်ပြီး ဒုတိယအကြိမ်နဲ့ တတိယအကြိမ် ထိုးသတ်ခဲ့ရာမှာတော့ နှစ်ကြိမ်စလုံးအနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဗြိတိန်ပရော်ဖက်ရှင်နယ် လက်ဝှေ့သမား တိုင်ဆန်ဖူရီဟာ ဧပြီ ၂၃ ရက်မှာ ဝင်ဘလေလက်ဝှေ့ကြိုးဝိုင်းအတွင်း ဒီလီယန်ဝိုက်နဲ့ ယှဉ်ပြိုင်ထိုးသတ်ဖို့စီစဉ်ထားတာဖြစ်ပြီး အဲဒီလက်ဝှေ့ပြိုင်ပွဲ ယှဉ်ပြိုင်ပြီးချိန်မှာ အနားယူဖို့စီစဉ်ထားတာ ဖြစ်ပါတယ်။

# နည်းပြ မာရီယန်ဗာဒါနဲ့ လက်တွဲဖြုတ်ခဲ့ပြီဖြစ်တဲ့ ဂျိုကိုဗစ်

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမားဟောင်း တစ်ဦးဖြစ်တဲ့ ဆားဘီးယား တင်းနစ်အကျော်အမော် ဂျိုကိုဗစ်ဟာ ကာလရှည်ကြာလက်တွဲခဲ့တဲ့ နည်းပြ မာရီယန်ဗာဒါနဲ့ ဒုတိယအကြိမ် လက်တွဲဖြုတ်ခဲ့ပြီ ဖြစ်ပါတယ်။

အသက် ၃၄ နှစ် အရွယ်ရှိ ဆားဘီးယား ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား ဂျိုကိုဗစ်ဟာ ဖေဖော်ဝါရီ ၂၈ ရက်က ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမားအဖြစ်ကနေ ဆင်းပေးခဲ့ရပြီး ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမားနေရာကို ရုရှားတင်းနစ်ကစားသမား ဒန်နီအီလ်မက်ဗီဒက်ဗ်က ရယူပိုင်ဆိုင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဂရန်းဆလမ်းချန်ပီယံဆုဖလားကို အကြိမ် ၂၀ အထိ ရယူပိုင်ဆိုင်ခွင့်ရရှိခဲ့တဲ့ ဂျိုကိုဗစ်ဟာ ဆယ်ကျော်သက် အရွယ်ဖြစ်တဲ့ ၂၀၀၆ ခုနှစ်က ဆလိုဗက်ကီးယားနိုင်ငံသား နည်းပြမာရီယန်ဗာဒါနဲ့ လက်တွဲခဲ့တာဖြစ်ပြီး ၂၀၁၇ ခုနှစ်မှာ နည်းပြမာရီယန်ဗာဒါနဲ့ ပထမအကြိမ် လက်တွဲဖြုတ်ခဲ့တာ ဖြစ်ပါတယ်။

ဂျိုကိုဗစ်နဲ့ နည်းပြမာရီယန်ဗာဒါတို့ဟာ ၂၀၁၈ ခုနှစ်မှာ ပြန်လည်လက်တွဲခဲ့ပြီးနောက်ပိုင်း ဂျိုကိုဗစ်ဟာ ဂရန်းဆလမ်းဆုဖလားသုံးကြိမ် ရယူဆွတ်ခူးနိုင်ခဲ့ကာ ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းမှာ ဒုတိယအကြိမ် လက်တွဲဖြုတ်ဖို့ သဘောတူညီခဲ့ကြတာဖြစ်တယ် လို့သိရပါတယ်။

နည်းပြ မာရီယန်ဗာဒါဟာ ဆားဘီးယားတင်းနစ် အကျော်အမော် ဂျိုကိုဗစ်ကို ဂရန်းဆလမ်း ချန်ပီယံဆုဖလား အကြိမ် ၂၀ အထိ ရယူဆွတ်ခူးနိုင်အောင် နည်းပြပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။

■



ငွေကြယ် - ရေးသားသည်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

ဦးကောင်းမိုးအား နေ့စဉ်မြင်တွေ့နေကျမဟုတ်ပါက မှတ်မိနိုင်စရာပင်မရှိ။

မြင်နေကျလူများအဖို့တွင်လည်း ဦးကောင်းမိုး ရှုးသွပ်နေပြီလား အထင်ရောက်သည်။ ပတ်ဝန်းကျင်သည် ဦးကောင်းမိုး၏ထူးဆန်းသော ဓလေ့များကို စူးစမ်းစပြုလာသည်။

ဦးကောင်းမိုးအိမ်တွင် တစ်ညလုံး မီးထိန်ထိန်လင်းနေခြင်းမှာ အခြားသူများအတွက် အံ့သြဖွယ်ဖြစ်နေသည်။ အခြားသူများအဖို့တွင် ဖုံးဒဏ်ကို ကြောက်လန့်၍ နေဝင်လျှင် မီးငြိမ်းရသည်။

သူတကာ အိပ်စက်နေချိန်၌ ဦးကောင်းမိုးမှာ လှုပ်လှုပ်ရှားရှား ဖြစ်နေတတ်သည်။ အိမ်အတွင်း ဟိုမှသည်မှ စကြံလျှောက်နေတတ်သည်။ တစ်ခါတစ်ရံ ဦးကောင်းမိုးသည် တစ်ကိုယ်တည်း စကားပြောနေတတ်သည်၊ တစ်ကိုယ်တည်း ရယ်မောနေတတ်သည်။ တစ်ခါတစ်ရံတွင်မူ အိပ်စက်နေသူတို့ အိပ်ရာမှ အလန့်လန့်အဖျပ်ဖျပ် နိုးလာရလောက်အောင် ဆူညံကျယ်လောင်သော အသံဗလံများကို ကြားရသည်။ ယင်းအသံကား သေလုမြောပါး အော်ဟစ်သံဖြစ်သည်။ အကြောက်ကြောက်အရွံ့ရွံ့နှင့် ငယ်သံပါအောင် အော်လိုက်သော အသံဖြစ်သည်။

လူတို့ ဦးကောင်းမိုး၏အိမ်အပါးသို့ မကပ်ဝံ့ကြ။ သတင်းမေးစမ်းခြင်းလည်း မပြုရဲကြ။ သည်အတိုင်း ကြည့်နေကြရသည်။

ဦးကောင်းမိုးသည် နံနက်ပိုင်းတွင် အိမ်မှထွက်သည်။အိမ်သို့ပြန်လာသောအခါ လက်မှာ အရက်ပုလင်းများ ပါတတ်မြဲ။အိမ်ရှေ့မှဖြတ်သွားလေတိုင်း အရက်သောက်နေသော ဦးကောင်းမိုးကိုသာ လူတို့ မြင်တွေ့ကြရသည်။ တစ်စထက်တစ်စ ပိန်ချုံးလာသော၊ အားနည်းညှိုးခွေလာသော ဦးကောင်းမိုး၏ အဖြစ်ကို လူတို့ ဂရုပြုမိကြသည်။ ဒီအတိုင်းဆိုရင် ဒီလူ သက်ဆိုးရှည်မှာမဟုတ်ဘူး။

သည်အတိုင်း မှတ်ချက်ချကြသည်။

အေးလေ၊ ဒီလူ့အဖို့ အသက်ဆက်ပြီး ရှင်နေမှာနဲ့ စာရင် စောစောသေသွားတာက အကောင်းဆုံးဖြစ်မှာပါ။ ဘာကြောင့်လဲဆိုတော့ သူရှိနေတဲ့အတွက် လောကကြီးမှာ တစ်စုံတစ်ရာ အကျိုးကျေးဇူးရှိလာမှာမှမဟုတ်ဘဲ။

ယင်းသို့ ဖြည့်စွက်တတ်သူလည်း မရှားလှ။ ဦးကောင်းမိုးကိုယ်တိုင် ယခုအခါ မိမိ၏အသက်ကို တန်ဖိုးထားခြင်းမရှိတော့သည့်အဖြစ်ကိုမူ လူတို့ ရိပ်စားမိခြင်း မရှိကြချေ။

ဦးကောင်းမိုးကိုယ်တိုင် မိမိ လူ့လောက၌ အသက်ထင်ရှားရှိနေရခြင်းမှာ အဓိပ္ပာယ်ကင်းမဲ့လျက်ရှိသည်ဟုထင်သည်။ ဖြစ်နိုင်လျှင် မြန်မြန်ဆန်ဆန် လူ့ဘဝကို စွန့်လွှတ်လိုက်ချင်သည်။ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့အထိ ဝံ့ရဲနိုင်ခြင်းမရှိသည်က




ခက်နေသည်။

သည်ရက်အတွင်း မိမိကိုယ်ကိုသတ်သေဖို့ အကြိမ်ကြိမ်ကြိုးစားသည်။ သေနတ်ကို မောင်းတင်ကာ စားပွဲပေါ်မှာချထားသည်။ နားထင်သို့လည်း တေ့ဖူးပြီ။

သို့တိုင်အောင် မောင်းကိုကား မဆွဲဖြစ်ခဲ့။ သေနတ်ကိုပြန်ချကာ အရက်ကိုသာ ဖိသောက်ဖြစ်သည်။ ယခုရက်အတွင်း ဦးအောင်ခန့် သူ့ထံ ရက်ဆက်ရောက်လာသည်ဟု ထင်သည်။ နေ့ညမရွေး အချိန်မရွေး ရောက်လာသည်ဟု ထင်ရသည်။

တစ်ခါတစ်ရံ သူနှင့်မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်သည်။ တစ်ခါတစ်ရံ အခန်းထောင့်မှာ ရှိသည်။ တစ်ခါတစ်ရံတွင်မူ လှေကားအတက် အဆင်းမှာ သူရှိနေတတ်ပေသည်။

ဦးအောင်ခန့်သည် မိမိအား နေ့စဉ်ရက်ဆက်ဆိုသလို လာရောက်ခြောက်လှန့်နေသည်ဟု ဦးကောင်းမိုး၏စိတ်တွင် အထင်ရောက်သည်။ သူသည် ယခင်ကလို သာမန်ရုပ်အဆင်းဖြင့် ခြောက်လှန့်ခြင်းမျိုး မဟုတ်။ သေနတ်အပစ်ခံရပြီး ပိုးစိုးပက်စက်သေဆုံးရပုံမျိုးဖြင့် ခြောက်လှန့်သည်။

ယနေ့ဆိုလျှင်ဦးကောင်းမိုးအိမ်သို့ဝင်လာကတည်းက သွေးညှီနံ့ရသည်။ အိမ်ကြမ်းပြင်ပေါ်မှာ သွေးများကို မြင်နေသည်။ သူ့စားပွဲပေါ်မှာ ဦးအောင်ခန့်၏ အလောင်း ရောက်ရှိနေသည်။ ဦးကောင်းမိုးက စားပွဲကို ဆွဲလှန်လိုက်လေမှပင် အလောင်းကြီးကျသွားသည်ဟု ထင်သည်။

ဦးကောင်းမိုး အရက်ကို ပိုသောက်သည်။

တစ်နေ့လုံးကို သွေးညှီနံ့မပျောက်။ မိမိ၏မျက်နှာတွင် သွေးများစွန်းထင်ပေကျံနေသည်အထင်နှင့် ဦးကောင်းမိုးမျက်နှာကို မကြာခဏပွတ်သည်။ အရက်ဖိတ်စဉ်ကာ အင်္ကျီကို စိုသည်။ ဤသည်ကိုလည်း အရက်ဟု မထင်မှတ်။ ကင်ပေတိုင်၏ အချုပ်ခန်းမှာ တုန်းကလို ဦးအောင်ခန့်၏သွေးများ ဖိတ်စဉ်ပေကျံသည်ဟု ထင်သည်။ အင်္ကျီ အခါခါလဲလှယ်သည်။

သူ၏အပြုအမူကို အခန်းထောင့်တစ်နေရာမှ ဦးအောင်ခန့် သဘောကျစွာ ကြည့်နေသည်ဟု မှတ်ယူကာ ထိုနေရာကို သေနတ်နှင့် လှမ်းပစ်မိသည်။ ထိုအခါမှ ဦးအောင်ခန့် ပျောက်ကွယ်သွားသည်။

သို့နှယ်ဖြင့် အချိန်သည် တစ်စထက်တစ်စ ကုန်ဆုံးလာသည်။ သူကြောက်ရွံ့စိုးထိတ်သောညသို့ ရောက်ရှိလာပြန်ချေပြီ။

ယနေ့အဖို့ အခါတိုင်းနေ့များကထက် ဦးကောင်းမိုး ပိုမိုချောက်ချားလျက်ရှိသည်။ ပိုမိုထိတ်လန့်လျက်ရှိသည်။ စိတ်မှာ ပိုမိုယောက်ယက်ခတ်နေသည်။

နေရာတကာမှာ မြင်နေရသည်က သွေး၊ ခြင်းခြင်းနီသော သွေးချည်းသာပင်။ ကြည့်လေရာရာမှာလည်း ဦးအောင်ခန့်ကို မြင်သည်။ နေရာတကာမှာပင် ဦးအောင်ခန့်ရှိနေသည်။ မျက်စိကို မှိတ်ထားသည့်တိုင် သူငယ်အိမ်မှာ သူ၏အရိပ်အသွင် စွဲထင်နေသည်။

နားမှာလည်း ကင်ပေတိုင် အချုပ်ခန်းမှာရှိစဉ်က အော်ဟစ်ခဲ့သောအသံကို ကြားနေသည်။ ယင်းအသံသည် ပဲ့တင်သံသဖွယ် အထပ်ထပ်အခါခါ ရိုက်ခတ်လျက်ရှိသည်။

ကြာတော့လည်း သည်အဖြစ်ကို ဦးကောင်းမိုး မခံမရပ်နိုင်သလိုရှိလာသည်။ သည်းမခံနိုင်အောင် ဖြစ်လာသည်။

"တော်ပါတော့ ကိုအောင်ခန့်။ တော်ပါတော့။ ကျုပ်ကို ဆက်ပြီး မခြောက်လှန့်ပါနဲ့တော့လားဗျာ"

သူသည် တစ်ကိုယ်တည်း တောင်းပန်စကားကို ဆိုနေသည်။ ဤသည်ကို ဦးအောင်ခန့်က ကျေနပ်နှစ်သိမ့်စွာ ပြုံးလိုက်သည်ဟု ထင်သည်။

"ကျုပ် တကယ်ပြောတာပါ။ တကယ်တောင်းပန်နေတာပါ။ ကျုပ်ကိုဆက်ပြီး ဒုက္ခမပေးပါနဲ့တော့ ကိုအောင်ခန့်"

သူ့ တကယ်တမ်း ချောက်ချောက်ချားချားဆိုသည်။ ဤသည်ကိုလည်း ဦးအောင်ခန့် မနာယူ။ ဆက်လက်ခြောက်လှန့်ပြန်သည်။ အိမ်အထက်ထပ်မှ ညိုးညိုးညံညံ အသံပြုနေသည်ဟု အထင်ရောက်သည်။

"မဖြစ်တော့ဘူး ကိုအောင်ခန့်ရေ။ ဒီကနေ့တော့ ခင်ဗျားနဲ့ကျုပ် အပြတ်စာရင်းရှင်းကြမှ ဖြစ်လိမ့်မယ်။ အပြတ်ဖြတ်ကြမှ ဖြစ်လိမ့်မယ်"

ဦးကောင်းမိုးသည် သေနတ်ကို ကျည်အသင့်ထိုးသည်။ သူသည် ဦးအောင်ခန့်အား ဝိညာဉ်ဟူ၍လည်း သဘောမထား။ စင်စစ် သူ၏စိတ်မှ ခြောက်လှန့်နေခြင်းဟုလည်း သဘောမပိုက်။ လူတစ်ယောက်နှယ် ဆက်ဆံပြောဆိုနေသည်။

"ဘာလဲ၊ ခင်ဗျားက အခုကျုပ်ကို ဒီနည်းနဲ့လက်စားချေနေတာပေါ့လေ။ ဟုတ်စ။ မရရေးချမရဘဲ ကိုအောင်ခန့်။ ခင်ဗျားကို ကျုပ် ကြောက်မယ်များ ထင်သလား။ တစ်သက်လုံး မကြောက်ဘူးမှတ်"

ထိုသို့ ကြုံးဝါးရင်း၊ မောင်းမဲရင်းမှပင် တစ်စထက်တစ်စ ညဥ့်နက်လာသည်။ အမှောင်ထုသည် သိပ်သည်းစွာ လွှမ်းခြုံလာသည်။

ဦးကောင်းမိုး အတော်ချည်းမူးနေပြီ။ စိတ်မှာလည်း ပို၍ယောက်ယက်ခတ်လာသည်။ သူ၏စိတ်အတွေးတွင် အစစအရာရာ ရှုတ်ရှုတ်သဲသဲဖြစ်နေသည်ဟု ထင်သည်။ ကသောင်းကနင်းနှင့်၊ ကသုတ်ကရက်နှင့်။ ဘာတစ်ခုကိုမျှ လေးလေးနက်နက် တွေးတတ်နိုင်စွမ်းမရှိ။

"ဒီကနေ့ညတော့ ခင်ဗျားနဲ့ကျုပ် ရေရေလည်လည် တွေ့ကြမယ့်ညပဲ ကိုအောင်ခန့်။ သူသေကိုယ်သေ ယှဉ်ပြိုင်ရမယ့်ညပဲ။ ကျုပ် အခုလို ချောက်ချောက်ချားချား ဖြစ်ရမယ့်အဖြစ်ကို ဆက်ပြီး အဖြစ်မခံနိုင်တော့ဘူး။ တစ်ပွဲတစ်လမ်း အကဲစမ်းကြစို့ ဆိုတာလိုပေါ့ဗျာ"

ဦးကောင်းမိုးသည် အကြောင်းမဲ့ ရယ်သည်။ တစ်အိမ်လုံးကို အလုံပိတ်ထားသဖြင့် သူ၏ရယ်သံသည် အခန်းနံရံများနှင့် ပဲ့တင်ရိုက်ခတ်ကာ ကျယ်လောင်စွာ မြည်ဟည်းသွားသည်။

သူ့စိတ်တွင် အခန်းထောင့်တစ်နေရာမှာ ဦးအောင်ခန့်ရှိနေသည်ဟု ထင်သည်။ ထိုနေရာကို မှန်း၍ သေနတ်နှင့် ပစ်လိုက်သည်။ ထိုအခါ ဦးအောင်ခန့် ပျောက်ကွယ်သွားပြန်သည်။

"ဟား . . . ဟား ဘယ်ရမလဲ ကိုအောင်ခန့်ရဲ့။ သေနေတဲ့လူက ရှင်နေတဲ့လူကို ဘယ်စမ်းလို့ရမလဲ"

ယင်းအခိုက်မှာပင် အခြားသောတစ်နေရာမှာ ဦးအောင်ခန့် ပေါ်လာသည်။ ထိုနေရာသို့ မှန်း၍ ပစ်ပြန်သည်။ ပျောက်ကွယ်သွားပြန်သည်။ အခြားနေရာမှ ပေါ်လာပြန်သည်။ ပစ်ပြန်သည်။ ပျောက်ကွယ်သွားပြန်သည်။

"နေဦးဗျာ ကိုအောင်ခန့် နေဦး။ ခဏနေဦး။ ကျုပ်မောနေတာ ခင်ဗျား မတွေ့ဘူးလား။ ခင်ဗျား မမြင်ဘူးလား"

သူသည် အရက်ခွက်ကို ကောက်ကိုင်သည်။ အရက်ကို စိမ်ပြေနပြေ သောက်ပြန်သည်။ ထို့နောက် သေနတ်ကိုဆွဲယူသည်။ ဦးအောင်ခန့် ပေါ်လာသည်ထင်သောနေရာသို့ ပစ်သည်။ သေနတ်မှာ ကျည်ဆန်ကုန်ခဲ့ပြီဖြစ်သည်။ ဤသည်ကိုတွေ့ရလျှင် ဦးကောင်းမိုး တုန်လှုပ်လာသည်။

"ကျုပ်မှာ သေနတ်ကျည်ဆန် ကုန်သွားတာနဲ့ ခင်ဗျားကို ကြောက်မယ်များ ထင်သလား ကိုအောင်ခန့်။ ဝေးပါသေးရဲ့။ ဟောဒီမှာ ခင်ဗျားဖို့ လက်ဆောင်"

ဦးကောင်းမိုး ဖန်ခွက်၊ ပုလင်းလွတ်စသည်တို့ဖြင့် နံရံကိုပစ်ပစ်ပေါက်သည်။ ကွဲရှသံများပေါ်လာသည်။

ယခုအခါတွင် ဦးအောင်ခန့် ပျောက်ကွယ်မသွားတော့။ သူ့ထံ တရွေ့ရွေ့ တိုးလာသည်ဟု ထင်သည်။

သွေးညှီနံ့ကိုလည်း ခံစားရပြန်ပြီ။ ဦးအောင်ခန့်၏အသံများကိုလည်း ကြားလာရပြန်သည်။

ဦးကောင်းမိုး အတုန်တုန်အလှုပ်လှုပ်၊ အချောက်ချောက် အချားချားဖြစ်ရသည်။ သူသည် ရံခါတွင် မျက်စိကိုမှိတ်ထားသည်။ ရံခါတွင် နားကို ပိတ်ထားသည်။ အံကို တင်းတင်းကြိတ်လျက် စိတ်ဝေဒနာကို ဖြေဖျောက်သည်။ ဝေဒနာကား ပျောက်ကွယ်မသွား။ တိုး၍သာလာသည်။

ဦးကောင်းမိုးသည် အိမ်အောက်ထပ်မှ အပေါ်သို့ တက်ခဲ့သည်။ တစ်ဖန် အပေါ်မှအောက်သို့ ဆင်းပြန်သည်။ အိပ်ရာပေါ်သို့ အိပ်မိသည်လည်းရှိသည်။ အိပ်ရာမှထကာ စားပွဲတွင် ထိုင်မိသည်လည်းရှိသည်။


"ကျုပ်အရှုံးပေးပြီ ကိုအောင်ခန့်။ ခင်ဗျားကို ကျုပ် အရှုံးပေးပြီ။ ဆက်ပြီး မခြောက်ပါနဲ့တော့ဗျာ။ ကြောက်လှပါပြီ ကိုအောင်ခန့်"

**ဆက်လက်ဖော်ပြပါမည်။**

**"သူတကာအိပ်စက်နေချိန်၌ ဦးကောင်းမိုးမှာ လှုပ်လှုပ်ရှားရှား ဖြစ်နေတတ်သည်။**
**အိမ်အတွင်း ဟိုမှသည်မှ စကြံလျှောက်နေတတ်သည်။**
**တစ်ခါတစ်ရံ ဦးကောင်းမိုးသည် တစ်ကိုယ်တည်း စကားပြောနေတတ်သည်။**
**တစ်ကိုယ်တည်း ရယ်မောနေတတ်သည်။**
**တစ်ခါတစ်ရံတွင်မူ အိပ်စက်နေသူတို့ အိပ်ရာမှ အလန့်လန့်အဖျပ်ဖျပ်**
**နိုးလာရလောက်အောင် ဆူညံကျယ်လောင်သော အသံဗလံများကို ကြားရသည်။**
**ယင်းအသံကား သေလုမြောပါး အော်ဟစ်သံဖြစ်သည်။**
**အကြောက်ကြောက်အရွံ့ရွံ့နှင့် ငယ်သံပါအောင် အော်လိုက်သော . . ."**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ကမ္ဘာပေါ်ရှိ ထိုင်းတော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မဟာဗောဓိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြောင်းနှိုးဆော်ခြင်း









[illegible]

[illegible]

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ငြိမ်းချမ်းရေးဆိုင်ရာဆောင်ရွက်လျက်ရှိသည့် အခြေအနေ

**အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ညှိနှိုင်းရေးကော်မတီ စတဲ့ကော်မတီ ၃ ရပ်ကိုဖွဲ့စည်းခဲ့ပြီး ဆောင်ရွက်နေလျက်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ညှိနှိုင်းရေးကော်မတီဟာ ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ၁၆ ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်းမပြုသေးတဲ့ EAO တွေနဲ့ ၉ ကြိမ်၊ နိုင်ငံရေးပါတီတွေနဲ့ ၇ ကြိမ်၊ ဘာသာရေးခေါင်းဆောင်တွေ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့တွေနဲ့ ၂ ကြိမ် စုစုပေါင်း ၃၄ ကြိမ်တွေ့ဆုံခဲ့ပါတယ်။**

**တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှစပြီး ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း အကြိမ်(၂၀)ပြုလုပ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းမှာ ကမ္ဘောဒီးယားဝန်ကြီးချုပ်နဲ့တွေ့ဆုံမှုအပြီး နှစ်နိုင်ငံသဘောတူထုတ်ပြန်ချက်မှာ ယခုနှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(၁)နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)


ကျုံမကူးချောင်းသံကူကွန်ကရစ်တံတား ပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။

## အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ကျိုက်ထိုမြို့နယ်ရှိ ကျုံမကူးချောင်း သံကူကွန်ကရစ်တံတား ပျက်စီး

**နေပြည်တော် မတ် ၃**

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် မြို့နယ်အချို့၌ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့်အပြင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော အခြေခံအဆောက်အအုံများဖြစ်သည့် စာသင်ကျောင်းများ၊ ဆေးရုံများ၊ အစိုးရရုံးဌာနများ၊ အများပြည်သူနှင့်သက်ဆိုင်သော စီးပွားရေးအဆောက်အအုံများ၊ နေအိမ်အဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများကို ဆင်ခြင်တုံတရားမဲ့စွာ လုပ်ဆောင်လျက်ရှိသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❖

## ပြည်တွင်းဈေးကွက် ပြန်လည်မြှင့်တင်ရန် တိုင်းရင်းသား ထုတ်ကုန်မြှင့်တင်ပြပွဲ မန္တလေးမြို့၌ ငါးရက်ကြာ ကျင်းပ

**မန္တလေး မတ် ၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသစုံမှ ထုတ်လုပ်ကြသည့် တိုင်းရင်းသားထုတ်ကုန်များကို ပြည်တွင်းဈေးကွက်၌ ပြန်လည်မြှင့်တင်ရန်နှင့် ဈေးကွက်ချိတ်ဆက်မှုရရှိစေရန် တိုင်းရင်းသားထုတ်ကုန် မြှင့်တင်ပြပွဲကို မန္တလေးမြို့၌ မတ် ၂ ရက်မှစ၍ ငါးရက်ကြာခင်းကျင်းပြသနေကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သက်သက်နိုင်က ပြောသည်။

**ခင်းကျင်းပြသလျက်ရှိ**

အဆိုပါ တိုင်းရင်းသားထုတ်ကုန်မြှင့်တင်ပြပွဲကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် The Capital Mall Mandalay တို့ ပူးပေါင်းပြီး မတ် ၂ ရက်မှ ၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီအထိ မန္တလေးမြို့ လမ်း ၈၀၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြားရှိ The Capital Mall Mandalay ၏ ဒုတိယထပ်တွင် ပြခန်းပေါင်း ၃၀ ဖြင့် ငါးရက်ကြာ ခင်းကျင်းပြသလျက်ရှိကြောင်း၊ ပြပွဲပြုလုပ်ပေးရခြင်းသည် တိုင်းရင်းသားထုတ်ကုန်များကို လူသိများစေရန်နှင့် ဈေးကွက် ချိတ်ဆက်မှုရရှိစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

"တိုင်းရင်းသားထုတ်ကုန်ပြပွဲကို မန္တလေးမြို့မှာ ငါးရက်ကြာပြုလုပ်ခင်းကျင်းပြသနေပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်ဒေသစုံက ထုတ်တဲ့ကုန်တွေကို ပြသနေတာပါ။ တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုကြိုဆိုတဲ့ အထိမ်းအမှတ်အဖြစ် ကျင်းပတဲ့ တိုင်းရင်းသားထုတ်ကုန်ပြပွဲလည်းဖြစ်ပါတယ်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❍


**ယနေ့ ဖတ်စရာ**

ရန်ကုန်မြို့ရှိ တက္ကစီအရောင်းအဝယ်ဈေးကွက်၌ ဆီစားသက်သာသော ကားလေးများအပါအဝင် ဂက်စ်ကားများအား ကြိုက်ရောင်းကြိုက်ဝယ်မှုများရှိလာ စာမျက်နှာ » ၁၀

ရှုရှား-ယူကရိန်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ မကြာမီစတင်မည် စာမျက်နှာ » ၁၃

မွန်ပြည်နယ် သထုံမြို့နယ်၌ အမှတ်(၉၀)အစုန် ရထားအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက် စာမျက်နှာ » ၁၅

ချယ်လ်ဆီးအသင်းကို ရောင်းချဖို့ စီစဉ်နေပြီဖြစ်တဲ့ အသင်းပိုင်ရှင် အေဘရာမိုဗစ်ချ် စာမျက်နှာ » ၂၁